မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ်

# the CBCM Herald

မနက်ဖြန်နေ့အတွက် မစိုးရိမ် ကြနှင့်။ မနက်ဖြန်နေ့သည် မိမိကိုယ်တိုင်တွက် စိုးရိမ် လိမ့်မည်။ တစ်နေ့တာ ကြုံတွေ့ရသည့် စိုးရိမ် ပူပန်ခြင်းများသည် ထိုနေ့ အတွက် လုံလောက်ပေ၏။
မာတေဦး ၆း၃၄

ဖေဖော်ဝါရီလ ၂၀၁၉ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၄) အမှတ် (၂)






စာ - ၁၃

## မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် CBCM ၏ ၂၀၁၉-ခုနှစ်၊ ပထမ(၆)လပတ် မျက်နှာစုံညီအစည်းအဝေး



စာ - ၈



စာ - ၈

**မြစ်ဆုံ ရေကာတာ ဆောက်လုပ်ခြင်းကို အပြီးအပိုင် ရပ်တန့်ရေး ဝိုင်းဝန်း လုပ်ဆောင်ကြရန် ကာဒီနယ်ချားလ်စ်ဘို၏ သဝဏ်လွှာ**



စာ - ၈

**တောင်ငူ ဂိုဏ်းအုပ်သာသနာ လိဗ်သို တိုက်နယ်တွင် ကလေးသူငယ်များ ပွဲတော်နှင့်အတူ ၄ ရက်တာ ဘုရားစကား သင်တန်းပို့ချခဲ့ပြီး ကလေးသူငယ် (၆၀၈) ဦးထိ ပါဝင်ခဲ့**

ညောင်လေးပင် လုဒ်မယ်တော်သခင်မ ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ - ၉ ရက် အထိ နိုဗီနာ ပြုလုပ်မည် ဖြစ်ပြီး ဖေဖော်ဝါရီ ၉ ရက် ည ၁၀း၃၀ နာရီတွင် မယ်တော်အား ဂုဏ်ပြုသော မဏ္ဍပ်ပြတရာတော်မြတ်ကြီး ကျင်းပပြီး အလံချခြင်း အခမ်းအနားရှိမည်ဖြစ်ပါသည်။

## အယ်ဒီတာ့ အာဘော်

### လူငယ်များနှင့်အတူ ခရီးပြုနေသော သာသနာတော်

၁၉၈၅ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ်အဖြစ် ကမ္ဘာ့ကုလ သမ္မဂ က သတ်မှတ်ခဲ့သကဲ့သို့ ရဟန္တာ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် (၂) ကလည်း ကက်သလစ် သာသနာတော်တွင် ထိုနှစ်ကို လူငယ်များနှစ်အဖြစ်သတ်မှတ်ကာ ကမ္ဘာ့လူငယ်များနေ့ ကိုလည်း သတ်မှတက်ကာ နှစ်စဉ် ကျင်းပစေခဲ့သည်။ ထိုနှစ်မှစတင်ကာ မေတ္တာပန်းဝေ တနင်္ဂနွေနေ့ကို ကမ္ဘာ့လူငယ်များနေ့ အဖြစ် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် သာသနာအလိုက် နှစ်စဉ် ကျင်းပခဲ့သည်။ ကမ္ဘာတစ်ဝှမ်းလုံး အတိုင်းအတာဖြင့် တစ်နေရာတည်းတွင် စုရုံး ကျင်းပ ခြင်းကို ၂ နှစ် သို့မဟုတ် ၃ နှစ် တစ်ကြိမ်ပြုလုပ်ခဲ့သည်။ ထိုသို့ကျင်းပရာတွင်လည်း အိမ်ရှင်နိုင်ငံကို အလှည့်ကျ ရွေးချယ်ခြင်းဖြင့် လူငယ်များအား ကမ္ဘာတစ်ဝှမ်းလုံး၏ ယဉ်ကျေးမှု ဓလေ့ထုံး စံ များနှင့် ထိတွေ့နိုင်ခွင့်ကို ရစေသည်။ ကမ္ဘာတစ်ဝှမ်းမှ လူငယ်များ စုရုံးလာသည့် ကမ္ဘာ့ လူငယ်များနေ့ကိုမူ မေတ္တာပန်း တနင်္ဂနွေနေ့တွင် ကျင်းပခြင်းမရှိဘဲ အိမ်ရှင်နိုင်ငံ၏ အသင့်တော်ဆုံးနေ့ရက်များတွင် ကျင်းပလေ့ရှိသည်။

၂၀၁၉ ခုနှစ်တွင် ကျရောက်သော ၃၄ ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့ကို လက်တင်အမေရိက၏ မထင်မရှား ဖြစ်သော ပနားမား နိုင်ငံတွင် ဇန္နဝါရီလ ၂၂ မှ ၂၇ ရက်များ တွင် ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားတွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်က အသင်းတော်သည် လူငယ်များနှင့်အတူ လျှောက်လှမ်းနေသကဲ့သို့ လူငယ်များသည် အသင်းတော်၏ ဝမ်းမြောက်ခြင်း နှင့် မျှော်လင့်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ကမ္ဘာ့လူငယ်များနေ့သည် ကက်သလစ် သာသနာတော် အတွက်လည်းကောင်း၊ ကမ္ဘာကြီး တစ်ခုလုံးအတွက် လည်းကောင်း ယုံကြည်ခြင်းကို သက်သေခံခြင်း ဖြစ်သည်ဟု အားပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ရဟန္တာ ဂျွန်ပေါလ် (၂) အချိန်မှ စတင်ကာ ယနေ့တိုင် လူငယ်များအား ပေးသော သတင်းစကားမှာ လူငယ်များသည် အသင်းတော်၏ အနာဂတ်ဖြစ်ရုံမက ပစ္စုပ္ပန်လည်း ဖြစ်သည်၊ လူငယ်တို့သည် အသင်းတော်၏ အသက်သွေးကြော ဖြစ်သည်၊ အသင်းတော်သည် လူငယ်များကို တန်ဘိုးထားသလို မျှော်လင့်ချက်လည်း ထား ရှိသည်။ လူငယ်များအား အစဉ်တစိုက်တောင်းဆိုခဲ့သော အချက်မှာ ခရစ်တော်၏ သက်သေခံများ၊ ယုံကြည်ခြင်း၏ သက်သေခံများ၊ မေတ္တာတရား၏ တမန်တော်များ ဖြစ်ကြရန် ဖိတ်ခေါ်သည်။ လူငယ်တစ်၏ စွမ်းအားများကို အကောင်းဆုံး အသုံးပြုကြရန်၊ လူငယ်ဟူသည့် အရည်အသွေးများ - အမှန်တရားကို မြတ်နိုးခြင်း၊ လွတ်လပ်စွာ တီထွင် ဖန်တီးလိုခြင်း၊ အသစ်အဆန်းကို ရှာဖွေရာတွင် စွန့်လွှတ်စွန့်စားရဲခြင်း၊ လျင်မြန် ဖြတ်လပ်ခြင်း၊ ဖွဲ့စိတ်ထက်သန်ခြင်း - စသည်တို့ကို အလဟဿမဖြစ်စေဘဲ အကောင်းဆုံး အသုံးပြုကြရန် အကြံပြုသည်။

လူငယ်များ လက်တွေ့ရင်ဆိုင်နေကြရသော စိန်ခေါ်မှုများကိုလည်း အသင်းတော်မှ အသိအမှတ်ပြုကာ လက်တွဲ ဖေးကူနိုင်ရန် ကြိုးစားလျက်ရှိသည်။ လူငယ်များအကြား အထီးကျန်မှု၊ အလုပ်လက်မဲ့၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု စသည်တို့က အစဉ် ခြိမ်းခြောက်လျက်ရှိသည်။ ရဟန်းမင်းကြီး အဆက်ဆက် လူငယ်များအား အားပေးသည့် စကားမှာ "မကြောက်ပါနဲ့" ဖြစ်သည်။ ကြောက်စိတ်သည် လူငယ်များအား ချုပ်နှောင်ထားသောအရာ ဖြစ်သဖြင့် ထိုစိတ်ကို မှန်ကန်စွာ ထိုးဖေါက်နိုင်စွမ်းရှိရန်လိုသည်။ မမှန်ကန်သော နည်းလမ်းများဖြင့် ကြောက်စိတ်ကို တွန်းလှန်သောအခါ နှောင်တရစရာများ ပြုလုပ်တတ်သည်။

သာသနာတော် အနေနှင့် လူငယ်များနှင့်အတူ ရှေ့ဆက်ခရီးပြုလိုခြင်း ဆန္ဒကို အပြောသက်သက်မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်လျက်ရှိသည်။ ကမ္ဘာ့လူငယ်များနေ့ ကျင်းပရုံသက်သက်မဟုတ်ဘဲ လူငယ်များအတွက် ဆရာတော်ကြီးများ၏ ညီလာခံကို ၂၀၁၈ ခုနှစ် အောက်တိုဘာလက အောင်မြင်စွာ ကျင်းပခဲ့သည်။ ဂိုဏ်းချုပ်/ဂိုဏ်းအုပ် သာသနာတိုင်း၊ သာသနာအုပ်စုတိုင်းတွင် လူငယ်တမန်တော် လုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်သည်ကိုလည်း လမ်းညွှန်ချက်များ ချမှတ်ထားသည်။

ကက်သလစ် သာသနာတော်သည် အသစ်သော ပင်တေကော့စတေ အတွေ့အကြုံကို လက်ကမ်းကြိုလျက် လူငယ်များနှင့်အတူ အသင်းတော်၏ အစဉ်သစ်လွင်ခြင်းနှင့် နုပျိုခြင်းကို နီးကြားစွာ ရှာဖွေလိုသည် ဟု ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ပနားမားတွင် စုရုံးရောက်ရှိလာကြသောသ လူငယ်များအား အဖွင့် မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ရောမမြို့တွင် ညီလာခံ၌ ပါဝင်တက်ရောက်ရင်း ကာဒီနယ် ချားလ်စ်ဘို နှင့် ဆရာတော် ဖရန်စစ် ဒေါ်တန် တို့၏ မြန်မာပြည်တစ်ဝှမ်းမှ လူငယ်များထံပေးပို့သော စာတွင်လည်း မြန်မာပြည် ကက်သလစ် သာသနာတော်သည် လူငယ်များအား ပိုမိုအလေးထားမည်ဟု ရေးသားခဲ့သည်။

လူငယ်များနှင့် ကက်သလစ်သာသနာတော်သည် အပြန်အလှန်မှီခိုခြင်း၊ အပြန်အလှန် အကျိုးပြုခြင်းတို့ဖြင့် ခရစ်တော်၏ ရည်မှန်းချက်ဖြစ်သော လူသားများအကြား ဘုရားသခင်၏ နိုင်ငံ တော်တည်ဆောက်ခြင်းကို ပြည့်ဝစေနိုင်မည် ဖြစ်သည်။








**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**နာယက**
ဆရာတော် ပီတာလွီစ် ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် မာရီယာနို စိုးနိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

**ဒီဇိုင်းဖွဲ့စည်းပုံ**
ဖါသာရ် စိုးနိုင် ၊ ရိစ့်မေရီ

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ဖြန့်ချီရေးတာဝန်ခံများ**
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

**ဆက်သွယ်ရန်**
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# အ၃၄မ ၊ န၀မ နှင့် ဒသမ ပညတ်တော်

သီကိုရှင်း

အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တွေ့ဆုံနေကြ လူထု ပရိသတ်အား ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်မှ အ၃၄မ ပညတ်တော်နဲ့ ပတ်သက်ပြီး ဆက်လက် သွန်သင် ခဲ့ပါတယ်။

## အ၃၄မ ပညတ်တော်

"မုသား သက်သေခံခြင်းကို မပြုနှင့်" ဆိုတဲ့ ပညတ်တော်ကို မြတ်သောအယူဝါဒ နံပါတ် ၂၄၆၄ မှာ သွန်သင်ထားတာ ရှိပါတယ်။ တလွဲ ပြောဆို ပြုမူ နေထိုင်ခြင်းဟာ ဆိုးဝါးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှန်တရားအတိုင်း မနေထိုင်တဲ့ဘဝက အချင်းချင်း ပေါင်းသင်း ဆက်ဆံရေးနဲ့ ချစ်ခြင်းမေတ္တာ တရားကိုပါ ဖျက်ဆီးပစ်လိုက် နိုင်ပါတယ်။ မုသားရှိတဲ့ နေရာမှာ မေတ္တာမရှိ။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောဆို ဆက်သွယ် တဲ့အခါမှာ စကားချည်းပဲ ကျွန်ုပ်တို့ မပြောကြဘူး။ လက်ဟန်ခြေဟန် ကိုယ်အနေထား၊ စိတ်သဘောထားတွေပါ ပါဝင်လာတယ်။ လူတိုင်းက တစ်ယောက်နဲ့ တစ်ယောက် နေ့စဉ် ပြောဆို ဆက်သွယ် နေကြရတယ်။ မုသားလေးတွေနဲ့ အမှန်တရားတွေကြား ဗျာများကြရတာလည်း ရှိတယ်။

အမှန်ကို ပြောရမယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ ရိုးရိုးသားသားပြောဖို့ ဆိုလိုတာလား။ လိုရင်းတိုရင်းကို ပြောတာလား။ စကားကို လိပ်ပက်လည်အောင် ပြောတတ်တိုင်းလည်း မှန်ကန်တယ်လို့ မဆိုနိုင်ဘူး။ တခါတလေ ကိုယ်မမှားကြောင်း စကားတွေနဲ့ အချက်ကျကျ ပြောတတ်ကြတယ်။ ကိုယ် ခံစားရတာ ကိုယ်ပြောတယ်။ မှန်တယ်။ သင့်ရဲ့ ရှုထောင့်ကကြည့်ပြီး သင့်ရဲ့ အမှန်တရားကို ချပြတယ်။ ဒါဟာ သင့်ရဲ့ တစ်ဖက်ကပဲ ရှိသေးတယ်။ တခြား တစ်ဖက်မှာလည်း အမှန်တရားက ရှိနိုင်သေးတယ်။ ဒီအမှန်တရားကို ဝှက်ထားပြီး အတင်းပြောတာကလည်း အချင်းချင်း ဆက်ဆံရေးကို ဖျက်ဆီးလိုက်နိုင်တယ်။ အတင်းပြောခြင်းက သူများရဲ့ ဘဝကိုလည်း သတ်ပစ်လိုက်နိုင်တယ်။ လျှာဆိုတာ ဓါးတစ် ချောင်းလိုပဲ။ သတိထားရမယ်။ အတင်းပြောတဲ့သူတွေက အကြမ်းဖက်သမားတွေလို ဗုံးကြဲပြီး ထွက်ပြေးသွားတတ်တယ်။ လျှာဗုံးကြဲပြီး သူတို့က ထွက်ပြေးသွားပေမဲ့ တခြားသူတွေကတော့ ဂုဏ်သိက္ခာတွေ ပျက်စီးသွားရတယ်။ ဒါကြောင့် အတင်းပြောခြင်းက သူများရဲ့ ဘဝတွေကို သတ်နိုင်တယ်ဆိုတာ မမေ့ပါနဲ့။

အမှန်တရားဆိုတာ ဘာလဲလို့ ပီလတ်တူးမင်းက သခင်ယေရှုကို မေးခဲ့ဖူးတယ်။ ကိုယ်တော်က "အမှန်တရား အတွက်နဲ့ အမှန်တရားကို သက်သေခံဖို့ ငါလာခြင်းဖြစ်တယ်" ဆိုခဲ့တယ်။ ခရစ်တော်က သူ့ရဲ့ ဝေဒနာဒုက္ခခံခြင်း၊ သေခြင်းတရားအားဖြင့် အမှန်တရားကို သက်သေခံသွားခဲ့တယ်။ ကိုယ်တော်ပြောတဲ့ စကားတွေမှာ ရှေ့တစ်မျိုး နောက်တစ်မျိုး မရှိခဲ့ဘူး။ ပီလတ်တူးမင်းက ဘယ်လောက်မေးမေး ကိုယ်တော့်ရဲ့စကားက မပြောင်းလဲသွားဘူး။ ငါသည် အမှန်တရားဖြစ်၏ လို့ ကိုယ်တော်က မိန့်ခဲ့ဖူးတယ်။ အမှန်တရားက ခရစ်တော်၌ ရှိခဲ့တယ်။ ကိုယ်တော်ရဲ့ ရှင်သန်ခြင်း၊ ပြောဆိုဆက်ဆံခြင်းတွေမှာ အမှန်တရားနဲ့ ပြည့်ဝခဲ့တယ်။

ကျွန်ုပ်တို့ လူသားတိုင်းကလည်း နေ့စဉ်ပြောဆိုကြတဲ့ အခါ အမှန်တရားကို ပြောရင်ပြောမယ်။ မဟုတ်ရင်



အမှန်တရားကို ငြင်းပယ်လိမ့်မယ်။ အသေးအမွှားလေးက အစ အကြီးမားဆုံးသော ဆုံးဖြတ်ချက်ကိစ္စအဆုံး အမှန်မဟုတ်ရင် မုသားတစ်ခုခုတော့ ပြောကြတယ်။ ငယ်စဉ်အခါက လူကြီးတွေရှေ့မှာ လိမ်ပြောရင် မလိမ်ညာဖို့ အမှန်တိုင်း ပြောဖို့ လူကြီးသူမတွေက ဆုံးမတာတွေရှိတယ်။ မိမိကိုယ်ကို မေးကြည့်ရအောင်။ အမှန်တရားကို ကျွန်ုပ်တို့ ပြောနေ ကြလား။ ပြုမူနေကြလား။ အမှန်တရားကို သက်သေခံနေလား။ ဒါမှမဟုတ် မုသားသက်သေခံနေကြလား။ ဘုရားရဲ့ သားသမီးတွေဖြစ်တဲ့ ကျွန်ုပ်တို့ကို အဖဘုရားရှင်က လူသားအချင်းချင်း မှန်ကန်စွာ မေတ္တာတရားနဲ့ ဆက်ဆံကြဖို့ အလင်းပြ ခွန်အားပေးနေတယ်။ စကားတွေနဲ့ အမှန်တရားကို ပြောလို့ မရတော့ဘူး။ ဘဝနေထိုင်ပုံတွေမှာလည်း အမှန်တရား ရှိရမယ်။ မိမိဟာ မှန်ကန်စွာ ပြောဆိုနေထိုင်တယ်ဆိုတာကို သူများတွေ မြင်တွေ့အောင်လည်း သက်သေခံရမယ်။

(နိုဝင်ဘာလ ၁၄၊ ၂၀၁၈)

## န၀မနှင့် ဒသမ ပညတ်တော်

ပညတ်တော်တွေအကြောင်း သွန်သင်နေခဲ့တာ ဒီတစ်ပတ်မှာတော့ နောက်ဆုံး ပညတ်တော် နှစ်ခုကို ရောက်လာပါပြီ။ နောက်ဆုံး ပညတ်တော်တွေ ဆိုပေမဲ့ အရေးမကြီးလို့မဟုတ်ဘူး။ ပညတ်တော်တွေအားလုံးကို ဖြည့်စွက်ပေးတဲ့ ပြည့်စုံခြင်း လို့ ဆိုရမယ့် ပညတ်တော်တွေ ဖြစ်ပါတယ်။ "သူများ သားမယားကို မပစ်မှားနဲ့" "သူများ ပစ္စည်းဥစ္စာကို လိုချင်တပ်မက်စိတ်မရှိနဲ့" ဆိုတဲ့ ဒီပညတ်တော်တွေက ကာမဂုဏ်အမှုနှင့် ခိုးယူခြင်းတို့ကို ပြောပြနေတယ်။ ဒီထက်ပိုပြီး ဘာတွေများ ဆိုလိုချင်သေးလဲဆို တာကို ကြည့်ရအောင်။

ပညတ်တော်ဆိုတာ ဘဝကို နယ်နိမိတ် ကန့်သတ်လိုက်ခြင်းဖြစ်တယ်ဆိုတာကိုတော့ နားလည်ရမယ်။ အဲ့ဒီ နယ်နိမိတ်ကို ကျော်ရင် လူက သူကိုယ်တိုင်ကိုရော၊ သူတစ်ပါးကိုရော ဖျက်ဆီးလိုက်နိုင်သလို ဘုရားနှင့် ဆက်နွယ်မှုကိုလည်း ပြတ်တောက်သွားစေနိုင်တယ်။ ဒါကြောင့် ပညတ်ချက်တွေဆိုတာ ရှိလာရတယ်။ လူ့ စိတ်ထဲမှာရှိတဲ့ အပြစ် ဒုစရိုက်ကို ဦးတည်ချင်တဲ့ ဇစ်မြစ်ဆိုတာရှိလို့ ပညတ်ချက်တွေကို ပေးရခြင်း ဖြစ်တယ်။ အပြစ်အားလုံးက မကောင်းမှုကို ပြုချင်တဲ့စိတ်က မြစ်ဖျားခံလာတယ်။ ဒါကြောင့် သခင်ယေရှုက အတိအလင်း မိန့်မြွက်ခဲ့တာပါ။ "လူ့နှလုံးသား အတွင်းကနေသာ မကောင်းတဲ့အတွေး၊ လောဘစိတ်၊ သတ်ဖြတ်ခြင်း၊ ဖောက်ပြန်ခြင်း၊ မနာလိုခြင်း၊ မာနထောင်လွှားခြင်း၊ ရူးမိုက်ခြင်းတွေ အားလုံး လာတယ်" (မာကု ၇ း ၂၁ -၂၃)။

ပညတ်ချက်တွေကို နှလုံးသားနဲ့ ကျင့်ရမယ် ဆိုတာကို နားမလည်သေးရင်တော့ အပြစ်ပြုချင်တဲ့ မကောင်းစိတ်ကို ကျော်လွှားနိုင်မှာ မဟုတ်သေးဘူး။ နောက်ဆုံး ပညတ်တော်တွေက နှလုံးသားနဲ့ဆိုင် တယ်။ နှလုံးသားမှာ ဖြစ်တည်တဲ့ အရာတွေကို သတိထားဖို့ ပြောခြင်းဖြစ်တယ်။ နှလုံးသားက မလွတ်မြောက်သေးရင် ကျန်တဲ့ အသေးအမွှားတွေမှာလည်း ရည်ရွယ်ချက်တွေမဲ့နေဦးမယ်။ နှလုံးသားထဲ မစိမ့်ဝင်သေးရင် ဘုရားသမီး မဖြစ်သေး ဘဲ အပြစ်ရဲ့ ကျေးကျွန်ဘဝမှာပဲ ရှိနေမှာပါ။

ဒါကြောင့် ပညတ်တော်တွေကို စိတ်ရောကိုယ်ပါ လိုက်နာကျင့်ကြံဖို့လိုတယ်။ မိမိကိုယ်ကို တစ်ချက်လောက် မေးကြည့်ရအောင်။ ကိုယ်မကြိုက်ဆုံး တပ်မက်တဲ့မကောင်းမှုက ဘာများ ဖြစ်နေမလဲ။ မနာလိုတာလား၊ လောဘကြီးတာလား၊ အတင်းပြောတာလား။ အားလုံးက အတွင်းကပဲ လာတယ်။ သေချာစစ်ဆေးကြည့်ပါ။ ကိုယ့်အတွက် အကျိုးရှိလိမ့်မယ်။ မိမိ အားနည်းဆုံး အပြစ်အနာဆာကို သိမှ ဘုရားရဲ့ အကူညီကို တောင်းလျှောက်လိမ့်မယ်။ ဒါက သင့်တို့ကို နိမ့်ချခြင်းဆီကို ဦးတည်ပေးတယ်။ ဒီလိုနဲ့ သင့်ရဲ့ကယ်တင်ခြင်းကို ပညတ်တော်တွေက ပို့ဆောင်ပေးလိမ့်မယ်။ ပညတ်တရား တွေက အမှန်တရားကို ဦးတည်ပြီး ဘုရားနဲ့ လူ စစ်မှန်စွာ ဆက်သွယ်ပေါင်းစပ်နိုင်ရေးကို ကူညီပေးပါတယ်။ ဒီလိုနဲ့ ဘုရား ရဲ့ ကရုဏာကို ခံစားရပြီး အသစ်ပြုပြင်ခံရမယ်။ ဘုရားသခင်သာလျှင် လူရဲ့နှလုံးသားကို အသစ်ပြုပြင်နိုင်တယ်။ ကျွန်ုပ်တို့ဖက်က နှလုံးသားတွေကိုတော့ ဖွင့်ထားဖို့ လိုလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်ုပ်တို့တွေဟာ သူတောင်းစားတွေနဲ့ မခြားမနား ဘုရားသခင်ထံမှာ တောင်းခံနေရသူတွေ ဖြစ်ကြောင်း သင်ကြားပေးနေတယ်။ နှလုံးသားရဲ့ အခက်ခဲရုန်းကန်မှုကို ရင်ဆိုင်ဖို့ အကူညီပေးတယ်။ အတ္တဘောင်အတွင်းမှာ မရှင်သန်ဘဲ ဘုရားသခင်ရှေ့မှာ မှန်ကန်စွာ နေထိုင်ပြီး မိမိကိုယ်ကို သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျေးဇူး အားသစ်လောင်းခြင်း ခံရဖို့ အထောက်အကူ ပြုတဲ့ အရာတွေဖြစ်တယ်ဆိုတာကို နားလည်ရမယ်။ ဝိညာဉ်တော် ဘုရားက ကျွန်ုပ်တို့ကို လမ်းပြညွှန်တဲ့ အလင်းပေးသူ ဆရာသမားပဲ။ ကျွန်ုပ်တို့ဟာ တောင်းခံသူတွေ ဖြစ်တယ်ဆိုတာကို မမေ့လျော့နဲ့။ ဒါကြောင့် ဝိညာဉ်တော်ဘုရားရဲ့ အလင်းပေးမှုကို ခံယူပြီး ပညတ်တော်တွေကို နှလုံးသားထဲကနေ ကျင့်ဆောက်တည်နိုင်ဖို့ ကျေးဇူးတော်တွေကို တောင်းခံသွားကြပါစို့။

(နိုဝင်ဘာလ ၂၁၊ ၂၀၁၈)

*My dear young people,*
*you are not the tomorrow,*
*you are not the 'meantime',*
*you are the Now of God''.*

ချစ်လှစွာသော လူငယ်မောင်မယ်အပေါင်းတို့
သင်တို့ဟာ မနက်ဖြန်မဟုတ်ဘူး
သင်တို့ဟာ လတ်တလောအချိန်မဟုတ်ဘူး
သင်တို့ဟာ ဘုရားရဲ့ အခုချိန် ဖြစ်တယ်။

# ၂၀၁၉ ခုနှစ် တွင် လုပ်ငန်း တာဝန် များပြားမည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်

ပုပ်ဖရန်စစ်သည် အလုပ်များမည့် ၂၀၁၉ ခုနှစ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည်။ အာရပ်စော်ဘွား ပြည်ထောင်စု၊ ပနားမား၊ မောရိုကို၊ ဘူဂေးရီးယားနှင့် မက်ဆီဒိုးနီးယား (ယခင် ယူဂိုဆလားဗီးယား နိုင်ငံ) များသို့ တစ်နှစ်အတွင်း သွားလာရန် ပြင်ဆင်ထားသည်။ ဖေဖဝါရီလတွင် ဗာတီကန်၌ အသင်းတော် ခေါင်းဆောင်ပိုင်း ဆရာတော်ကြီးများနှင့် လိင်ကိစ္စ အရှုပ်တော်ပုံအား အထူးပြု ဆွေးနွေးကြမည် ဖြစ်သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင်မူ ပုပ်ဖရန်စစ်သည် အမေဇုံဒေသတွင်း ကက်သလစ် ဆရာတော်ကြီးများ အစည်းအဝေးအား တက်ရောက်မည် ဖြစ်သည်။

ရေးသားပြုစုသူ Devin Watkins

## သံအမတ်ကြီးများနှင့် အစည်းအဝေးများ

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ပုပ်ဖရန်စစ်သည် ရဟန်းမင်းကြီး နိုင်ငံတော် Holy See သို့ တာဝန်ချထားခြင်း ခံရသော အပြည်ပြည်ဆိုင်ရာမှ သံအမတ်ကြီးများနှင့် နှစ်အလိုက် အစည်းအဝေး ကျင်းပမည် ဖြစ်သည်။ ထိုသို့သော အချိန်သမာယတွင် ပုပ်ဖရန်စစ်သည် အပြည်ပြည်ဆိုင်ရာ သံတမန် အသိုင်းအဝန်းအား အထူး သတင်းစကား ပါးလေ့ရှိသည်။ မနှစ်က ၂၀၁၈ ခုနှစ်တွင် ပုပ်ဖရန်စစ်သည် နိုင်ငံတကာ သံအမတ်များအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း နှစ် ၇၀ ပြည့် အခမ်းအနားအား အစွဲပြု၍ ယနေ့ခေတ် တတိယ ထောင်စုနှစ်များသို့ ချဉ်းနင်းဝင်နေရောက်နေချိန်၌ပင် ကမ္ဘာ့အဝှမ်းတွင် လူအများသည် လူ့အခွင့်အရေး ချိုးဖောက်ခံနေရကြောင်း အထူးပြု ပြောကြားခဲ့သည်။

## ပနားမားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့လူငယ်များ ပွဲနေ့

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ မှ စတင်၍ ဇန်နဝါရီလ ၂၈ ရက်နေ့အထိ ပုပ်ဖရန်စစ်သည် ၃၄ ကြိမ်မြောက် ကမ္ဘာ့လူငယ်များ ပွဲနေ့အတွက် ပနားမား နိုင်ငံသို့ ခရီးထွက်သွားလာရတော့မည် ဖြစ်သည်။ နိုဝင်ဘာလတွင် ထုတ်လွှင့်ခဲ့သော ပုပ်ဖရန်စစ်၏ ဗီဒီယို သတင်းစကားတွင် မိမိတို့၏ သက်တောင့်သက်သာဖြစ်သော ပတ်ဝန်းကျင်အား စွန့်ခွာ၍ ကမ္ဘာလောက ကောင်းစားဖို့ရန် မိမိတို့၏ အိမ်မက် မျှော်လင့်ချက်များ၊ အတွေးအမြင်များနှင့် ရဲရင့်ခြင်းတို့ဖြင့် အကောင်အထည် ဖော်ကြပါရန် လူငယ်များအား ဖိတ်ခေါ်ခဲ့သည်။

## အာရပ်စော်ဘွားများ ပြည်ထောင်စု ခရီးစဉ်

၂၀၁၉ ခုနှစ်၊ ဖေဖဝါရီလသည်လည်း ပုပ်ဖရန်စစ်အတွက် အလွန် အလုပ်များမည် ဖြစ်သည်။ ဖေဖဝါရီလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ပုပ်ဖရန်စစ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) သို့ ခရီးထွက်ရမည် ဖြစ်သည်။ ဤခရီးစဉ်ကြောင့် ပုပ်ဖရန်စစ်သည် UAE နိုင်ငံသို့ ပထမဆုံး ရောက်ရှိသည့် ရဟန်းမင်းကြီး အဖြစ် စံချိန်တင်ဦးမည် ဖြစ်သည်။ ခရီးစဉ်၏ အဓိက ခေါင်းစဉ် သတင်းစကားမှာ ဘာသာပေါင်းစုံ နီးနှောဖလှယ်ခြင်းနှင့် မတူညီသည့် ဘာသာတရားများအကြား တလုံးတဝတည်းရှိ၊ စည်းလုံးညီညွတ်မှု ဖြစ်သည်။ UAE နိုင်ငံ အနေဖြင့်လည်း ပုပ်ဖရန်စစ် လာရောက်လည်ပတ်သည့် ၂၀၁၉ ခုနှစ်အား ဘာသာရေး အစွန်းရောက်မှု မရှိသော ယဉ်ကျေးမှုအား မြှင့်တင်ရန် ရည်ရွယ်၍ UAE နိုင်ငံ၏ "သည်းခံ သဘောထားကြီးခြင်းနှစ်" (Year of Tolerance) အဖြစ် သတ်မှတ်ခဲ့သည်။

## ကာဒီနယ်များ ကောင်စီ အစည်းအဝေးနှင့် Curia ကူရီယာ ပြုပြင်ပြောင်းလဲမှု

ဖေဖဝါရီလ ၁၈ မှ ၂၀ ရက်နေ့ အထိ ၂၈ ကြိမ်မြောက် ကာဒီနယ်များ ကောင်စီ အစည်းအဝေးကို ဗာတီကန်၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။ အစည်းအဝေးတွင် အထူးပြု ဆွေးနွေးမည့် အကြောင်းအရာမှာ ရောမ ကူရီယာ အဖွဲ့ ၏ ဖွဲ့စည်းပုံပြဋ္ဌာန်းချက် the Constitution of Roman Curia ဖြစ်သော Pastor Bonus အား ပြန်လည် ဆန်းစစ်သုံးသပ်ရန် ဖြစ်သည်။ ရောမ ကူရီယာ အဖွဲ့ အတွက် ဖွဲ့စည်းပုံ အသစ်အား Praedicate Evangelium ခေါင်း စဉ်ဖြင့် ပုပ်ဖရန်စစ်က ဒီဇင်ဘာလက ဆွေးနွေး တင်ပြ ထားသည်။ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ ရည်ရွယ်ချက်မှာ သာသနာပြု အဓိကကက်သလစ် အသင်းတော်၏ လိုအပ်ချက်များအား အချိန်နှင့် တပြေးညီ တုန့်ပြန် ဆောင်ရွက် ပေးမည့် ဗာတီကန် အုပ်ချုပ်ရေး အဖွဲ့ ပေါ်ပေါက်လာရေး အတွက် ပံ့ပိုးပေးရန် ဖြစ်သည်။



ဇန္နဝါရီ ၂၂ ရက်နေ့က ပနားမားသို့ ရောက်ရှိလာသော ရဟန်း မင်းကြီးအား လေဆိပ်တွင် ကြိုဆိုစဉ်

## လိင်မှုအရှုပ်တော်ဆိုင်ရာ အစည်းအဝေး

၂၀၁၉ ခုနှစ် လူအများ အထူးပြု စောင့်စားနေသည့် အစည်းအဝေးကြီးမှာ ဗာတီကန်တွင် ဖေဖဝါရီလ ၂၁ မှ ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် လိင်မှု အရှုပ်တော်ပုံဆိုင်ရာ အစည်းအဝေးဖြစ်သည်။ ပုပ်ဖရန်စစ်သည် သက်ငယ်နှင့် ထိခိုက်လွယ်သော အသက်ပြည့်သူများအား လိင်အမြတ် ထုတ်မှုမှ ကာကွယ်ရန် နိုင်ငံများ အလိုက် ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌများအား ဖိတ်ခေါ် ဆွေးနွေးမည်ဖြစ်သည်။ ထိုအစည်းအဝေးသည် လိင်ပြစ်မှု အရှုပ်တော်ပုံအား တုံ့ပြန်ဖြေရှင်းရန် အရေးကြီးသည့် အစည်းအဝေးလည်း ဖြစ်ပေမည်။ ထိုအစည်းအဝေးတွင် လိင်မှု အရှုပ်တော်ပုံ သာမက ကက်သလစ် အသင်းတော် ခေါင်းဆောင်များ၏ဩဇာအာဏာ၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုမှုများ ကိုလည်း ထည့်သွင်း ဆွေးနွေးမည် ဖြစ်သည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ပုပ်ဖရန်စစ်သည် အမှန်တရားနှင့် တရားမျှတမှု လမ်းစဉ်အား အကောင်အထည် ဖော်ရာတွင် မည်သည့် ဆင်ခြေပေးမှုကိုမှ သည်းခံလိမ့်မည် မဟုတ်ဟု ရောမ ကူရီယာ အဖွဲ့ အား မိန့်ကြားခဲ့သည်။

## မော်ရိုကို ခရီးစဉ်

မတ်လ ၃၀ နှင့် ၃၁ တွင် ပုပ်ဖရန်စစ်သည် မြောက်အာဖရိကတိုက်ရှိ မော်ရိုကို နိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။ လွန်ခဲ့သော ၃၃ နှစ်က မော်ရိုကိုနိုင်ငံသို့ ပုပ်ရဟန်းမင်းကြီး စိန့်ဂျွန်ပေါလ် (၂) က ၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် သမိုင်းဝင် ခရီးစဉ်အဖြစ် ရောက်ရှိခဲ့ပြီး ပုပ်ဖရန်စစ်က ၂၀၁၉ ခုနှစ်တွင် လည်ပတ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ပုပ်ဖရန်စစ်သည်လည်း ရှေးယခင် အဆက် ဆက်မှ ရဟန်းမင်းကြီးများ နည်းတူ မော်ရိုကို နိုင်ငံအတွင်း ခရစ်ယာန်နှင့် မွတ်စလင် ဘာသာဝင်များ အကြား ပူးပေါင်း ဆောင်ရွက်မှု အားကောင်းစေရန်နှင့် ဘာသာပေါင်းစုံ ဆွေးနွေးနီးနှောပွဲများ ပြုလုပ်ရန် တိုက်တွန်းမည့် ခရီးစဉ် လည်း ဖြစ်ပေသည်။

## ဘူဂေးရီးယားနှင့် မက်ဆီဒိုးနီးယား နိုင်ငံများ ခရီးစဉ်

ဧပြီလတွင် ပုပ်ဖရန်စစ်သည် အီတလီကျွန်းဆွယ် အရှေ့ဘက်ရှိ အေဒရီယားတစ် ပင်လယ်ကြီးကို ဖြတ်ကျော်ကာ ဘူဂေးရီးယား နိုင်ငံနှင့် ယခင်က ယူဂိုစလားဗီးယား နိုင်ငံဟု လူသိခဲ့သော မက်ဆီဒိုးနီးယား နိုင်ငံများသို့ မေလ ၅ ရက်မှ ၇ ရက်နေ့ အထိ အလည်အပတ် သွားရောက်မည် ဖြစ်သည်။ ခရီးစဉ်အရ ပုပ်ဖရန်စစ်သည် ဘူဂေးရီးယား နိုင်ငံတွင် ဆိုဖီယာ Sofia နှင့် ရာကော့ဗ်စကီး Rakovski မြို့များသို့ သွားရောက်မည် ဖြစ်ပြီး မက်ဆီဒိုးနီးယား နိုင်ငံတွင်မူ Skopje စကုတ်ဂျေမြို့သို့ သွားရောက်မည် ဖြစ်သည်။ ထို Skopje မြို့သည် ကမ္ဘာကျော် နိုဘယ်ဆုရှင် မေတ္တာရှင် မာသာထရေဇာ၏ မွေးရပ်မြေ ဖြစ်သည်။ ထိုနှစ်နိုင်ငံတွင် ကက်သလစ် ခရစ်ယာန် အသိုင်းအဝန်း အနည်းငယ်သာ ရှိသော်လည်း လူများစုမှာ ဩသိုဒေါ့ အသင်းဂိုဏ်းမှ ခရစ်ယာန်များ ဖြစ်သည်။ ပုပ်ဖရန်စစ်သည် ထိုခရီးစဉ်၌ ခရစ်ယာန်များ ပေါင်းစည်းညီညွတ်ရေး Ecumenism အား အဓိက လုပ်ဆောင်မည်ဟု မှန်းဆရသည်။

## ပုပ်ဖရန်စစ်၏ ဂျပန် ခရီးစဉ်

ဂျပန် ခရီးစဉ်မှာ အတည်မပြုသေးပေ။ (ပနားမားသို့ သွားစဉ်လေယာဉ်ပေါ်၌ ဂျပန်ပြည်သို့ နိုဝင်ဘာလတွင် သွားမည် ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။) ပုပ်ဖရန်စစ်သည် ဂျပန်ဧည့်သည်များအား ဗာတီကန်တွင် တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ်၌ ဂျပန်သွားလိုပါသည်ဟု ပြောခဲ့သဖြင့် ပုပ်ဖရန်စစ် ၂၀၁၉ ခုနှစ်တွင် ဂျပန်သွားမည်ဟူသည့် သတင်း ထွက်လာခြင်း ဖြစ်သည်။ ထိုသို့ ပုပ်ဖရန်စစ်က ဂျပန် ယုံကြည်သူများနှင့် တွေ့ဆုံစဉ် ၁၅၈၅ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီ (၁၃) အား တွေ့ဆုံရန် ဂျပန် ခရစ်ယာန် ၄ ဦးအား ဂျေဆွိ အသင်းဂိုဏ်းမှ ရဟန်းများက ရောမသို့ ခေါ်ဆောင်လာသည့် ကိစ္စအား ပြန်ပြောင်း ပြောပြခဲ့သည်။

## အမေဇုံ ဒေသတွင်း ဆရာတော်ကြီးများ အစည်းအဝေး

၂၀၁၉ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ဆရာတော်ကြီးများ အစည်းအဝေးအား အမေဇုံ ဒေသတွင်း၌ ကျင်းပမည် ဖြစ်သည်။ ထိုအစည်းအဝေးသည် ခန့်မှန်းခြေ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်နိုင်သည်။ ပုပ်ဖရန်စစ် တင်ပြခဲ့သော အမေဇုံ ဒေသတွင်း ဆရာတော်ကြီးများ အစည်းအဝေး၏ ခေါင်းစဉ်မှာ "အမေဇုံဒေသ - အသင်းတော်အတွက် နှင့် ဘာဘာဝ ပတ်ဝန်းကျင် လုပစည်ပင်ရေးအတွက် လမ်းကြောင်းသစ်များ" ဟူ၍ ဖြစ်သည်။ ထိုအမေဇုံ အစည်းအဝေးတွင် နိုင်ငံ ၉ နိုင်ငံမှ ကက်သလစ် ဆရာတော်အဖွဲ့ချုပ် ၇ ဖွဲ့ လာရောက်စုဝေးကာ သဘာဝ ပတ်ဝန်းကျင် အပြင် အခြား ကိစ္စအရပ်ရပ်ကို ဆွေးနွေးကြမည် ဖြစ်သည်။

ဘာသာပြန်: Lawrence

# ဗာတီကန်ရှိ အပြည်ပြည်ဆိုင်ရာ သံအမတ်ကြီးများနှင့် ရဟန်းမင်းကြီး ဖရန့်စစ် တွေ့ဆုံခြင်း

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့

အပြည်ပြည်ဆိုင်ရာမှ သံအမတ်ကြီးများက ပုပ်ဖရန်စစ်အား "ပုပ်ဖရန်စစ်၏ လုပ်ဆောင်ချက်များ အတွက် လူသားထု တစ်ရပ်လုံးကိုယ်စား ကျေးဇူးတင်ပါသည်" ဟု ပြောခဲ့သည်။

ဆိုက်ပရပ်စ် နိုင်ငံ၏ သံအမတ်ကြီးသည် အပြည်ပြည်ဆိုင်ရာ သံအမတ်များ အားလုံးကို ကိုယ်စားပြု၍ ဗာတီကန် နိုင်ငံတော်အား ထောက်ခံကြောင်းနှင့် ၂၀၁၈ ခုနှစ်တွင်း ပုပ်ဖရန်စစ်၏ ဦးစားပေး လုပ်ငန်းများကို ပြန်လည်သုံးသပ်ပြခဲ့ပါသည်။



သံအမတ် အားလုံး၏ ကိုယ်စား၊ ဆိုက်ပရပ်စ် ကျွန်းနိုင်ငံ၏ သံအမတ်ကြီး ဂျော့ဂျ် ပူလိဒက်စ် သည် ဦးစွာ ပုပ် ဖရန်စစ် အား နှုတ်ခွန်းဆက် စကား ပြောကြားခဲ့သည်။ ပြောကြားရာတွင် ဗာတီကန်နိုင်ငံ၏ လုပ်ဆောင်ချက်များကိုလည်း ထောက်ခံအတည်ပြုခဲ့သည်။ ဆိုက်ပရပ်စ်ကျွန်း သံအမတ်ကြီးသည် ဗာတီကန် နိုင်ငံနှင့် တရားဝင် သံတမန် အဆက်အသွယ်ရှိသော ၁၈၃ နိုင်ငံကိုယ်စားပြု ပြောကြားခဲ့ခြင်း ဖြစ်သည်။

## စိန်ခေါ်မှုများ

သံအမတ်ကြီး ပူလိဒက်စ် က ပုပ်ဖရန်စစ်သည် "လူ့ဂုဏ်သိက္ခာအား အကာအကွယ်ပေးရန် အတွက် မမောမပမ်း ဖွဲ့လုံ့လဖြင့် လုပ်ဆောင်နိုင်သူ ဖြစ်ကာ၊ စစ်မှန်သော တရားမျှတမှု၊ လွတ်လပ်ခြင်းနှင့် ငြိမ်းချမ်းသော ကမ္ဘာကြီး တည်ဆောက်ရန် အုတ်မြစ် ထောက်တိုင်ကြီးဖြစ်သည်" ဟု ပြောကြားခဲ့သည်။

လူ့ အခွင့်အရေး အား ကာကွယ်စောင့် ရှောက်ရန် လုပ်ဆောင်ရမည့် တာဝန်များစွာ ကျန်ရှိနေသေးကြောင်း ၄င်းက အတည်ပြု ပြောကြားခဲ့သည်။ ထို့အပြင် ဆင်းရဲမွဲတေမှု၊ အငတ်ဘေး၊ လက်နက်ကိုင် ပဋိပက္ခများ၊ ကျွန်ပြုမှု ပုံစံအသစ်များ၊ ဘာသာရေး လွတ်လပ်ခွင့်အား ကန့်သတ်လာမှုများ၊ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းလာမှု၊ အနုမြူ လက်နက် ခြိမ်းခြောက်မှုများ နှင့် "ဖြေရှင်းရမည့် အခြား စိန်ခေါ်မှုအကြီးစားများ" တို့အကြောင်းလည်း ထည့်သွင်း ပြောကြားခဲ့သည်။

## ဖြေရှင်းချက်များ

ပုပ်ဖရန်စစ်သည် ယခုကဲ့သို့ နိုင်ငံအစိုးရအဖွဲ့ငြမ်းများနှင့် နိုင်ငံရေးသမားများအား ဖိတ်ကြားကာ "အထက်ဖော်ပြပါ ပြဿနာ အခက်အခဲများအား တုံ့ပြန်ဖြေရှင်းရန် ခိုင်မာသော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်" တိုက်တွန်းခဲ့သည့် လုပ်ဆောင်ချက်အား အသိအမှတ်ပြုပါကြောင်း ဆိုက်ပရပ်စ် သံအမတ်ကြီးက ပြောကြားခဲ့သည်။ ဖြေရှင်းချက်များသည် လူ့အခြေအနေ တစ်ခုလုံးအား ထည့်သွင်းစဉ်းစားရန် လိုအပ်သည်၊ "လူတစ်ဦးချင်းစီနှင့် လူထု၏ ဘုံအကျိုးအား မြှင့်တင်အားကောင်းစေခြင်း"အား ကက်သလစ် အသင်းတော်က "ပြီးပြည့်စုံသော လူ့ဖွံ့ဖြိုးရေး" (integral Human Development) ဟု ခေါ်ဆိုလေ့ရှိသည်။

သူက ဆက်လက်၍ ပုပ်ဖရန်စစ်၏ "နားထောင်ခြင်းနှင့် ကြိုဆိုလက်ခံခြင်း" သည် ကမ္ဘာတဝှမ်းတွင် ဖြစ်ပေါ်နေသော တခါသုံး အလေ့အထ (Throwaway Culture)၊ တုံ့ပြန်ဆောင်ရွက်ခြင်း မရှိတတ်သည့် ကမ္ဘာလုံးချီ အခြေအနေ တို့အတွက် ကုထုံးတစ်ခု ဖြစ်သည်ဟု ပြောခဲ့သည်။

## ပံ့ပိုးခြင်းများ

"ကမ္ဘာအဝှမ်း၌ ပဋိပက္ခကြောင့် ပြောင်းရွှေ့သွားလာသူများ၊ ဒုက္ခသည်များနှင့် ပတ်သက်၍ ထိရောက်သော လုပ်ဆောင် ချက်များ ပြုလုပ်ရန် အားပေးသော ဗာတီကန် နိုင်ငံ၏ အားကောင်းသော ပံ့ပိုးခြင်းများအား အသိအမှတ် ပြုပါကြောင်း" ဆက်လက် ပြောခဲ့သည်။ ဒုက္ခသည်များ အရေး ပံ့ပိုးပေးသော ပုပ်ဖရန်စစ်အား သံ အမတ်ကြီးက စကားလုံး လေးလုံးဖြင့် အသိအမှတ်ပြု ခဲ့သည်။ ၄င်းတို့မှာ "ကြိုဆိုခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ပေးခြင်းနှင့် တသားတည်းဖြစ်စေခြင်း" (welcoming, protecting, promoting, and integrating) ဟူ၍ ဖြစ်သည်။ "ငြိမ်းချမ်းရေး ဆိုင်ရာ ယဉ်ကျေးမှု အလေ့အထ" အား အကောင်အထည်ဖော် တည်ဆောက်ရန်နှင့် အပြန်အလှန် ဆွေးနွေးခြင်း ဒိုင်ယာလော့များ ပြုလုပ်ခြင်းဖြင့် ပြန်လည်ကျေအေး သင့်မြတ်မှုများ ရရှိရန် အတွက် ပုပ်ဖရန်စစ်၏ လုပ်ဆောင်ချက်များအား သံအမတ်ကြီးက ဥပမာပေး ဖော်ပြခဲ့သည်။ "ပုပ်ဖရန်စစ်၊ သင်သည် မတူညီသော ဘာသာတရားများ၏ အမှတ်သင်္ကေတများအားအား မပွန်းပဲ့စေပဲ ဘာသာတရားများ အကြား ဒိုင်ယာလော့ ဆွေးနွေးခြင်း အတွက် တံတားများ တည်ဆောက်နေပါသည်၊" ဟု သံအမတ်ကြီးက ချီးကျူးခဲ့သည်။

## လူငယ်နှင့် လူကြီး

သံအမတ်ကြီး ပူလိဒက်စ် သည် ပုပ်ဖရန်စစ်အား လူသားထုတစ်ရပ်လုံး ကိုယ်စား ကျေးဇူးတင်စကား ပြောခဲ့သည်။ ယင်းနောက် လူငယ်များ အကြောင်း အထူးပြု ပြောခဲ့သည်။ "ပုပ်ဖရန်စစ်သည် လူငယ်များအား မျှော်လင့်ချက် ပြည့်သော အနာဂတ်ဆီသို့ ဖိတ်ခေါ်ခဲ့သည်၊ ထိုမျှော်လင့်ချက်သည်လည်း ဘိုးဘေးများ၏ ရှေးဟောင်း အသိပညာများအား တန်ဖိုးထားသည့် မျှော်လင့်ချက် ဖြစ်သည်။" "လူငယ်နှင့် လူကြီး ပူးပေါင်း၍ လူသားထုအတွက် အနာဂတ်အား တည်ဆောက်ရန် ကြိုးပမ်းနိုင်ပါသည်" ဟု သံအမတ်ကြီးက ပြောကြားခဲ့သည်။

(Vatican Media)

ဘာသာပြန် လောရန့်စ် ဂျန်မာဂမ်

# ရဟန်းမင်းကြီးဖရန့်စစ် မှ မိဘများ၏ ထိပ်တန်းတာဝန်အတွက် တိုက်တွန်းစကား



ကလေး သူငယ်များသည် သခင်ခရစ်တော်ကို မိမိတို့ နေအိမ်မှ စတင် သိကျွမ်း၊ရင်းနှီးစေရမည်ဟု ရောမမြို့ရှိ စစ္စတူးဘုရားကျောင်းတွင် ကလေးငယ်များ အား ဆေးကြောခြင်း ပေးချိန်၊ ရဟန်းမင်းကြီး ဖရန့်စစ်က တိုက်တွန်း မိန့်ကြား ခဲ့ခြင်း ဖြစ်သည်။

သခင်ယေရှု ဆေးကြောခြင်း ခံယူ သောတနင်္ဂနွေပွဲနေ့၌ ကလေးငယ်များစွာကို ရဟန်းမင်းကြီးမှ ဆေးကြောခြင်း ပေးသော အစဉ်အလာအရ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်၊ဋင်းပွဲနေ့တွင် ရဟန်းမင်းကြီး ဖရန့်စစ် သည်လည်း ကလေးငယ် ၂၇ ယောက်ကို ဆေးကြောခြင်းပေးခဲ့သည်။

ထိုနေ့တွင် ဆေးကြောခြင်းခံယူသော ကလေးငယ်များ၏ ယုံကြည်ခြင်း အတွက် ဆုတောင်းပေးပါဟု မိဘများမှ ရဟန်းမင်းကြီးအား တောင်းခံကြရာတွင် `အဲဒါက မိဘဖြစ်တဲ့ မင်းတို့ပေါ်မှာလည်း အလွန်တာဝန်ရှိတယ်။ ကလေးရဲ့ယုံကြည်ခြင်းက တိုးပွါးလာရမယ်၊ ရှင်သန်နေရမယ်။ အိမ်ကနေစပါ၊ ငယ်ငယ်ကတဲကစပါ။ ကြီးလာမှ ဘုရားစကားသင်တဲ့ နေရာပို့မယ်လို့ မတွေးနဲ့။ ကိုယ့်ရဲ့ဒေသခံ ဘာသာစကားနဲ့ ဘုရားအကြောင်း ပြောပြပေးပါ၊ သခင်ခရစ်တော်ကို ကလေးဘဝ၊နေအိမ် က စတင်ပြီး သိကျွမ်းအောင်၊ ရင်းနှီးအောင် အခွင့် အလမ်း ပေးကြပါ။ သင်တို့ရဲ့အပြုအမူ၊ အပြော အဆိုတွေနဲ့ စံနမူနာပြကြပါ။ သင်တို့ရထားတဲ့ ယုံကြည်ခြင်းကိုဆင့်ကမ်း အမွေပေးသွားဖို့က မိဘများရဲ့လေးနက်တဲ့ တာဝန်ဖြစ်တယ်။` ဟုပြန်ဖြေကြားရင်း မိဘများအားလမ်းညွှန်၊တိုက်တွန်းခဲ့သည်။

ထိုသို့ မိန့်ကြားနေစဉ် ဘုရားကျောင်းထဲတွင် စုဝေးနေသော ကလေးငယ်အချို့ထံမှ ငိုသံများထွက်ပေါ်လာသည်။ သူတို့ ဆာလောင်၍ ဖြစ်ကြောင်း ရဟန်းမင်းကြီး သတိထားမိသည့်အလျောက် မိခင်များကို လွတ်လပ်စွာ မိမိတို့ ရင်သွေးများအားတိုက်ကျွေးမှုပြုရန် ပြောကြားခဲ့သည်။

ထို့နောက် ရဟန်းမင်းကြီး ဖရန့်စစ်မှ ဆေးကြောခြင်းမင်္ဂလာသည် ကျွန်ုပ်တို့ အားလုံးအတွက် ထာဝရအသက်၏ အရင်း အမြစ်ဖြစ်ကြောင်း၊ ထိုအသက် အရင်းအမြစ်မှာ သခင် ခရစ်တော်အားဖြင့် ရရှိသည်ဖြစ်သောကြောင့် ခရစ်တော်အားဖြင့်သာလျှင် ၎င်းကို ရှင်သန်ကြီးထွား စေကြရမည်ဖြစ်ကြောင်း ဆက်လက်၍ တရားပေးခဲ့သည် ။

(Ref: Zenit)

ဘာသာပြန်

စစ္စတာရ် ဒဲနစ်ဂျာတောင် (SJA)

(CBCM-OSC)

# နှစ်ပေါင်း ၂၇၀ ကြာ သံလျင်ဘုရားကျောင်းကို မြေသန့်မင်္ဂလာ ကောင်းကြီးပေးပြီး ပထမဆုံးအကြိမ် မစ္ဆားတရားတော်မြတ် ဟောကြားခဲ့

နိုင်ငံတော် ရှေးဟောင်း ယဉ်ကျေးမှုဌာနက ထိမ်းသိမ်းစောင့်ရှောက်ထားသော သံလျင်မြို့ရှိ ရှေးဟောင်း အမွေအနှစ်ဘုရားကျောင်းဖြစ်သည့် အပြစ်မဲ့သန္ဓေ ယူတော်မူသော မယ်တော်သခင်မ ဘုရား ရှိခိုးကျောင်းတော်တွင် ဇန်နဝါရီလ ၁၂ ရက် ညနေ ပိုင်းက ပထမဦးဆုံးအကြိမ် မြေသန့် မင်္ဂလာကောင်းကြီး ပေးခဲ့ပြီး မစ္ဆားတရားတော်မြတ် ဟောကြားခဲ့သည်။

မြေသန့်မင်္ဂလာ ကောင်းကြီးပေးခြင်းအခမ်းအနားကို ကာဒီနယ်ကြီး ချားလ်စ်ဘိုဦးဆောင်၍ မြန်မာနိုင်ငံ သာသနာ အသီးသီးမှ ဆရာတော်များ၊ ဘုန်းတော်ကြီးများ ခြံရံကာ ကျင်းပြုလုပ်ခဲ့ပြီး ၎င်းအခမ်း အနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးတို့လည်း တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အတိတ်သမိုင်းများကို ပြောပြနေသော မြို့ပြအမွေအနှစ်များ သာသနာရေးဆိုင်ရာ အမွေအနှစ်များကို တန်ဖိုးထား ထိမ်းသိမ်းရှောင့်စောင့်ကြရမှာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျောင်းတော်ကြီးကို မြေသန့်မင်္ဂလာပေးခြင်းဖြင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များ ထွန်းလင်းတောက်ပလာတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးချုပ်က အမွေအနှစ်များကို ထိမ်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း "ဒီသာသနာရေး ဆိုင်ရာ အဆောက် အဦးကြီးကို မြေသန့် မင်္ဂလာ ဆောင်ရွက်နိုင်တဲ့အတွက် အလွန် အင်မတန်ကို ကောင်းမြတ်တဲ့ စောင့်ရှောက်မှုကြီးဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း မြို့ပြအမွေအနှစ်တွေ၊ သမိုင်းဆိုင်ရာ အဆောက် အအုံတွေ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံတွေကို ထိမ်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကျွန်တော်တို့ မြို့ပြကြီးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင်၊ ကျွန်တော်တို့ရဲ့ အနာဂတ် သမိုင်းကြောင်းကို အတိတ်ကို ပြန်လည်လေလာဆန်းစစ်ပြီး အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ဆောင်ရွက်မှုတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးကြည်မင်းကလည်း ယခုကဲ့သို့ နှစ်ပေါင်းများစွာက သာသနာရေးဆိုင်ရာ အဆောက်အအုံကို ထိမ်းသိမ်း စောင့်ရှောက်ခြင်း မှ ကိုယ်ကွယ်ရာ ဘာသာတရားကို အမြတ်တနိုးထား စောင့်ရှောက်တတ်ခြင်းကို မြင်ရခြင်းဖြစ်ကြောင်း ချီးကျူး ဂုဏ်ပြုစကားဆိုခဲ့သည်။

မြေသန့် မင်္ဂလာ အခမ်း အနားအပြီးတွင် ကာဒီနယ်ကြီး ဦးဆောင်၍ မစ္ဆားတရားတော်မြတ်ကို ဆက်လက် ဟောကြားခဲ့သည်။ မစ္ဆားတရား တော်မြတ်တွင် ရန်ကုန်နှင့် သာသနာ အသီးသီးမှ ရဟန်း၊ ကိုရင်၊ သီလရှင်များနှင့် ဘာသာဝင် ၂၅၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

မြေသန့်မင်္ဂလာ အခမ်းအနားနှင့် မစ္ဆားတရား တော်မြတ်ပူဇော်ခြင်းကို သက်ဆိုင် ရာ အ စိုး ရ အ ဖွဲ့ အ စ ည်း များ ထံ မှ ခွင့်ပြုချက်တောင်းခံ ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး အစိုးရမှ ခွင့်ပြုပေးခဲ့ပြီး လိုအပ်သည့် ကူညီပံ့ပိုး လုပ်ဆောင်ပေးခဲ့သည်။

နှစ်ပေါင်း ၂၇၀ နှစ်ကြာပြီဖြစ်သော အပြစ်မဲ့သန္ဓေ ယူတော်မူသော မယ်တော် သခင်မဘုရားရှိခိုးကျောင်း (ပေါ်တူဂီ ဘုရားကျောင်း) သည် သံလျင်မြို့ BOC ရေနံဝန်း အတွင်းတွင် တည်ရှိပြီး ရှေးဟောင်း သုတေသနဌာနမှ ထိမ်းသိမ်း စောင့်ရှောက်လျှက်ရှိသည်။

သံလျင်ကို အုပ်ချုပ်သည့် ဖိလစ်ဒီဗရစ်တိုက သက္ကရာဇ် ၁၅၉၇ ခုနှစ်တွင် ထိုနေရာ၌ ပထမဆုံး ဘုရားကျောင်းကို တည်ဆောက်ခဲ့ပြီး ၎င်းကျောင်းတော်တွင် ဘုရင် နတ်ရှင်နောင် ဆေးကြောခြင်းမင်္ဂလာ ခံယူခဲ့သည်။ ပထအကြိမ် တည်ဆောက်ခဲ့သော ဘုရားကျောင်းသည် ၁၆၁၃ ခုနှစ် သံလျင်ကို အနောက်ဘက်လွန်မင်း သိမ်းပိုက်ရာတွင် ပျက်စီးခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ် ဘုရားကျောင်းကို ၁၇၄၃ ခုနှစ်တွင် ဘုန်းတော်ကြီး ပေါလိုမာရီ နေရီ နှင့် ကိုရင်ကြီး အန်းဂျေလို ကာပဲနိတို့က ဒေသထွက် သစ်သားများဖြင့် ထပ်မံ တည်ဆောက်ခဲ့ပြန်သည်။ ဘုရားကျောင်းဆောက်လုပ်ပြီး ၂ နှစ်အကြာ ၁၇၄၅ ခုနှစ်တွင် နိုင်ငံရေးအခြေအနေ မငြိမ်သက်မှုများကြောင့် ဘုန်းတော်ကြီးနှင့် ကိုယ်ရင်ကြီးတို့သည် အန္ဒိယပြည်သို့ ခတ္တသွားရောက်နေထိုင်ခဲ့ရသည်။ ဒုတိယ သစ်သား ဘုရားကျောင်းသည်လည်း ၁၇၄၇ ခုနှစ်တွင် မွန်-ဗမာ စစ်ပွဲအတွင်း မီးလောင် ပျက်စီးခဲ့သည်။

၁၇၄၉ ခုနှစ်တွင် ဘုန်းတော်ကြီး ပေါလို မာရီ နေရီ နှင့် ကိုရင်ကြီး အန်းဂျေလို ကာပဲနိတို့ အိန္ဒိယပြည်မှ ပြန်လာခဲ့ပြီး မြို့ပေါ်ရှိ အာမေနီးယန်း လူမျိုးကုန်သည်ကြီး နီကောလားစ် ဒေအာဂွာလာ (Nicolas de Agualar) ၏ လှူဒါန်းမှုဖြင့် လက်ရှိ ကျန်ရှိနေသော ဘုရားကျောင်းကို အလျားပေ ၈၁ ပေ၊ အနံ ၃၁ ပေ၊ အမြင့်ပေ ၄၀ ကျယ်ဝန်းသည့် အီတလီလက်ရာ အုတ်အခိုင်အမာ ဘုရားကျောင်းကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုအကျောင်းတော်ကြီးနှင့်အတူ နှစ်ဆောင်ပြိုင် မိဘမဲ့ ဂေဟာဆောင်၊ ဆေးပေးခန်း၊ ဘုန်းတော်ကြီး ကျောင်းဆောင်များလည်း တည်ဆောက်ခဲ့သည်။

ထို့အပြင် ကျောင်းတော်တွင် မွန်စာ၊ ရခိုင်စာ၊ ပါဠိစာ၊ ရေကြောင်း ပညာ၊ ဆေးစာ၊ ဘာသာရေးစာပေ စသည့် ပညာရပ်များကို များကို သင်ပေးခဲ့သည့် တစ်ခုတည်းသော ကျောင်းတော်ကြီးလည်း ဖြစ်ခဲ့သည်။

၁၇၅၆ ခုနှစ် မွန်-ဗမာ စစ်ပွဲအတွင်း ဘုန်းတော်ကြီးသည် စစ်ဘေးဒဏ်သင့် ပျံလွန်ခဲ့ပြီး ကျောင်းတော်ကြီးမှာလည်း ပျက်စီးမှုများနှင့် ကြုံခဲ့ရသည်။ ထို့အပြင် ကိုလိုနီခေတ် ပုံးဒဏ်များလည်းခံခဲ့ရသည်။ ပြီးခဲ့သည့် ၄ နှစ်ခန့်က ကျောင်းတော်ကြီးသည် ခြုံနွယ်တို့ဖြင့် ဖုံးအုပ်နေပြီး ဒုစရိုက်သမားများ လာရောက်နေထိုင်ရာ တစ်ခုဖြစ်ခဲ့သည်။ ထို့ကြောင့် ကျောင်းတော်ကြီးကို လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပထဦးဆုံး အနေဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကာဒီနယ်ကြီး၏ လမ်းညွှန်မှုဖြင့် လက်ထောက်ဆရာတော် ဂျွန်စောယောဟန် ဦးဆောင်ကာ ခြုံနွယ်များရှင်းလင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ လုံခြုံရေး အဆောက်အဦးများ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ချမ်းဇော်အောင်၊ CBCM-OSC

## ပြင်ဦးလွင်မြို့ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဒဿနိကဗေဒဌာန ကက်သလစ်ရဟန်းဖြစ်သင် တက္ကသိုလ်တွင် ကျောင်းဆောင်သစ်တစ်ဆောင် တိုးချဲ့ဖွင့်လှစ်ခဲ့



အလှူရှင်များ၊ ဆရာတော်ကြီးများနှင့် ရဟန်းဖြစ်တက္ကသိုလ် ရှိစာချရဟန်းများနှင့် စာသင်သားများအား ကျောင်းဆောင်အသစ်ရှေ့၌ တွေ့ရစဉ်

ပြင်ဦးလွင်မြို့ မြန်မာ တစ်နိုင်ငံလုံး ဆိုင်ရာ ကက်သလစ်ရဟန်းဖြစ်သင် တက္ကသိုလ် ဒဿနိကဗေဒ ဌာနတွင် ကျောင်းဆောင် သစ်တစ်ဆောင်ကို ဇန်နဝါရီလ ၁၆ ရက်နေ့က တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ဖွင့်ပွဲ အခမ်းအနား မစ္ဆားတရားတော်မြတ်ကို ညနေ (၄) နာရီတွင် ဂိုဏ်းချုပ်ဆရာတော်ကြီး နီကော်လားစ် မန်ထန်းမှ ဦးဆောင်ကာ ဟောကြားခဲ့ပြီး ရပ်နီး ရပ်ဝေးမှ ဘုန်းတော်ကြီး၊ သီလရှင်များ၊ ကိုရင်၊ သီလရှင်လောင်းများ နှင့် ဘာသာဝင် စုစုပေါင်း ၃၀၀ ခန့်ပါဝင်ခဲ့ကြသည်။ ထို့နောက် မစ္ဆားတရားအပြီးတွင် ရဟန္တာ ပေါလ်မီကီ (St. Paul Miki) အား အပ်နှံထားသော တိုးချဲ့ဆောင်သစ်ကို မန္တလေး ဂိုဏ်းချုပ် ဆရာ

စာမျက်နှာ ၇ သို့

# မျိုးကြဲသူစာစောင် အတွဲ(၁၀၀)ပြည့် ဂျူဗလီပွဲတော်ကျင်းပ



မျိုးကြဲသူစာစောင်၏ ရာပြည့် ဂျူဗလီ ကျေးဇူးတင် မစ္ဆားတရားတော်မြတ်ကို မြေနီကုန်း ဖာတီမာ ဘုရားကျောင်းတွင် ဇန်နဝါရီလ ၁၂ရက် နံနက်ပိုင်းက ဟောကြားခဲ့ပြီး ဖာတီကန်သံအမတ်ကြီး ဂိုဏ်းချုပ် ဆရာတော်ကြီး ပေါလ်ချန်အင်းနမ်၊ ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို နှင့် သာသနာအသီးသီးမှ ဆရာတော်များ တက်ရောက်ပါဝင်ခဲ့ကြသည်။

ကျေးဇူးတင် မစ္ဆားတရား တော်မြတ်ကို ပုပ်ရဟန်းမင်းကြီး၏ မြန်မာနိုင်ငံဆိုင်ရာ ဖာတီကန်သံအမတ် ဆရာတော်ကြီး ပေါလ်ချန်အင်းနမ်မှ ဦးဆောင်ဟောကြား ပေးခဲ့သည်။

"အခုလို သမိုင်းဝင် အောင်မြင်မှု တစ်ခုကို ကျင်းပနေရင်းနဲ့ ဘုရားသခင်ကို ကျေးဇူးတင်ဖို့ဟာ အင်မတန်မှသင့်မြတ်တဲ့ အချိန်ခါလည်းဖြစ်ပါတယ်" ဟု ဆရာတော်ကြီး က မျိုးကြဲသူစာဆောင်ရာပြည့် ဂျူဗလီတွင် ပါဝင်ရခြင်းအတွက် ဂုဏ်ယူဝမ်းသာမိကြောင်း တရားတော်မြတ်တွင် ပြောကြားခဲ့သည်။

ထို့အပြင် ဆရာတော်ကြီးက မျိုးကြဲသူစာဆောင်သည် ခက်ခဲသည့်နိုင်ငံရေး အခြေအနေများ၊ ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် နှောက်ယှက်ခြင်း အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသော်လည်း ယနေ့တွင် မျိုးကြဲသူ စာဆောင်၏ အတွဲ ၁၀၀ မြောက် ကို ဖတ်ရှုခွင့်ရပြီဖြစ်သောကြောင့် မျိုးကြဲသူထုတ်ဝေသူများကို ကျေးဇူးတင်ရင်း ၎င်းတို့ အတွက် ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။

မျိုးကြဲသူ စာဆောင်ကို ထိုစဉ်က သာသနာပိုင် ဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် ၁၉၁၂ ခုနှစ်တွင် ပီးမေသာသနာပြုများမှ ပထမဆုံး ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ပုပ်ရဟန်းမင်းကြီး ကမ္ဘာလုံးဆိုင်ရာနှင့် မြန်မာပြည် အသင်းတော်ဆိုင်ရာ သတင်းများ၊ ဘာသာရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများ၊ အသိပညာပေး နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ သတင်းများ၊ စာပေများ တည့်သွင်းဖော်ပြခဲ့ကြသည်။



မျိုးကြဲသူ စာဆောင်သည် လက်ရှိ မြန်မာနိုင်ငံကက်သလစ်စာဆောင်များထဲတွင် ဆောင်ရေအများဆုံး ထုတ်နိုင်သည့် တစ်ခုတည်းသော စာဆောင်ဖြစ်ပြီး အတွဲပေါင်း၁၀၀လည်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။

စာဆောင်တွင် ထည့်သွင်းဖော်ပြသည့် ကဏ္ဍများနှင့် ပတ်သက်၍လည်း "ဒီစာဆောင်မှာ အမျိုးသမီးကဏ္ဍနဲ့ လူငယ်ကဏ္ဍကို ပါဝင်ထည့်သွင်းပြီး ရေးသားနေကြောင်း သိရတဲ့အတွက် အင်မတန်မှကို ဂုဏ်ယူစရာလည်းဖြစ်ပါတယ်။" ဟု ဆရာတော်ကြီး ပေါလ်ချန်အင်းနမ်က ချီးကျူးခဲ့သည်။

ကျေးဇူးတင် မစ္ဆားတရား တော်မြတ်အပြီးတွင် မျိုးကြဲသူ စာဆောင်ရာပြည့် အထိမ်းအမှတ်အဖြစ် မျိုးကြဲသူ စာကြည့်တိုက်ကို သံအမတ်ကြီး နှင့် ကာဒီနယ်ကြီး တို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်ပြီး မျိုးကြဲသူ စာစောင် အ တွဲ (၁၀၀) ပြည့် ဂျူဗလီ အထိမ်းအမှတ် အဖြစ် စာပေဟောပြောပွဲ အစီအစဉ်ကို စိဘိစီအမ်ကျောင်းဝန်းအတွင်း ဆက်လက်ကျင်းပခဲ့ပြီး စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း) နှင့် တက္ကသိုလ် နေဝင်းမြင့် တို့မှ ဟောပြောခဲ့ကြသည်။

ဇန်နဝါရီလ ၁၁ ရက် ညပိုင်းတွင် ဂုဏ်ပြုညစာဖြင့် ဧည့်ခံခဲ့ရာ သာသနာ အသီးသီးမှ ဆရာတော်များ၊ ဘုန်းတော်ကြီးနှင့် သီလရှင်များ၊ စာပေပညာရှင် ဧည့်သည်များ၊ မျိုးကြဲသူကလောင်ရှင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ပါဝင် ခဲ့ကြသည်။ ထိုအခမ်းအနားတွင် မျိုးကြဲသူအား ရှင်သန်စေခဲ့သော အယ်ဒီတာ ဟောင်းများအားလည်း ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့သည်။

ချမ်းဇော်အောင်၊ CBCM-OSC

---

စာမျက်နှာ ၆ မှ အဆက်

တော်ကြီး နီကော်လားစ် မန်းထန်း၊ ဂိုဏ်းချုပ်ဆရာတော်ကြီး (ငြိမ်း) ပေါ်လ် စိန်ထုန်းဂရောင်၊ လားရှိုးဂိုဏ်းအုပ် ဆရာတော်ကြီး ဖိလစ်ဇဟောင်း၊ ဂျပန်နိုင်ငံ တိုကျိုဂိုဏ်းချုပ်သာသနာမှ ဖာသာရ် လီယိုနှင့် မော်ညီ ပေါ်လ် တို့ကြွရောက်၍ ကျောင်းဆောင်သစ်ကို ကောင်းကြီးပေး ဖွင့်လှစ်ပေးခဲ့ကြသည်။

ကောင်းကြီးပေးဖွင့်လှစ်ခြင်း အစီအစဉ်တွင် အဆောင်သစ်အား ကောင်းချီးမင်္ဂလာပက်ဖြန်းခြင်း၊ ရဟန္တာ ပေါလ်မီကီ (St. Paul Miki) ရုပ်တုအား ကောင်းကြီးပေးခြင်း၊ ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ အမှတ်တရသစ်ပင်စိုက်ခြင်း တို့ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ကြွရောက်ပါဝင်သူများအား ညနေစာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကာ အထူး ဧည့်သည်များ နှင့် အလှူရှင်များအား ကျေးဇူးတင် ဂုဏ်ပြုခြင်း အခမ်းအနား ဆက်လက်ကျင်းပခဲ့ပါသည်။

ဂုဏ်ပြု အခမ်းအနားတွင် ကိုရင်များ နှင့် ကလေးငယ်များက သီချင်း၊ အကများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် မန္တလေး ဂိုဏ်းချုပ်ဆရာတော်ကြီး နီကော်လားစ် မန်ထန်းနှင့် ကျောင်းအုပ် ဘုန်းတော်ကြီး ပီတာသန်းတို့မှ ကျောင်းဆောင်သစ် တည်ဆောက်ရန် အကူအညီပေးခဲ့ခြင်း အတွက် ဂျပန်နိုင်ငံ တိုကျိုဂိုဏ်းချုပ် သာသနာနှင့် အခြား ပါဝင်ကူညီကြသူများ အား ကျေးဇူး တင်ကြောင်း ပြောကြားခဲ့ကြသည်။

ကျောင်းဆောင်သစ် တစ်ဆောင် တိုးချဲ့ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တိုကျိုဂိုဏ်းချုပ်သာသနာ ဆရာတော်ကြီး Archbishop Tarcisius Isao Kikuchi, SVD မှ အဆောက်အဦးသစ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ချီးကျူးဂုဏ်ပြုပြီး အားလုံးနှင့်အတူ ဝမ်းမြောက်ပါကြောင်း သဝဏ်လွှာ ရေးသားပို့ခဲ့သည်။

ထို့အပြင် ဆရာတော်ကြီး Archbishop Tarcisius Isao Kikuchi, SVD သဝဏ်လွှာတွင် ၎င်းသည် ၂၀၁၇ ခုနှစ် မတိုင်မီက Caritas Japan မြန်မာနိုင်ငံကို ကြိမ်ဖန်များစွာ ရောက်ရှိခဲ့ဖူးကြောင်း၊ ၎င်းရောက်ရှိခဲ့သည့် အချိန်နှင့်ယှဉ်လျှင် ယခုလက်ရှိမြန်မာကက်သလစ် သာသနာတော်သည် လွတ်လပ်ခွင့်များ ပိုမိုရရှိပြီး ပိုမို တိုးတက်လာသည်ဟု သိရပါကြောင်း၊ ခက်ခဲသော အချိန်ကာလများတွင် ဘုရားသခင်၏ သားသမီးများ၏ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို ကာကွယ်လျက် ခွန်အား အလင်းပေးနိုင်ရန် ကြိုးစား ရုန်းကန်ခဲ့ သူများကို ကျွန်ုပ် ရင်ထဲမှ နက်ရှိုင်းစွာ လေးစားပါကြောင်း ရေးသားထားသည်။

ဒသနိကဗေဒ ဌာန ကက်သလစ် ရဟန်း ဖြစ်သင် တက္ကသိုလ်တွင် ပညာ ဆည်းပူးနေသော ကိုရင်များကိုလည်း ဆရာ တော်ကြီးက သခင်ခရစ်တော်၏ သိုးထိန်းများ၊ နိုင်ငံတော်ကို ဦးတည်လျက် တိုင်းပြည်နှင့် လူမျိုးအဖို့ သိုးထိန်းကောင်းများ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်နေပါကြောင်း လည်း သတင်းစကားပါးခဲ့သည်။

သာသနာ၏ အနာဂတ် တိုးတက်ရန် ရည်စူး၍ ရဟန်းလောင်းကိုရင်များ ပညာ ကောင်းမွန်စွာ ဆည်းပူးနိုင်ရေး အတွက် ကျောင်းဆောင်သစ် တည်ဆောက်ရန် ကူညီပံ့ပိုးပေးခဲ့သော တိုကျိုဂိုဏ်းချုပ်ဆရာတော်ကြီးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆရာတော်ကြီးများနှင့် အဖက်ဖက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော အလှူရှင် အသီးသီးကို ကျေးဇူးတင်ကြောင်း မြန်မာနိုင်ငံလုံး ဆိုင်ရာ ကက်သလစ် ရဟန်းဖြစ်တက္ကသိုလ် ဒသနိကဗေဒ ဌာနမှ သတင်း ပါးခဲ့ပါသည်။

J ရှန်း L (W)

# မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် CBCM ၏ ၂၀၁၉-ခုနှစ်၊ ပထမ (၆) လပတ် မျက်နှာစုံညီ အစည်းအဝေး

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာ တော်ကြီးများအဖွဲ့ချုပ် (CBCM) ၏ ၂၀၁၉-ခုနှစ်၊ ပထမ(၆)လပတ်အစည်းအဝေးကို ယခုနှစ် ဇန်နဝါရီ ၈ ရက် မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ကျန်းမာရေး အခြေအနေကြောင့် မလာရောက်နိုင်သော ဆရာ တော် အိုက်ဇက်ဓါနမှလွဲ၍ ဆရာတော်များအားလုံး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးအဖွင့်ဆုတောင်းမေတ္တာကို ဆရာတော် နီကောလားမန်ထန်းက ရွတ်ဆိုခဲ့ပြီး ဥက္ကဋ္ဌ ဖြစ်သော ဆရာတော် ဖဲလစ်လျန်ခင်းထန်က ကြိုဆို နှုတ်ခွန်း စကား မြွက်ကြားခဲ့ပါသည်။ ဆရာတော်၏ နှုတ်ခွန်းဆက်စကားတွင် ဘ၀၌ ကောင်းချီးမင်္ဂလာများကို ရေတွက်ရန်၊ ဥပမာအနေဖြင့် မျိုးကြဲသူစာစောင်၏ ရာပြည့်ဂျူဘီလီပြည့်မြောက်ခြင်းနှင့် သန်လျင်ရှိ ရှေးဟောင်းဘုရားကျောင်းအား အပြစ်မဲ့သန္ဓေယူတော်မူသော မယ်တော်သခင်မ ထံသို့ ပြန်လည်ဆက်ကပ်အပ် နံ့ပွဲပြန်လည်ပြုလုပ်နိုင်ခြင်းတို့ကို ဝေမျှသွားခဲ့ပါသည်။

## အမှုဆောင်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး အသစ်ရွေးချယ်လိုက်ခြင်း

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏အမှုဆောင်အတွင်းရေးမှူး ဖါသာရ် မောရစ် ညွှန့်ဝေနှင့် ဘဏ္ဍာရေးမှူး ဖါသာရ် အဲလ်ဘတ် မျိုးလွင်တို့မှာ သက်တမ်း၂ ကြိမ် ထမ်းဆောင်ပြီး ဖြစ်သဖြင့် အမှုဆောင် အတွင်းရေးမှူးသစ်အဖြစ် မန္တလေးဂိုဏ်းချုပ် သာသနာမှ ဖါသာရ် ပီတာ စိန်လှိုင်ဦးကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးသစ်အဖြစ် ရန်ကုန် ဂိုဏ်းချုပ် သာသနာမှ ဖါသာရ် လူးဝစ်ရဲမြင့်ကိုလည်းကောင်း ရွေးချယ်အတည် ပြုခဲ့ကြပါ သည်။ ၄င်းတို့သည် ဖွန်လတွင် ကျင်းပမည့် ဒုတိယ(၆)လပတ်အစည်းအဝေးအပြီးတွင် တာဝန်လွှဲ ပြောင်းထမ်းဆောင်ကြမည်ဖြစ်သည်။

## ကလေးသူငယ်အား အကာအကွယ်ပေးရေးမူဝါဒ

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်က ကလေးသူငယ်အား အ ကာအကွယ်ပေးရေးမူဝါဒကို ရေးဆွဲပြီး ဗာတိကန်ရှိ သာသနာပြန့်ပွားရေးဆိုင်ရာ ရဟန်း မင်းကြီးရုံးတော်နှင့် ယုံကြည်ခြင်း၏ သွန်သင်မှုများဆိုင်ရာ ရဟန်းမင်းကြီးရုံးတော်များသို့ ယ မန်နှစ်ကတည်းက ပေးပို့ခဲ့ပြီး အတည်ပြုချက်ကို စောင့်လျက်ရှိပါသည်။

## လူထုဆက်သွယ်ရေးကော်မရှင်

လူထုဆက်သွယ်ရေးကော်မရှင်၏ ဒါရိုက်တာဖြစ်သူ ဖါသာရ် မာရီယားနို စိုးနိုင် က သတင်းတု၊ သတင်းမှားများကြောင့် လမ်းလွဲမရောက်စေရေးအတွက် မိမိတို့ဘက်မှ ဇေ၀ံဂေလိ သတင်းကောင်းနှင့် အပြုသဘောဆောင်သော သတင်းစကားများကို အင်တာနက်တွင် လွှင့်တင်ခြင်းဖြင့် မြန်မာပြည် သာသနာတော်၏ ပုံရိပ်ကို မြှင့်တင်ရန် လိုအပ်ကြောင်း တင်ပြခဲ့ သည်။ စိန်ဂျိုးဇက် အသင်းဂိုဏ်းမှ စစ္စတာ ဒဲနစ်ဂျာတောင်သည် လူထုဆက်သွယ်ရေး ကော်မရှင်(ဗဟို) ၌ တာဝန်ထမ်းဆောင်ရန် ခန့်အပ်ခြင်းခံခဲ့ရပါသည်။

သာသနာများနှင့် ဧဝံဂေလိအမှုဆောင်လုပ်ငန်းများအတွက် တေးသီချင်းများ ထုတ် လုပ်ရာတွင် စတူဒီယို တရီနီတ (Studio Trinita') ကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် ဆက်လက် ကြိုးပမ်း သွားမည်ဖြစ်သည်။

၂ RVA ၏ ဘာသာစကား(၇) မျိုး ထုတ်ဝေသူများအကြား အချင်းချင်းချိတ်ဆက်လု ပ်ဆောင်သွားမည်ဖြစ်သည်။ အာခါ ဘာသာစကားနှင့် ကယား ဘာသာစကား တို့ကိုလည်း RVA အစီ အစဉ်တွင် ထပ်မံ ထည့်သွင်းသွားရန် လိုအပ်ကြောင်း တင်ပြခဲ့ပါသည်။

ဆရာတော် ဖရန်စစ်ဒေါ့ဝ်တန်အား မြန်မာနိုင်ငံလူထုဆက်သွယ်ရေးကော်မရှင်၏ ကိုယ်စားလှယ်တော်အဖြစ် ဆရာတော်များက ရွေးချယ်ခဲ့ကြသည်။

## စိန်ဂျိုးဇက်ရဟန်းဖြစ်တက္ကသိုလ်

စာမေးပွဲတွင် ကျရှုံးခဲ့သူများအတွက် ကယ်ဆယ်သည့်စာမေးပွဲ (SupplementarY) ထားရှိ တော့မည်မဟုတ်ကြောင်း ဆရာတော်များက အတည်ပြု ဆုံးဖြတ်ခဲ့ကြသည်။ လက်ရှိ ရ ဟန်း ဖြစ်တက္ကသိုလ်ကို ပြင်ပမှ ပုဂ္ဂိုလ်များပါ တက်ရောက်သင်ယူနိုင်သော ပုပ်ရဟန်းမင်းကြီး ရုံးတော်အသိအမှတ်ပြု ဓမ္မတက္ကသိုလ် အဆင့်သို့ မြှင့်တင်မည့်အဆိုကို ဆရာတော်များက အတည်ပြုခဲ့ကြသည်။

အခြေခံရဟန်းဖြစ်သင်ကျောင်းများအားလုံးတွင် ကျောင်းအုပ် ဘုန်းတော်ကြီး၊ ဝိ ညာဉ်ရေးလမ်းညွှန် ဘုန်းတော်ကြီးနှင့် စည်းကမ်းထိန်းဘုန်းတော်ကြီးဟူ၍ ဘုန်းတော်ကြီး သုံးပါးထားရှိရန် လိုအပ်ကြောင်းကို လည်း ဆွေးနွေးခဲ့ကြပါသည်။

## တိုင်းပြုပြည်ပြုလုပ်ငန်း

မြန်မာနိုင်ငံကက်သလစ်သာသနာတော်က ပါဝင်လုပ်ဆောင်မည့် တိုင်းပြုပြည်ပြု လုပ်ငန်းနှင့်ပတ် သက်၍ Fr. Amal Raj က လူမှု-သာသနာ့အကျိုးပြု မဟာဗျူဟာစီမံကိန်း၏ လက်ရှိ အခြေအနေကို တင်ပြခဲ့ပါသည်။ ထိုမဟာဗျူဟာ စီမံကိန်းနှင့်ပတ်သက်၍ တောင်ကြီး ဂိုဏ်းချုပ်သာသနာ လက်အောက်ရှိ သာသနာများက ၂၀၁၈-ခုနှစ်၊ နိုဝင်ဘာ ၁၄-၁၅ ရက်တို့ တွင်လည်းကောင်း၊ ရန်ကုန် ဂိုဏ်းချုပ်သာသနာလက်အောက်ရှိ သာသနာများက ဒီဇင်ဘာ ၂၈-၂၉ ရက်တို့ တွင်လည်းကောင်း အစည်းအဝေးအသီးသီးပြုလုပ်ခဲ့ ကြပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ပြန်လည်တင်ပြခဲ့ကြပါသည်။ မန္တလေး ဂိုဏ်းချုပ်သာသနာလက်အောက် ရှိသာသနာများတွင် ဖုံနှစ်ခုခွဲ၍ ဖုံ(၁)တွင် မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ ဖုံ(၂)တွင် မန္တလေး၊ ကလေး၊ ဟား ခါးဟူ၍ အပိုင်းခွဲပြီး ဆွေးနွေးလုပ်ဆောင်ကြမည်ဖြစ် ပါသည်။

## ဖိုကိုလာရေလှုပ်ရှားမှု

ဗီဗီယန်အားပုံက ဖိုကိုလာရေလှုပ်ရှားမှု၏ ရှေ့လုပ်ငန်းစဉ်ကို ဆရာတော်ကြီးများ အား တင်ပြခဲ့ ပါသည်။ သာသနာ(၁၆)ခုမှ ဘုန်းတော်ကြီးများအတွက် ဖိုကိုလာရေလှုပ်ရှားမှု ဆိုင်ရာ မွမ်းမံ သင်တန်းကို ယခုနှစ် ဩဂုတ် (၁၉-၂၄) ရက်အထိ တောင်ကြီးမြို့တွင်ပြုလုပ် သွားမည်ဖြစ်သည်။ ဖိုကိုလာရေဆရာတော်ကြီးများနှင့် တွေ့ဆုံစည်းဝေးပွဲကို ဖိလစ်ပိုင်နိုင်ငံ တွင် ဖေဖော်ဝါရီ (၁၉-၂၂)ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။

## သူတော်စင်အသင်းဂိုဏ်းများအဖွဲ့ချုပ် (CRCM)

မြန်မာနိုင်ငံဗာတိကန်သံအမတ်တက်ရောက် နိုင်ရန်အတွက် သူတော်စင်အသင်း ဂိုဏ်းများအဖွဲ့ချုပ်၏ (၆) လပတ်အစည်းအဝေးကို မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီး များအဖွဲ့ချုပ်၏ အစည်းအဝေးနှင့် တိုက်ဆိုင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံသူတော်စင်အသင်းဂိုဏ်းများအဖွဲ့ချုပ်က ရေးဆွဲထားသော ကလေး ငယ်များနှင့် ထိခိုက်လွယ်သောလူရွယ်များအား အကာအကွယ် ပေးရေးမူဝါဒကို ဆရာတော် ကြီးများက အတည်ပြုခဲ့ ကြသည်။

## မြန်မာနိုင်ငံဆိုင်ရာဗာတိကန်သံအမတ် အစည်းအဝေးသို့ တက်ရောက်လာခြင်း

မြန်မာနိုင်ငံဆိုင်ရာ ဗာတိကန်သံအမတ်ဖြစ်သူ ဆရာတော် ပေါလ်ချန်အင်နမ် အ စည်းအဝေးသို့ တက်ရောက်လာသဖြင့် ကာဒီနယ် ချားလ်စ်ဘိုက ကြိုဆိုနှုတ်ခွန်းဆက် စကားမြွက်ကြားပြီး ဗာတိကန်နှင့် မြန်မာနိုင်ငံအကြား သံတမန် ထူထောင်လိုက်နိုင်ခြင်း အ တွက် ကျေးဇူးတင်ချီးမွမ်းစကားဆိုခဲ့ပါသည်။

## ကော့တောင်ငယ်သူတော်စင်အသင်းဂိုဏ်း Kottongnae Congregation

ကိုရီးယားနိုင်ငံအခြေစိုက် ကော့တောင်ငယ် သူတော်စင်အသင်းဂိုဏ်းမှ ဘရာ သာရ် ဂျိမ်းစင်း က မိမိတို့ အသင်းဂိုဏ်းကို မြန်မာပြည်နှင့် မိတ်ဆက်ပေးခြင်း အတွက် မြန်မာနိုင်ငံဆိုင်ရာ ဗာတိကန်သံအမတ်အား ကျေးဇူးတင်ရှိကြောင်း ပြောဆိုပြီး မြန်မာနိုင်ငံ တွင် ကော့တောင်ငယ်သူတော်စင်အသင်းဂိုဏ်းမှ ကိုရင်နှင့် သီလရှင်များ လာရောက် သာ သနာပြုရန် စိတ်ဝင်စားပါကြောင်း ဆရာတော်ကြီးများအား တင်ပြခဲ့ပါသည်။

## ဗာတိကန်သံအမတ်၏ဩဝါဒစကား

မြန်မာနိုင်ငံ ဗာတိကန်သံအမတ် ဆရာတော် ပေါလ်ချန်အင်နမ်ကလည်း မြန်မာ နိုင်ငံ၌ ဗာတိကန် သံရုံးဖွင့်လှစ်ခွင့်ရရေးအတွက် အကူအညီပေးလျက်ရှိသော ကာဒီနယ် ချားလ်စ်ဘိုကို ကျေးဇူးတင်ရှိပါ ကြောင်း၊ အာရှကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် အရေးခံရခြင်းအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မြွက်ကြားခဲ့ပါသည်။ ထို့နောက် ခရစ္စမတ်ကာလအတွင်း ဖယ်ခုံသာသနာသို့ ရောက်ရှိသည့်အတွေ့အကြုံကိုလည်း ပြန်လည်ဝေမျှခဲ့ ပါသည်။

ဆက်လက်၍ သံအမတ်ကြီးက ဗာတိကန် အမှုထမ်းများအား ပုပ်ရဟန်းမင်းကြီး မိန့်ကြားခဲ့သော ဩဝါဒကို ပြန်လည်ဝေမျှရာတွင် သာသနာ၏သိုးထိန်း တချို့က သာသနာ တော်ကို ပြန်လည်ညှိုးနွမ်းစေခြင်းနှင့် ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးက အထူးပင်စိုးရိမ်ပူပန် မိကြောင်း၊ လိင်မှုရေးရာအလွဲသုံးခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးခြင်း၊ ဩတ္တပ္ပစိတ်ကို အလွဲသုံးခြင်း စသည့်အလွဲသုံးခြင်း(၃)မျိုးကို သတိပြုရမည် ဖြစ်ကြောင်း၊ ကလေးသူငယ်များ အား အကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဗာတိကန်၌ အစည်းအဝေး ကျင်းပရန်ရှိကြောင်း မြွက်ကြားခဲ့ပါသည်။

## ကျန်းမာရေးကော်မရှင်

ကျန်းမာရေးကော်မရှင် ဒါရိုက်တာ၏တာဝန် သက်တမ်းကို အနည်းဆုံး (၃)နှစ်မှ (၅) နှစ်အထိ ထားရှိရန် ထပ်မံအတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။ ဖေဖော်ဝါရီ (၁၁)ရက် နှင့်အနီးဆုံး တနင်္ဂနွေတွင် ကောက်ခံရရှိသောအလှူငွေများကို မြန်မာနိုင်ငံ ကက်သလစ်ဆ ရာတော်ကြီးများအဖွဲ့ချုပ်၏ကျန်းမာ ရေးကော်မရှင်သို့ ပေးပို့ရန်လည်း ဆရာတော်ကြီးများ က ထပ်မံအတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။

### လူငယ်များအရေးအတွက် ဆရာတော်ကြီးများ၏ညီလာခံ

လွန်ခဲ့သောနှစ် အောက်တိုဘာ ၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဗာတိကန်တွင် ကျင်းပခဲ့သည့် ဆရာတော်ကြီးများ၏ညီလာခံ၌ လူငယ်များအရေးကို ဦးတည် ဆွေးနွေးခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်တက် ရောက်ခဲ့သော ဆရာတော် ဖရန်စစ်ဒေ့ါတန်က ဝေမျှရာတွင် သာသနာတော်အနေဖြင့် လူငယ်များအား ၄င်းတို့၏ဝိညာဉ်ရေးလမ်းစဉ်၌ အဖော်ပြုနိုင်ရန် ပိုမို ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လူငယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် တိုင်းတစ်ပါးနိုင်ငံများသို့ သွားရောက်အလုပ် လုပ်ကိုင်ခြင်းကို လျှော့ချနိုင်ကြောင်း မွက်ကြားခဲ့ပါသည်။

ဒီဇင်ဘာ ပထမအပတ်တွင် အရှေ့တောင် အာရှ(၅)နိုင်ငံဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ လူငယ်များတွေ့ဆုံ ပွဲပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ဧည့်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

### ရာသီဥတုနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင်ရာကက်သလစ်လှုပ်ရှားမှု

ရာသီဥတုနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင် ရာကက်သလစ်လှုပ်ရှားမှု (The Global Catholic Climate Movement - GCCM) ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၃ ရက်နေ့တွင် ကောင်းသောသိုးထိန်း သီလရှင်များအသင်းဂိုဏ်း၏ အစည်းအဝေးခန်းမ ဆောင်တွင် တရားဝင်စတင်ခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ စာချွန်တော် ဖြစ်သော Laudato si ကို အခြေခံ၍ လေ့ကျင့်ပျိုးထောင်မည့်သူများကို ဇန်နဝါရီ ၃၀ မှ ဖေဖော်ဝါရီ ၃ ရက်နေ့အထိ သင်တန်း ပေးသွားမည်ဖြစ်သည်။ ယင်းအတွက် သာသနာတစ်ခုစီမှ ဆက်လက်၍သင်တန်းပေးနိုင် မည့်ကိုယ်စားလှယ်တစ်ဦးတက်ရောက်ပါ မည့်အကြောင်း ဖိတ်ကြားထားပါသည်။

### ဝတ်ပြုကိုးကွယ်ခြင်းကော်မရှင်

ဝတ်ပြုကိုးကွယ်ခြင်းကော်မရှင်၏ဥက္ကဋ္ဌဖြစ်သူ ဆရာတော် နီကောလားမန်ထန်းက အသစ်ထွက် ရှိသော မစ္ဆားပူဇော်ခြင်းဝိနည်းစာအုပ်ကို Myanmar Language Edition of the First Typical Version ဟုခေါင်းစဉ်တပ်ရသည့်အကြောင်း ရှင်းပြရာ၌ ယခင် အသုံးပြုသောစာအုပ်မှာ ဗာတိကန်အသိအမှတ်ပြု (Recognitio Version) ဖြစ်ပြီး ယခု ဝိနည်းစာအုပ် (Typical Version) ဆက်လက်ထွက်ပေါ်လာရန် ပြင် ဆင်ပေးသော စာအုပ်ဖြစ်ကြောင်း ဆရာတော်ကြီးများ အား တင်ပြခဲ့ပါသည်။

ကိုယ်တော်မြတ်မုန့်ပြုလုပ်ရာတွင် အရော အနှောကင်းသောဂျုံဖြင့်လည်းကောင်း၊ စပျစ်ရည်ကိုလည်း ဓာတုဆေးဝါးကင်းစင်သောစပျစ်သီးဖြင့်လည်းကောင်း ပြုလုပ်ရန် လိုအပ်ကြောင်း ဆက်လက်တင် ပြခဲ့ပါသည်။ ကိုယ်တော်မြတ်ပြုလုပ်ရန် ဂျုံကို မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ အရောင်းဆိုင်တွင် ရရှိနိုင်ကြောင်း သိရပါသည်။

မစ္ဆားတရားအတွက် စစ်မှန်ကောင်းမွန်သော စပျစ်ရည်ရရှိရန်အတွက် စပျစ်ရည် ပြုလုပ်သည့်အဖွဲ့ အစည်းကို အစည်းအဝေးခေါ်ယူကျင်းပရန် မြန်မာ နိုင်ငံကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်က ဆုံးဖြတ်ပြီး ဆရာတော်ပီတာလှအား တာဝန်ခံ ဆရာတော် အဖြစ် ရွေးချယ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ နောက်တစ်ကြိမ်ပြုလုပ်မည့်အစည်း အဝေးကို လာမည့် ဇွန်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အမှုဆောင် အတွင်းရေးမှူး
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်

# တာဝန်ကျေသော အိမ်ထောင်ရှင်ကောင်းတစ်ယောက်ဖြစ်ရန် မင်္ဂလာမဆောင်ခင် ကြိုတင်ပြင်ဆင်ကြဖို့ ဆရာတော်ကြီး ဂျွန်စောယောဟန်တိုက်တွန်း

မင်္ဂလာဆောင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြသကဲ့သို့ တာဝန်ကျေသော အိမ်ထောင်ရှင် ကောင်းတစ်ယောက်ဖြစ်ရန် မင်္ဂလာမဆောင်မီ ကြိုတင်ပြင်ဆင်သင့်ကြောင်း ဆရာတော်ကြီး ဂျွန်စောယောဟန်က လူငယ်များကို တိုက်တွန်းပြောကြားခဲ့သည်။

လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ခုံရုံးများ ပေါ်ပေါက်လာရေး ယခုလ ဇန်နဝါရီလထဲက မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် CBCM ကျောင်းတိုက်၌ ဆရာတော်များ၊ ဘုန်းတော်ကြီးများပါဝင်၍ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး ၎င်းဆွေးနွေးပွဲများနှင့် ပတ်သက်၍ ဆရာတော်ကြီးအား တွေ့ဆုံမေးမြန်းရာတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပုပ်ရဟန်းမင်းကြီး ဖရစ်စစ် Valentine Day တစ်ခုမှာပေ့ါလေ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကဖြစ်မယ် ထင်ပါတယ်။ သူလူငယ်မောင်မယ်တွေအတွက် သူပြောခဲ့တဲ့ စကားလေးတစ်ခွန်းရှိတယ်ပေ့ါ။ အဲ့ဒါဘာလို့ဆိုရင် ငါတို့ မင်္ဂလာဆောင်တဲ့အခါမှာ ဘယ်နေရာမှာဆောင်မယ်။ ဘယ်လိုမျိုး ကျင်းပမယ်ဆိုတာကို အာရုံထားတာထက် ငါတို့ မင်္ဂလာဆောင်တဲ့အချိန်မှာ ထားတဲ့ဂတိကို ဘယ်လိုမျိုး ငါတို့ ဆောင်ထိန်းကြမယ် တန်ဖိုးထားကြမယ်ဆိုတာကို ဦးစားပေးပါဆိုတဲ့ စကားလေး လမ်းညွှန်မှု တစ်ခုရှိတယ်ပေ့ါ။ ဆိုတော့ အခုဆိုရင် တွေ့ရတာက Pre-wedding စသည်ဖြင့်ပေ့ါနော် မင်္ဂလာမဆောင်ခင်ကတည်းကိုက ဓာတ်ပုံတွေရိုက်ကြမယ် စသည်ဖြင့်ပေ့ါနော် တတ်နိုင်တဲ့သူကလည်း တတ်နိုင်တဲ့သူလျောက်ပေ့ါ။ အဲ့လိုမျိုး ပြင်ဆင်သလိုပဲ တကယ်ပဲကိုယ့်မိသားစုတစ်ခုကိုတည်ဆောက်တဲ့အချိန်မှာ ငါအဖေဖြစ်လာရင် ငါအမေဖြစ်လာရင် ငါ့ရဲ့ဇနီးသည် အတွက် ငါ့ရဲ့ခင်ပွန်းသည်အတွင် ငါဘယ်လိုမျိုးတာဝန်ကျေတဲ့ ခင်ပွန်းသည် ဇနီးသည်ဖြစ်မလဲ။ ငါ့ရဲ့ သားတွေ သမီးတွေအတွက် ဘယ်လိုမျိုး အကောင်းဆုံးဖြစ်အောင် ငါတို့ဘယ်လိုမျိုးပြင်ဆင်မလဲ။ ငါ့ရဲ့ မိသားစုဘဝမှာ တွေ့ဆုံနိုင်တဲ့ အခက်အခဲတွေက ဘာတွေဖြစ်နိုင်မလဲ။" ဟု မင်္ဂလာမဆောင်မီ အိမ်ထောင်ရှင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုတင်ပြင်ဆင်သင့်ကြောင်း ဆရာတော်ကြီးက လူငယ်များကို တိုင်တွန်းခဲ့သည်။

ဆရာတော်ကြီးက အိမ်ထောင်တစ်ခုတွင် သံသယ အက်ကြောင်းသည် အိမ်ထောင် ပြိုကွဲသွားသည့်အထိ ဖြစ်စေနိုင်ပြီး အိမ်ထောင်ရှင်ဘဝတွင် မိမိ၏အိမ်ထောင်ဖက် သံသယဖြစ်စေမည့် ကိစ္စရပ်များကို သတိထားရှောင်ကျဉ်သင့်ကြောင်းကိုလည်း လမ်းညွှန်မှာကြားခဲ့သည်။

"သံသယအက်ကြောင်းဆိုတာ အင်မတန်မှ သတိထားရမယ့် ကိစ္စပေ့ါ။ လင်နဲ့ မယားဟာ အကြောင်းတစ်ခုခုကြောင့်မို့ သံသယဖြစ်သွားပြီဆိုတာနဲ့ ဒီအက်ကြောင်းလေးပေါ်မှာ မူတည်ပြီးတဲ့နောက် ကွဲပြားသွားတဲ့အထိကို ဖြစ်သွားနိုင်တယ်ပေ့ါ။ မိသားစုတစ်ခု ပြိုကွဲသွားနိုင်တယ်။ ဒါကြောင့် သံသယအက်ကြောင်းဖြစ်နိုင်တဲ့ အပြုအမူတွေ အပြောအဆိုတွေ အပေါင်းအသင်းတွေပေ့ါ။ တစ်ဖက်မှာလည်းပဲ အရင်က ကိုနဲ့ ပြောမနာ ဆိုမနာ ပေါင်းသင်းခဲ့တဲ့သူတွေရှိလိမ့်မယ်။ ဒါပေမယ့် ကိုယ့်ရဲ့ သူငယ်ချင်းတွေက အိမ်ထောင်ကျသွားပြီဆိုရင် နဂိုလိုမျိုး နောက်တာပြောင်တာ ပြောတာဆိုတာတွေက ကိုယ့်အချင်းချင်းက ကိစ္စမရှိပေမယ့် ခင်ပွန်းသည်၊ ဇနီးသည် ရှေ့မှာတော့ ဒါလည်း သတိထားပေးဖို့ လိုအပ်တယ်ပေ့ါ။" ဟု မိန့်ကြားခဲ့သည်။

ထို့အပြင် ဆရာတော်ကြီးက ဘဝလက်တွဲဖော်ကို အချိန်ယူသေချာလေ့လာရန် လိုအပ်ကြောင်းနှင့် ဘာသာဝင် လူငယ်များ၏ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမိဘများနှင့် သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များမှလည်း ပြင်ဆင်လမ်းညွှန်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။



"သူတို့ရဲ့ အိမ်ထောင်ရေးမှာ ဘုန်းတော်ကြီးတွေ၊ ကိုရင်၊ သီလရှင်တွေ စသည်ဖြင့်ပေ့ါနော် ကျွန်တော်တို့က စနစ်တကျ ပြင်ဆင်ပေးဖို့လို့တယ်။ ဆိုတော့ အဓိက ကတော့ လက်ဦးဆရာ မည်ထိုက်စွာ ပုပ္ပစရိယမိနှင့်ဖဆိုတဲ့အတိုင်း ကိုယ့်အိမ်မှာ အမေနဲ့ အဖေက စည်းစည်းလုံးလုံးလေး တစ်ယောက်နဲ့တစ်ယောက် သည်းခံမယ်၊ ခွင့်လွှတ်မယ်၊ နားလည်မယ် စသည်ဖြင့် ပြေရာ ပြေငြိမ်းနေကြမယ်ဆိုရင် ဒါက ကိုယ့်ရဲ့ သားလေးတွေ သမီးလေးတွေ တစ်ချိန်မှာ မိသားစုမှာ အဖေအမေတွေဖြစ်လာမယ့် လူငယ်မောင်မယ်လေးတွေကို သူတို့က ပုံသွင်းပေးရာ ရောက်တာပေ့ါ။" ဟု ဆရာတော်ကြီးက မိန့်ကြားခဲ့သည်။

ချမ်းဇော်အောင်၊ CBCM-OSC

Ewuapmiaomoon rrtouu xe;or;apmia&mu \/

# ဘာသာပေါင်းစုံ နှစ်သစ်မင်္ဂလာ စုပေါင်းဆုတောင်းပွဲအခမ်းအနား



ပုသိမ် ဂိုဏ်းအုပ်သာသနာ ပုသိမ်မြို့စိန့်ပီတယ် ကာသီဒြယ် ကျောင်းဝင်းရှိ သာသနာ့ခန်းမ ဆောင်တွင် ငြိမ်းချမ်းမေတ္တာ (မြန်မာ) မှ ကြီးမှူးကျင်းပသော ဘာသာပေါင်းစုံ နှစ်သစ် မင်္ဂလာစုပေါင်း ဆုတောင်းပွဲအခမ်းအနားကို ဇန်နဝါရီလ တစ်ရက်နံနက်ပိုင်းက ကျင်းပခဲ့ပြုလုပ်ခဲ့ပါသည်။

၎င်း ဘာသာပေါင်းစုံ နှစ်သစ်ဆုတောင်းပွဲ အခမ်းအနားကို နံနက် (၉) နာရီတွင်စတင်ခဲ့ပြီး ပုသိမ်ဂိုဏ်းအုပ် ဆရာတော် ဂျွန်မန်းဆိမ်းဟိုမှ အဖွင့်ဆုတောင်း မေတ္တာဖြင့်ဖွင့်လှစ်ပေးခဲ့ပြီး နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားမြွက်ကြားပေးခဲ့သည်။ထို့နောက် ဘာသာကြီး (၄) ဘာသာ၏ အ ကြီးအကဲများက ငြိမ်းချမ်းရေးဆီမီးတိုင်များကို ထွန်းညှိကြပြီး ဘာသာကြီး (၄)ဘာသာ ခေါင်းဆောင်များမှ တစ်ဦးချင်းစီ နှုတ်ခွန်း ဆက်အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် နှစ်သစ် မင်္ဂလာတေးသီချင်းများ ကလေးငယ်များ၏ ငြိမ်းချမ်းခြင်းအကပဒေသာများဖြင့် နှစ်သက်ကို ကြိုဆိုခဲ့ကြပြီး နောက် တက်ရောက်လာကြသော ဘာသာကြီး (၄) ခုမှ ကိုယ်စားလှယ်များသည် မိမိတို့ဘာသာနှင့် အခြားဘာသာများ အပေါ်ခြုံငုံသုံးသပ် အကြံဉာဏ်များပေး ဆွေးနွေးပွဲများ ဆက်လက် ပြုလုပ်ခဲ့ကြသည်။ မွန်းလွဲ (၂) နာရီတွင်ကျောင်းထိုင်ဘုန်း တော်ကြီး မွန်စီညော် ဝီးဖရက်မြင့်စိုးမှ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနား ကို ရုပ်သိမ်းခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# ဆရာတော် ဂျွန်မန်းဆိမ်းဟို၏ တောင်ချောင်းသာသနာ သို့ သိုးထိန်းနယ်လှည့်ခရီးစဉ်တွင် လူငယ် ၁၁၀ ယောက် ခရစ္စမားအားပေးခြင်းမင်္ဂလာတော်မြတ်ခံယူခဲ့

ပုသိမ် ဂိုဏ်းအုပ် သာသနာပိုင် ဆရာတော်ကြီး ဂျွန် မန်းဆိမ်းဟို သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ငပုတောမြို့မှ စက်လှေဖြင့် တောင်ချောင်း သာသနာသို့ ထွက်ခွာပြီး ညနေ ၃ နာရီခွဲအချိန်တွင် တောင်ချောင်း သာသနာသို့ ရောက် ရှိခဲ့သည်။

တောင်ချောင်း သာသနာ ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် စိန်ပေါလ် သီလရှင်များ၊ ဘာသာဝင်များက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြခဲ့ကြပြီး အဖဆရာတော် ဘုရားမှ ဘာသာဝင်များအား ကျေးဇူးတင် အမှာစကားပြောကြားခဲ့ပါသည်။

ညနေ ၇ နာရီတွင် အဖဆရာတော်ဘုရားအား တောင်ချောင်းသာသနာရှိ ဘာသာဝင် သားသမီးများက ဂုဏ်ပြု အက ပဒေသာဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြပါသည်။

ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက် ၇ နာရီခွဲတွင် အဖ ဆရာတော်ဘုရား သည်



သာသနာ့ ခန်းမဆောင်ကို ကောင်းချီးပေး ဖွင့်လှစ်ခဲ့ပြီး ဘာသာဝင်များနှင့်အတူ မစ္ဆားတရားကို ပူဇော်ခဲ့သည်။ ၎င်းမစ္ဆား တရားတော်မြတ်တွင် အရွယ်ရောက်ပြီး လူငယ် ၁၁၀ ယောက်သည် ဆရာတော်ကြီး ဂျွန် မန်းဆိမ်းဟို၏ လက်တော်မှ ခရစ္စမား အားပေးခြင်းမင်္ဂလာတော်မြတ် ခံယူခဲ့ကြသည်။ ထို့နောက် အဖဆရာတော်သည် ဘာသာဝင်များနှင့် ရဟန်း၊ သီလရှင်များကို နှုတ်ဆက်ကာ နေ့လည် ၁၂ နာရီခန့်တွင် ပုသိမ်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

Pathein OSC

# သီလရှင်အဖွားဆောင်တွင် ကျင်းပသော မွေးနေ့



ဇန်နဝါရီလ၏ မွေးနေ့ရှင်များဖြစ်ကြသော ဘုန်းတော်ကြီး ဘောစကို၊ စစ္စတာရဲ ပါစကား၊ စစ္စတာရဲဒေါရစ်၊ စစ္စတာရဲ အိုင်ရင်း၊ စစ္စတာရဲအန်းရိုစ် တို့၏ မွေးနေ့ပွဲကို ဇန်နဝါရီလ ၅ ရက်က ပုသိမ်ဂိုဏ်းအုပ်သာသနာ ပုသိမ်မြို့မင်းကြီးလမ်းရှိ သီလရှင်အဖွားဆောင်တွင် စုပေါင်းကျင်းပခဲ့ကြသည်။

မွေးနေ့ပွဲကို ညနေ (၅) နာရီခန့်တွင် စစ္စတာရဲ လူစီယား၏ ဆုတောင်းမေတ္တာဖြင့် စတင်ခဲ့ပြီး ၎င်းမွေးနေ့ပွဲသို့ ပုသိမ်ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျွန်မန်းဆိမ်းဟို တက်ရောက်ပါဝင်ခဲ့ပြီး မွေးနေ့နှုတ်ခွန်းဆက် ဩဝါဒစကား မြွက်ကြားပေးခဲ့သည်။

ထို့နောက် မွေးနေ့ကိတ်အားကောင်းကြီးပေးခဲ့ကြကာ မွေးနေ့ရှင်များမှ မွေးနေ့ကိတ်ကို ကြွရောက်လာသော ဧည့်သည်များအား ဝေငှခဲ့ကြသည်။ ဆက်လက်၍ မွေးနေ့ရှင်များမှ တည်ခင်းကျွေးမွေးသော စားသောက်ဖွယ်ရာများကို အတူတကွ သုံးဆောင်ကြပါသည်။

အဆိုပါမွေးနေ့ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ပုသိမ်-မိခင်အသင်းမှ အဖွားဆောင်အတွက် ဆန် (၁) အိတ်၊ ဆီ (၂) ဘူး တို့ကိုလှူဒါန်းခဲ့ရာ စစ္စတာရဲကြီး အန်းရိုစ်မှ လက်ခံ ပေးခဲ့ပါသည်။

နန့် ဂျူလိုင်အေး (ပုသိမ်)

## ပုသိမ်၊ လွိုင်ကော် သာသနာနှစ်ခု တွေ့ဆုံဆွေးနွေးခြင်း

ပုသိမ် သာသနာ၏ ကော်မရှင် အသီးသီးမှ ကိုယ်စားလှယ်များသည် လွိုင်ကော် သာသနာသို့ ဒီဇင်ဘာလ ၆ ရက်နေ့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိကြပြီး လွိုင်ကော် ဆရာတော် စတီးဖင်းတျေးဖဲအား ရိုသေ ဂါရဝ ပြုရင်း ခရစ္စမတ်ကယ်ရယ်သီချင်းဖြင့် နှုတ်ဆက် ခဲ့ကြသည်။

ဒီဇင်ဘာလ ၇ ရက်နေ့ နံနက် ၈ နာ ရီ မှ စတင်၍ ပုသိမ်သာသနာ နှင့် လွိုင်ကော် သာသနာ တို့သည် သာသနာ့ လုပ်ငန်း လုပ်ဆောင်ခြင်း အတွေ့အကြုံများ တွေ့ဆုံ နီးနှောဖလှယ်ပွဲကို ပြုလုပ်ကြပါသည်။

ဤတွေ့ဆုံပွဲကို လွိုင်ကော် ဆရာတော် ကိုယ်တိုင်ပါဝင်ကာ ဆွေးနွေးခဲ့ပြီး မိခင် အဖွဲ့အစည်း၊ ဓမ္မဆရာအဖွဲ့အစည်း၊ မာရီယာ တမန်တော် အဖွဲ့အစည်းများ၏ လုပ်ဆောင် မှုများကို အဓိကထား ဆွေးနွေး ခဲ့ကြပါသည်။ တွေ့ဆုံဆွေးနွေးပြီးအချိန်တွင် လွိုင်ကော်သာသနာ ၏ ကော်မရှင် အသီးသီးမှရုံးများသို့ လုပ်ငန်းဆောင်တာများကို ကြည့်ရှု လေ့လာခဲ့ကြပါသည်။

PATHEIN OSC



## သက်ထွေးလူငယ်သင်တန်း



သက်ထွေး လူငယ်များ အတွက် (၄) ရက်တာ သင်တန်းတစ်ရပ်ကို ပုသိမ် ဂိုဏ်းအုပ်သာသနာ ပုသိမ်မြို့ရှိ စိန့်ပီတယ် ဘုရားကျောင်းတွင် ဇန်နဝါရီလ ၂၆ ရက် မှ ၂၉ နေ့ အထိ ကျင်းပပြုလုပ်ခဲ့ကြသည်။

၂၆ ရက် ညနေ (၆) နာရီတွင် အဆိုပါ သင်တန်းကို ကျောင်းထိုင် ဘုန်းတော်ကြီး မွန်စီညော် ဝီးဖရက်မြင့်စိုးမှ အဖွင့်ဆုတောင်း မေတ္တာဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး ဩဝါဒ လမ်းညွှန်အမှာစကား မွက်ကြားပေးခဲ့ပါသည်။

သင်တန်းတွင် မွန်ဆီညော် ဝီးဖရက် မြင့်စိုး၊ ဘုန်းတော်ကြီးဖရန်စစ်၊ Sister နီအယ်လင်း၊ ဓမ္မဆရာမ ဒေါ်အယ်မာ၊ ဓမ္မဆရာမ ဒေါ်စီစီတို့မှ အသီးသီးပို့ချ ပေးခဲ့သည်။

၎င်း သက်ထွေး လူငယ်သင်တန်းတွင် လူငယ်(ကလေးငယ်) စုစုပေါင်း (၈၀) ဦး တင်ရောက်ခဲ့ပြီး ကလေးငယ်(၁၀) ဦး ကိုယ်တော်မြတ်စက္ကရမင်တူးကို ခံယူခဲ့ကြသည်။

နန့် ဂျူလိုင်အေး(ပုသိမ်)

## သမီးငယ် JU JU ANGEL အတွက် ရည်စူး၍ ညနေစာလှူဒါန်း

ကွယ်လွန်သူသမီးငယ် Ju Ju Angel အားရည်စူး၍ အိုင်ယာလန်နိုင်ငံတွင် နေထိုင်ကြသော အဘိုး၊ အဖွား၊ မိဘများမှ ဇန်နဝါရီလ ၄ ရက် ညနေတွင် ပုသိမ်မြို့၊ မဟာဗောဓိလမ်းရှိ St. Bruno ပရဟိတဂေဟာသို့လာရောက်၍ ကလေးများအားညနေစာ အာဟာရအဖြစ် ဒန်ပေါက်နှင့် အချိုရည်တို့အား ကျွေးမွေးလှူဒါန်းသွားခဲ့ကြပါသည်။

ထိုသို့လှူဒါန်းခြင်းအတွက် ကျောင်းအုပ် Bro ကြီး Vincent မှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ကွယ်လွန်သူသမီးငယ် Ju Ju Angel အတွက် ကလေးငယ်များ နှင့်အတူတကွ ဆုတောင်းပေးခဲ့သြည်။

နန့် ဂျူလိုင်အေး(ပုသိမ်)



## တောင်ငူသာသနာ မိတ်သလင်တောင်တိုက်နယ်ရှိ ဓမ္မဆရာများနှင့် ကျောင်းဒကာများ ဝတ်စောင့်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးကြီး



တောင်ငူသာသနာ မိတ်သလင်တောင်တိုက်နယ်ရှိ ဓမ္မဆရာများနှင့် ကျောင်းဒကာများ၏ ဝတ်စောင့်ပွဲ၊နှစ်ပတ်လည်အစည်းအဝေးကြီး၊ နှစ်သစ်ကူးပွဲနှင့်ဘုရား၏ သန့်ရှင်းသောမယ်တော်သခင်မပွဲကို ဒီဇင်ဘာ ၃၁ နှင့် ဇန္နဝါရီ ၁ ရက် နေ့များတွင် တောင်နန်းချို အောက် ကျေးရွာ၊ ဘုရား၏သန့်ရှင်းသောမယ်တော်သခင်မ ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ကျောင်းထိုင်ဘုန်းတော်ကြီး Rev. Fr. Richard Ah Kho နှင့် Sister ဘက်နက်ဒက်မြတ်နှင်းနွယ်တို့မှ သွန်သင်ချက်များ ဝေမျှပေးခဲ့ပြီး သာသနာပြုကလေးများအတွက်ပျော်ပွဲရွှင်ပွဲနှင့် တိုက်နယ်လုံး ကျေးရွာအသီးသီးမှဘော်လီဘောပြိုင်ပွဲ ကျင်းပခဲ့ကြပါသည်။

ပထမဆုကို တောင်နန်းချိုအောက်ကျေးရွာ မှလည်းကောင်း၊ ဒုတိယဆုကို သံတောင်ကလေးကျေးရွာ၊ တတိယဆုကို နဂါး တောင်ကျေးရွာတို့မှ ဆွတ်ခူး ရရှိခဲ့ကြကာ ဝတ်စောင့်ပွဲတွင် ပါဝင်ခဲ့သူ (၂၉) ဦးရှိပါသည်။

ဒက်ဖူးမယ်(I.S.R)

မြစ်ဆုံ ရေကာတာ ဆောက်လုပ်ခြင်းကို အပြီးအပိုင် ရပ်တန့်ရေး ဝိုင်းဝန်း လုပ်ဆောင်ကြရန် ကာဒီနယ်ချားလ်စ်ဘို ၏ သဝဏ်လွှာ

# ကျွန်ုပ်တို့ရဲ့မိခင် ဧရာဝတီမြစ်ကို ရောင်းမစားကြပါနဲ့တော့

ကျွန်ုပ်တို့မြန်မာပြည်သူပြည်သားများဟာ အငိုမျက်လုံး၊ အကြောက်မျက်နှာ၊ ကြေကွဲနှလုံးတွေနဲ့ ကျွန်ုပ်တို့ရဲ့ အုပ်ချုပ်သူအစိုးရကိုရော၊ နိုင်ငံတကာ အသိုင်းအဝိုင်းကိုပါ သတင်းစကား ပါးလိုပါတယ်။ အင်အားကြီးနိုင်ငံရဲ့ လောဘကြောင့် မြစ်ဆုံစီမံကိန်းကို အကြောင်းပြုပြီး ကျွန်ုပ်တို့ရဲ့အမိ ဧရာဝတီမြစ်ကို ဆုံးရှုံးရတော့ မယ့်အခြေအနေမျိုးရောက်နေပါပြီ။ ဒါကြောင့် မြန်မာနိုင်ငံက ဆင်းရဲသူလူတန်းစားကို အားပေးထောက်ခံဖို့ စိတ်ကောင်းနှလုံးကောင်း ရှိသူအားလုံးကို မြန်မာနိုင်ငံသားတိုင်းက တောင်းဆိုလိုပါတယ်။

ဧရာဝတီဆိုတာ ကျွန်ုပ်တို့အတွက် မြစ်တစ်စင်းသက်သက် မဟုတ်ပါဘူး။ သူ့ကို ရောင်းကုန်တစ်ခုလို ကုန်ကူးဖလှယ်လို့ မရပါဘူး။ ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံသားတိုင်း အမြတ်တနိုးတန်ဖိုးထားတဲ့ မိခင်မြစ်ဖြစ်ပါတယ်။ ဧရာဝတီရဲ့သမိုင်းဟာ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းနဲ့အတူ ပါဝင် စီးမျောနေခဲ့ပါတယ်။ ကျွန်ုပ်တို့ နိုင်ငံအတွက် ဧရာဝတီဟာ လည်ဆွဲရတနာတစ်ပါးလိုပါပဲ။ ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံတစ်ခုလုံးကို ဖြတ်သန်းပြီး မိုင်ပေါင်း ထောင်ကျော် စီးဆင်းနေပါတယ်။ နိုင်ငံ့သမိုင်းရဲ့ဝမ်းမြောက်စရာဖြစ်ရပ်၊ ကြေကွဲစရာဖြစ် ရပ်နဲ့ ပဋိပက္ခအရပ်ရပ်တွေကို ဧရာဝတီက သက်သေခံနေပါတယ်။ ဧရာဝတီဖြစ်ဟာ ကျွန်ုပ်တို့ရဲ့မျှော်လင့်ချက်ဖြစ်ပြီး ကျွန်ုပ်တို့ရဲ့ပန်းတိုင်လည်းဖြစ်ပါတယ်။

နိုင်ငံ့လူဦးရေရဲ့ (၈၀) ရာခိုင်နှုန်းက လယ်ယာစိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ နိုင်ငံမှာ ဧရာဝတီဟာ ပြည်သူပြည်သားတို့ရဲ့ စားဝတ်နေရေးအတွက် ကျရာတာဝန်ကို မပျက်မကွက် လိုက်ပါ ထမ်းဆောင်ပေးနေပါတယ်။ သူ့ရဲ့ခမ်းနားထည်ဝါပုံ၊ တောင်အသွယ်သွယ်ကို ကွေ့ပတ်စီးဆင်းပုံ၊ နိုင်ငံရဲ့အသည်း နှလုံးတစ်လျှောက် ဖြတ်သန်းစီးဆင်းပုံနဲ့ ဆင်းရဲသားလယ်သမားတွေအပေါ် ထားရှိတဲ့စေတနာတို့ကြောင့် ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံရဲ့ မွန်မြတ်တဲ့ ပြယုဂ်တစ်ခုဖြစ်လာခဲ့ပါပြီ။ ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှာ ဘုရားပုထိုးတွေကို ထောင်နဲ့ချီပြီး တည်ထားတာဖြစ်တဲ့အတွက် ကျွန်ုပ်တို့နိုင်ငံမှာ ဧရာဝတီမြစ်ဟာ အသန့်ရှင်း အမွန်မြတ်ဆုံးသောသင်္ကေတတစ်ခုလည်းဖြစ်ပါတယ်။

ဒီလိုသန့်ရှင်းမွန်မြတ်တဲ့မိခင်မြစ်တစ်စင်းဟာ အခု ရောင်းကုန်တစ်ခုလိုဖြစ်နေပါတယ်။ အင်အားကြီး နိုင်ငံတွေဟာ ဒီနိုင်ငံကနေ ရသမျှ အကုန်လုံး လိုချင်နေပါတော့တယ်။ သူတို့ဟာ ကျွန်ုပ်တို့ရဲ့အခြေအနေကို အကျပ်ကိုင်ပြီး မြန်မာနိုင်ငံကို ခြိမ်းခြောက်နေကြပါတယ်။ မြန်မာပြည်ရဲ့မြောက်ပိုင်းဒေသတွေမှာ သူတို့ဟာ ကျွန်ုပ်တို့ရဲ့အမျိုးသမီးငယ်တွေကို လူကုန်ကူးနေကြပါတယ်။ အခုလည်း ကျွန်ုပ်တို့ရဲ့အမိ ဧရာဝတီမြစ်ဟာ အဲဒီလို ကံကြမ္မာမျိုးနဲ့ ရင်ဆိုင်နေရပါပြီ။ မကြာမြင့်မီက နိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့အခြေအနေအရပ်ရပ်တွေကြောင့် တချို့သောတိုင်းနိုင်ငံတွေဟာ ကျွန်ုပ်တို့တိုင်းပြည်ကို ပိုမိုဖိအားပေးလာ ကြပါတယ်။ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း စတာတွေကို စိတ် လွတ်လက်လွတ်လုပ်ဆောင်လာကြပါတယ်။

ဒီအချိန်ဟာ စိတ်နှလုံး မချမ်းမြေ့ဖွယ်၊ ဝမ်းနည်းဖွယ် ကာလပါပဲ။

မြစ်ဆုံရေကာတာစီမံကိန်းဟာ မြန်မာပြည်သူတွေကို သေဒဏ်ချလိုက်သလိုပါပဲ။ သန်းပေါင်းများစွာသောလယ်သမားတွေဟာ စားဝတ်နေရေးဒုက္ခနဲ့ကြုံတွေ့လာနိုင်တယ်။ ဒီဆိုးကျိုးက မြစ်ကမ်းတစ်လျှောက်က စေတီပုထိုးတွေအပေါ်လည်း သက်ရောက်မှုရှိလာနိုင်တယ်။ ကျွန်ုပ်တို့နိုင်ငံရဲ့သစ်ပင်ပန်းမာလ်နဲ့ တိရစ္ဆာန် တွေသေကြေပျက်စီးနိုင်တယ်။ တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့အခြေအနေပါ။ ရေကာတာဟာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေပါတယ်။ မြစ်ဆုံရေကာတာစီမံကိန်းဟာ ရှည်ကြာနေတဲ့စစ်ပွဲကို အဆိပ်ရည်ထပ်လောင်းလိုက်သလိုပါပဲ။ ငြိမ်းချမ်းရေးရောင်ခြည်လည်း ပျောက်ကွယ်သွားပါလိမ့်မယ်။

မြန်မာပြည်သူတွေအတွက် မှောင်မိုက်တဲ့အနာဂတ်က စောင့်နေပါတယ်။ ကျွန်ုပ်တို့ဒီလိုခံစားရဖို့ မထိုက်တန်ပါဘူး။ အနာဂတ်မှာ ငြိမ်းချမ်းဖို့အတွက် မြစ်ဆုံရေကာတာစီမံကိန်းကို ရပ်ပစ်လိုက်ရပါမယ်။ သမ္မတဟောင်း ဦးသိန်းစိန်ဟာ သတ္တိရှိရှိနဲ့ ရေကာတာစီမံကိန်းကို ဆိုင်းငံ့ခဲ့ပါတယ်။ ဧရာဝတီမြစ်ကို အလွဲသုံးစားပြုမယ့် ဘယ်စာချုပ်မျိုးကိုမဆို ပယ်ဖျက်မယ်ဆိုရင် မြန်မာပြည်သူပြည်သားအားလုံးက ထောက်ခံမယ်ဆိုတာ ကျွန်ုပ်တို့ယုံကြည်ပါတယ်။ မြစ်ဆုံစီမံကိန်းကို ပြန်လည်စတင်ဖို့ ထောက်ခံသူတွေဟာ ငွေရေးကြေးရေးအတွက် ကိုယ့်မိဘကို အသုံးချလိုတဲ့ သားသမီးများလိုပါပဲ။ ကျွန်ုပ်တို့ရဲ့အမိ ဧရာဝတီမြစ်ကို ရောင်းစားခဲ့တဲ့သူတွေကို သမိုင်းက ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ပါဘူး။

မြန်မာပြည်သူပြည်သားအားလုံးရဲ့ကိုယ်စား၊ အထူးသဖြင့် ဆင်းရဲသားတောင်သူလယ်သမားများရဲ့ ကိုယ်စား သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျွန်ုပ်တို့အခိုင်အမာတောင်းဆိုချင်တာကတော့ ကျွန်ုပ်တို့ရဲ့မိခင် ဧရာဝတီမြစ်ကို ကိုယ်ကျိုးအတွက် အသုံးချမယ့်လုပ်ရပ်မျိုးကို ရပ်တန့်ကရပ်ကြပါ။ မြန်မာနိုင်ငံသားအားလုံး ကိုလည်း ဧရာဝတီမြစ်ရဲ့ဂုဏ်သိက္ခာကို အတူတကွလက်တွဲပြီး ကာကွယ်ကြပါလို့ ကျွန်ုပ်တို့တောင်းဆိုလိုပါတယ်။ ကျွန်ုပ်တို့ရဲ့နိုင်ငံ့ခေါင်းဆောင်တွေဟာလည်း နိုင်ငံရဲ့ပန်းတိုင်နဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးမယ့် ကြိုးပမ်းအားထုတ်မှုအားလုံးကို ကြံ့ကြံ့ခံပြီး တွန်းလှန် သွားလိမ့်မယ်လို့ ကျွန်ုပ်တို့ယုံကြည်မျှော်လင့်ထားပါတယ်။

ကာဒီနယ်ချားလ်စ်မောင်ဘို၊ DD, SDB
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင်ဆရာတော်
မြန်မာနိုင်ငံ

# ၃၄ ကြိမ်မြောက် ကမ္ဘာ့ လူငယ်များနေ့ ပွဲတော် | ပနားမား နိုင်ငံ | ၂၂ -၂၇ ဇန်နဝါရီ ၂၀၁၉





ပနားမား နိုင်ငံသို့ ကြွရောက်လာသော ပုပ်ရဟန်းမင်းကြီးအား သောင်းသောင်းဖျဖျ ခရီးဦးကြိုပြုခဲ့ကြသည်



အစိုးရအဖွဲ့ဝင်များနှင့် သံတမန်များအား မိန့်ခွန်းစကား ပြောကြားခဲ့သည်



ကမ္ဘာတစ်ဝှမ်းမှ စုရုံးရောက်ရှိလာကြသော လူငယ်မောင်မယ်များ








လူငယ်များ၏ အာပတ်ဖြေခြင်းကိုနားထောင်ပေးခဲ့သည်



ကမ္ဘာ့လူငယ်များနေ့ အခမ်းအနားများ ကျင်းပပြုလုပ်ရာ စင်မြင့်နှင့် ကွင်းပြင်



ကမ္ဘာ့လူငယ်များနေ့၏ အပိတ်မစ္ဆားတရားတော်မြတ်ကို ဇန်နဝါရီ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ရာ လူထု ပရိတ်သတ် ၇ သိန်းခန့် ပါဝင်တက်ရောက်ခဲ့သည်။

# လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ခုံရုံးများ ပေါ်ပေါက်လာရေး ပေါင်းစပ်ညှိနှိုင်းရေးများ ဆောင်ရွက်ပေးရသူ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ လက်ထောက်ဆရာတော် ဂျွန်စောယောဟန်နှင့် တွေ့ဆုံမေးမြန်းခြင်း

လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ခုံရုံးများ ပေါ်ပေါက်လာရေး ယခုလ ဇန်နဝါရီလထဲက မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် CBCM ကျောင်းတိုက်၌ ဆရာတော်များ၊ ဘုန်းတော်ကြီးများပါဝင်၍ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ ၎င်းဆွေးနွေးမှုများနှင့် ပတ်သက်၍ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ခုံရုံးများ ပေါ်ပေါက်လာရေး ပေါင်းစပ်ညှိနှိုင်းရေးများ ဆောင်ရွက်ပေးရသူ ရန်ကုန်ဂိုဏ်းချုပ်သာသနာမှ လက်ထောက်ဆရာတော်ကြီး ဂျွန်စောယောဟန်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။



မေး ။ ။ အခုလို အဖဆရာတော်နဲ့ တွေ့ဆုံမေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုယ်တော်။ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ခုံရုံးများ ပေါ်ပေါက်လာရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲများပြုလုပ်နေတယ်ဆိုတာ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေအကြောင်း သိပါစေ။

ဖြေ ။ ။ အခုဒီလ (ဇန်နဝါရီလ) ၁၃ ကနေ ၁၅ အထိ မြန်မာတစ်နိုင်ငံလုံးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ကာနွန် ဘွဲ့ရထားတဲ့ ဘုန်းတော်ကြီးများကို ဖိတ်ပြီး အဓိကကတော့ ဒီ Tribunal (ခုံရုံး) ပေါ့၊ Marriage နဲ့ ပတ်သက်တဲ့ Tribunal ကို Established လုပ်ဖို့ပေါ့နော်။ အဲ့ဒါကို ပြင်ဆင်နေတဲ့ အပိုင်းပေါ့။ ဒီအပိုင်းမှာ ဝိုင်းဝန်းပြီးတော့ ဆွေးနွေးနေကြတယ်။ တစ်ဖက်မှာလည်းပဲ Rome ကို လှမ်းပြီး အကြံဉာဏ်တောင်းတယ်၊ ယူတယ်ပေါ့။ ပြီးတော့ ဟိုက ညွှန်ကြားချက်တွေနဲ့အညီ လိုအပ်ချက်တွေနဲ့အညီ ဒီဘက်ကလည်း လိုအပ်ချက်တွေကို ဘယ်လိုမျိုး ဖြည့်ဆည်းလို့ ရနိုင်မလဲ။ တစ်ခါတစ်လေ သာသနာတစ်ခုထဲမှာ ဖြေရှင်းလို့ ရတာမျိုးရှိသလို တစ်ခါတစ်လေကျရင်လည်း Dioceses တွေမှာ Human Resources မရှိတဲ့ အခါ အခြား Diocese နဲ့ ပေါင်းပြီးလုပ်ရတာမျိုးလည်းရှိတယ်။ အခုဒီမှာ အဓိက ကတော့ Tribunal နှစ်မျိုးခွဲဖို့ ကြိုးစားနေတယ်ပေါ့လေ။ တစ်ခုကတော့ ဒီ Diocesan Tribunal ပေါ့။ နောက်တစ်ခုက inter diocesan Tribunal ဆိုပြီး အဖွဲ့နှစ်မျိုး မှာ inter diocesan Tribunal ဆိုတာကတော့ ဥပမာအားဖြင့် ရန်ကုန်မှာဆိုရင် သာသနာကြီး ၅ ခုပေါင်းစည်းထားတယ်ပေါ့။ ပုသိမ်၊ မော်လမြိုင်၊ ဘားအံ၊ ပြည် ၊ ရန်ကုန်စသဖြင့်ပေါ့နော် ၅ခုရှိတယ်။ အဲ့ဒီ ၅ ခုက သာသနာတစ်ခုမှာကာနွန်နဲ့ ဘွဲ့ရထားတဲ့ တစ်ပါးစီ ပေါင်းပြီးတဲ့နောက် Rome ရဲ့ ညွှန်ကြားချက်အတိုင်း Tribunal တစ်ခု ရှိဖို့ အတွက် လိုအပ်တဲ့ ဖွဲ့စည်းမှုလေးတွေကို ဖွဲ့စည်းဖို့ စတင်ပြီးတော့ ကြိုးစားနေတယ်။ ဖွဲ့စည်းဖို့ သတ်မှတ်ထားတဲ့ ဒီ structure တွေကိုတော့ ဟိုဘက်ကို တစ်ဆင့် ပို့ပေးမယ်ပေါ့လေ။ ပို့ပြီးပေးတဲ့အခါ ဟိုဘက်က လမ်းညွှန်ချက်ကို တစ်ခါပြန်စောင့်၊ လိုအပ်တာလေးတွေ၊ လမ်းညွှန်မှုလေးတွေကို အတတ်နိုင်ဆုံးဖြည့်ရင်းနဲ့ နောက်ဆုံး ဟိုဘက်ကနေ Approve ရတဲ့အထိ အဲ့လိုမျိုး စီစဉ်နေတယ်ပေါ့နော်။ ကြိုးစားနေတယ်ပေါ့။

မေး ။ ။ ဒီTribunal တွေ ဖွဲ့စည်းခြင်းမှာ ကိုယ်တော့်အနေနဲ့ ဘယ်အခန်းကဏ္ဍက ပါဝင်နေပါသလဲ။

ဖြေ ။ ။ ပြောရမယ်ဆိုရင် Canonist ကာနွန်ဥပဒေအရ မဟုတ်ပါဘူး။ ဒီအဖွဲ့နဲ့ ပတ်သက်ပြီး တာဝန်ပေးထားခြင်းခံရတာက ဒီ CBCM ရဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး Bishop Felix Lian Khen Thang ဖြစ်ပါတယ်။ သူ့ရဲ့ အခုလိုမျိုး အသင်းအဖွဲ့ ဖွဲ့စည်းဖို့ လုပ်ဆောင်တဲ့နေရာမှာ တတ်နိုင်တဲ့ ဘက်ကနေ တစ်ပိုင်တပိုင်း ကူညီပေးဖို့ ဆိုပြီးတော့ တာဝန်ပေးတယ်ပေါ့။ ရန်ကုန်မှာလည်း ရှိနေတဲ့အခါကျတော့လေ။ ဝိုင်းပြီးတော့ လုပ်ပေးမယ်။ ဥပဒေသောညာတော့ ကိုယ်လည်းအဲ့လိုမျိုးကြီးနားလည်တာတော့မရှိဘူး။ သို့သော်ငြားလည်း ဥပဒေပညာရှင်တွေကို ခေါ်ဖိတ်ပေးမယ်။ ပြီးတဲ့အခါမှာ ဒီလိုနေရာမှာ အစည်းအဝေးတွေ၊ Seminar တွေ ပြုလုပ်နိုင်ဖို့ ဆိုတာကိုတော့ ဒီကနေ ဝိုင်းပြီး အထောက်အကူ ပြုပေးနေတယ်ပေါ့။ ဒါကိုယ့်ရဲ့ ပါဝင်မှုပေါ့နော်။ တစ်ချိန် တည်းမှာပဲ Rome နဲ့ဆက်သွယ်တဲ့ နေရာမှာလည်းပဲ CBCM မှာ Secretary General အနေနဲ့ တာဝန်ကျတဲ့အခါ ဒီကာနွန်ဥပဒေနဲ့ ပတ်သက်တဲ့ ဆရာတော်ကြီးကိုလည်းပဲ အကူညီပေးရင်း ကိုယ်ကိုယ်တိုင်လည်းပဲ ဟိုဘက်ကို ဆက်သွယ်ရတဲ့ ကဏ္ဍလေးတွေ ဒီကမွန်ဆီညော် မေရစ်နဲ့ အတူတကွ တွဲပြီးလုပ်ရတဲ့ကဏ္ဍလေးတွေရှိသလို Rome မှာ ပညာသင်ကြားနေတဲ့ Phd study လုပ်နေတဲ့ ဖာသာတို့နဲ့လည်း ဆက်သွယ်တယ်။ သူတို့ကလည်းပဲ ဟိုကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကိုယ်တိုင် တွေ့ပြီးတဲ့နောက် လမ်းညွှန်မှုလေးတွေ ပြန်ယူပြီးတဲ့နောက် လုပ်ဆောင်နေရတယ်ပေါ့။ ဆိုတော့အဲ့အနေအထားကတော့ Coordinator ပုံစံမျိုးလေးပေါ့။ ဝိုင်းပြီး ဒါလေးဖွဲ့စည်းပြီး သွားအောင် ပြည်တွင်းမှာရော ပြည်ပမှာရော ပေါင်းဖက်ပေးတာလေးဝိုင်းပြီးတော့လုပ်ပေးနေတာလေး ရှိတယ်။

မေး ။ ။ ဒီTribunal တွေ အခြေတကျပေါ်ပေါက်လာဖို့ ဖွဲ့စည်းတဲ့ process က အချိန်ဘယ်လောက်လောက် ကြာနိုင်ပါလဲ။

ဖြေ ။ ။ အတိအကျကြီးတော့ ပြောဖို့တော့ နည်းနည်းခက်မယ်။ ဒါပေမယ့် ပထမပိုင်းလုပ်ဆောင်ခဲ့တဲ့ အနေအထားမှာတော့ တစ်တိုင်းပြည်လုံးမှာရှိတဲ့ သာသနာတွေအားလုံးအတွက်ကို ကျွန်တော်တို့ ရန်ကုန်ကနေ အထိုင်ချပြီးတဲ့နောက် Information တွေ စုပြီးတဲ့နောက် ဟိုဘက်ကို ပို့ပေးတယ်။ ဟိုဘက်ကနေပြန်လာတယ်။ ပြန်လာတာကို ဒီဘက်ကနေတစ်ဆင့် Information လေးတွေ တစ်ခါပြန်ပြီးတော့ နည်းနည်း indirect လိုဖြစ်နေတယ်။ သူ့ process ကလေ အဲ့လိုဖြစ်နေတဲ့ အခါကျတော့ အခုနောက်ပိုင်း ဟိုကနေပြီးတော့ တိုက်ရိုက်ဆက်သွယ်လို့ ရအောင်ဆိုပြီးတဲ့နောက် Address တွေ ပေးတယ်ပေါ့။ အခု ကျွန်တော်တို့ လုပ်နေတဲ့ အစည်းအဝေးမှာကျတော့ အဲ့ Information တွေ Address တွေကို သက်ဆိုင်ရာ သာသနာတွေကို ပေးလိုက်တယ်။ ပေးလိုက်ပြီးတဲ့နောက် Requirements တွေက ဘာတွေလည်းဆိုတာကို သူတို့ကို ပေးလိုက်ပြီးတော့ ကိုယ့်ဆိုင်ရာဆိုင်ရာ အသီးသီးသာသနာတွေကနေ ပြီးတဲ့နောက် Rome ကို တိုက်ရိုက် ဆက်သွယ်ဖို့ ဒီနေ့မှာတော့ အဲ့ဒါကို ရှင်းပြတယ်။ ပြီးရင် မိမိဆိုင်ရာ သာသနာအလိုက် သူတို့ Rome နဲ့ တိုက်ရိုက် ဆက်သွယ်ကြမှာပေါ့။ ပြီးတဲ့အခါကျမှပဲ ဟိုက Approve လုပ်တဲ့အခါကျမှပဲ ကျွန်တော်တို့က ဒီဟာကို စတင်ပြီး run လုပ်မယ်။

မေး ။ ။ ဒီဖြစ်စဉ်လုပ်ဆောင်မှုအပိုင်းတွေမှာ ဘယ်လိုနေရာမျိုးတွေမှာ ဘယ်လိုအခက်အခဲတွေနဲ့ ကြုံတွေ့နေရပါသလဲ။

ဖြေ ။ ။ လောလောဆယ်အနေအထားမှာတော့ ကျွန်တော်တို့ ဒီကာနွန်နဲ့ ပတ်သက်ပြီးတဲ့နောက် ပညာသင်ယူထားတဲ့ ပုဂ္ဂိုလ်တွေ သူတို့ရဲ့အင်အားက တစ်ချို့ သာသနာတွေမှာတော့ အားရှိတယ်ပေါ့လေ။ တစ်ချို့သာသနာတွေမှာတော့ အားမရှိဘူး။ ဥပမာ ရန်ကုန်ဆိုရင် ဒေါက်တာအဆင့် သွားလုပ်တဲ့ ဖာသာမြင့်စိုး သူကတော့ ဖိလစ်ပိုင်ကို သွားတယ်။ အဲ့မှာ သူ Phd သွားလုပ်တယ်ပေါ့လေ။ နောက် Phd Student တစ်ယောက် အီတလီမှာ ဖာသာအန်ဒရူး အောင်ကျော်ဦး တစ်ပါးရှိတယ်။ သူကတော့ နောက် နှစ်လောက်ဆိုရင် ကျောင်းပြီးတော့မယ်။ ပြန်လာပြီးတော့ ဒီမှာ အလုပ်ဝင်မယ်ပေါ့လေ။ နောက်လက်ရှိ သူနဲ့အတူ အခုဖြေးတော့ Canon Law သင်နေတဲ့ ဖာသာ တဲရင့်(စ်) ဆိုတဲ့ တစ်ပါးလည်းရှိတယ်။ Rome မှာပဲပေါ့နော်။ အခုနောက်တစ်ခါ တစ်ပါးကိုလည်းပဲ Canon Law နဲ့ ပတ်သက်ပြီးတဲ့နောက် ပို့ဖို့ ဆိုတော့ အဲ့ဒီ ဖာသာတွေ ပြန်လာပြီဆိုရင်တော့ ရန်ကုန် သာသနာမှာတော့ ပိုပြီးအားရှိလာမယ်ပေါ့။ အဲ့လိုမျိုးပဲ အခြားသာသနာတွေကလည်း မိမိတို့လိုအပ်တဲ့ Human Resources တွေနဲ့ ပတ်သက်ပြီး သူတို့လည်းပဲ ပို့ ကြမယ်လို့ မျှော်လင့်တယ်ပေါ့။ လောလောဆယ် အားသာတဲ့ သာသနာက အားနည်းတဲ့ သာသနာကို ဘယ်လိုကူညီနိုင်မလဲဆိုတဲ့ ဒီဆွေးနွေးမှုလေးတွေ ဒီအစည်းအဝေးမှာ လုပ်နေကြတယ်။ ဒီတစ်ခေါက် ကတော့ Meeting ဆိုတာထက် Seminar လာတက်ကြတဲ့ သဘော ရှိတယ်။ ဒီ ဖိလစ်ပိုင်က ဒီကာနယ်နဲ့သိတဲ့ Professor ကို ဖိတ်ကြားပြီး Tribunal နဲ့ပတ်သက်တဲ့ အကြောင်းတွေကိုလည်းပဲ သူကနေပြီး ပြောပြပေးတယ်။ တစ်ချိန်တည်းမှာပဲ ဘာသာတူတွေရဲ့ အိမ်ထောင်မှုနဲ့ ပတ်သက်ပြီးတော့ အခက်အခဲရှိတဲ့ ကိစ္စတွေမှာလည်းပဲ ပိုပြီးမြန်မြန်ဆန်ဆန်နဲ့ ပြုလုပ်ပေးနိုင်ဖို့ ပုပ်ရဟန်းမင်းကြီးရဲ့ လမ်းညွှန်ချက်တွေကိုလည်းပဲ ရှင်းပြပေးတယ်ပေါ့။ အဲ့အပေါ်မှာ မူတည်ပြီးတော့ နောက်ပိုင်း ကိုယ့်ဘာသာသူတွေရဲ့ အခက်အခဲတွေကို ပိုပြီးတော့ လျင်လျင်မြန်မြန်နဲ့ ဖြေရှင်းနိုင်ဖို့ဆိုပြီး ရည်ရွယ်ချက်ကတော့ အခုဒီ Meeting ၊ Seminar ရဲ့ ရည်ရွယ်ချက်ပေါ့လေ။ အဓိက ပုပ်ရဟန်းမင်းကြီးရဲ့ Concern က ဘာသာဝင်တွေရဲ့ စိတ်ဉာဏ် ငြိမ်းငြိမ်းချမ်းချမ်းလေးနဲ့ လူ့ဘောင်လောကမှာ ရှင်သန်သွားနိုင်ဖို့ အဲ့လိုမျိုးလေးကို သူက လမ်းညွှန်ထားပေးတယ်။ အတတ်နိုင်ဆုံး ဒီ Process ကို ရိုးရိုးရှင်းရှင်းလေးနဲ့ ဖြစ်နိုင်ဖို့ သူလည်းပဲ ခွင့်ပြုထားတဲ့ အနေအထားရှိတယ်။ တစ်ချို့ကိစ္စတွေမှာသာလျှင် လိုအပ်တဲ့ Procedure တွေအတိုင်း စသည်ဖြင့်ပေါ့နော် သွားဖို့ ဆိုတဲ့ အကြောင်းလေးတွေကတော့ အကြမ်းအားဖြင့် အဲ့လိုမျိုးသိရတယ်ပေါ့။

မေး ။ ။ ကိုယ်တော်အနေနဲ့ ဒီကက်သလစ်ဆရာတော်တစ်ပါးအနေနဲ့ လက်ထပ်ထိမ်းမြားခြင်းရဲ့ အရေးပါပုံနဲ့ ကွဲရှင်းခြင်းအကြောင်းတွေကို ရှင်းပြပေးပါအုံး။

ဖြေ ။ ။ လက်ထပ်ထိမ်းမြားခြင်းကတော့ သေတစ်ပန်၊

သက်တစ်ဆုံး ဆိုပြီးတဲ့နောက် အသင်းတော် ကနေ သွန်သင်တယ်။ ဘုရားသခင် ပေါင်းစပ်တဲ့အရာ လူသည် မကွဲကွာစေနဲ့ဆိုတဲ့ မိန့်မှာချက်အတိုင်းပဲ ပေါ့နော်။ ဘာကြောင့်လဲဆိုရင် အကြောင်းအမျိုးမျိုးကြောင့် ကွဲကွာသွားရပြီဆိုရင် ကာယကံရှင်အတွက်လည်း မကောင်းသလို သားတွေသမီးတွေအတွက်လည်း မျက်နှာ ငယ်ရတယ် လူ့ဘဝမှာ ရှင်သန်ရတာ အများကြီး အခက်အခဲတွေရှိတဲ့ အနေအထားပေါ့နော်။ မိသားစုတွေက ခိုင်မာဖို့ အရေးကြီးတယ်။ မိသားစုတွေ မခိုင်မာဘူးဆိုရင် အဖွဲ့အစည်းဟာလည်းပဲ ကျစ်လစ်ဖို့ဆိုတာ အများကြီး ခက်ခဲသွားလိမ့်မယ်။ ဒါကြောင့်မို့ အခြေခံ အကျဆုံးဖြစ်တဲ့ မိသားစုတွေ စနစ်တကျ ခိုင်ခိုင်မာမာနဲ့ ကျစ်ကျစ် လစ်လစ် ဘဝတစ်သက်တာလုံး သူတို့တတွေ နေသွားနိုင်ဖို့ ရည်ရွယ်ပြီးတဲ့နောက် ဒီအဖွဲ့အစည်းလေးတွေ ဖွဲ့စည်းတာဖြစ်တယ်။ တစ်ဖက်မှာလည်းပဲ မိသားစုတွေ ကွဲပြားတာ ဘာကြောင့် ကွဲပြားတာလဲ ဘယ်နေရာမှာ အားနည်းမှုလေးတွေရှိသလဲ ဒါလေးတွေကိုလည်း ပြန်ပြီးတော့ လေ့လာမှုပြုလို့လည်းရနိုင်မယ်။ ဥပမာအားဖြင့် မင်္ဂလာဆောင်ဖို့ပြင်ဆင်တဲ့အချိန်အနေအထားမှာ တစ်ယောက်နဲ့တစ်ယောက် လေ့လာမှု အားနည်းခဲ့တာလား စသဖြင့်ပေါ့နော် အဲ့လိုအနေအထားလေးတွေ ဘာသာတရားနဲ့ ပတ်သက်ပြီး သွန်သင်မှု၊ ပြင်ဆင်မှုအပိုင်းမှာ ကျွန်တော်တို့ဘက်ကပဲ အချိန်ပေးမှုတွေ အားနည်း နေတာလား ဒါမှမဟုတ် ဟိုဘက်ကပဲ အချိန်ပေးမှုတွေက အားနည်းနေတာလား။ ကာယကံရှင်တွေဘက်ကနေ ဖုတ်ပူမီးတိုက်လုပ်လိုက်ပြီး အဆင်မပြေတဲ့အခါမှ အဲ့လိုမျိုး လာပြီးဖြစ်သွားကြတာလားဆိုတဲ့ သဘောတရားတွေကိုလည်းပဲ အများကြီး ဆန်းစစ်နိုင်ပြီးတဲ့နောက် နောက်လာမည့်အနာဂတ်မှာတော့ ပိုပြီးတဲ့နောက် ကျစ်လစ်ခိုင်မာတဲ့ မိသားစုတွေပိုပြီးများပြားလာမယ်လို့ မျှော်လင့်တယ် ပေါ့နော်။ ကွဲမှ၊ ကွာမှ အကူညီပေးတယ်ဆိုတာထက် မကွဲခင်ကတည်းက ဘာဖြစ်လို့ ကွဲရတယ်ဆိုတဲ့ အကြောင်းတရားတွေပေါ်မှာ မူတည်ပြီးတဲ့နောက် အဲ့ဒါတွေကို ဘယ်လိုမျိုးပြင်ဆင်ပေးနိုင်မလဲ။ တကယ်လို့ အကြောင်း အမျိုးမျိုးကြောင့်မို့လို့ သူတို့ဘဝတွေဟာ ကွဲသွားတယ်ဆိုတဲ့၊ ကွဲတယ်ဆိုတဲ့ နေရာမှာလည်းပဲ ကျွန်တော်တို့က ဒီလက်ထပ်ခြင်း အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာတွေကို ဒီ Tribunal တွေက ပြန်ပြီး လေ့လာသုံးသပ်ရတာ၊ ဆုံးဖြတ်ရတဲ့ အနေအထား လေးတွေမှာ ဘာဖြစ်လို့ မအောင်မြင်ခဲ့တာလဲ ဒါဆိုလို့ရင် နောက်အနာဂတ်မှာလည်း မအောင်မြင်ခဲ့တဲ့ အကြောင်း အရင်းတွေကို အခြေခံပြီး ဘယ်လိုမျိုး စီစဉ်ပေးမလဲဆိုတဲ့ အပိုင်းလေးကို သွားကြမယ်ပေါ့နော်။

မေး ။ ။ မိသားစုတွေကို လေ့လာတဲ့အပိုင်း ဒီအဖွဲ့အစည်းတွေဖွဲ့ပြီးမှ လုပ်နိုင်မယ့်သဘောပေါ့နော်။

ဖြေ ။ ။ အမှန်ကတော့ ဒီအဖွဲ့အစည်းဖွဲ့ပြီးမှ လေ့လာနိုင်မယ့်သဘောတော့ မဟုတ်ပါဘူး။ Parish တွေမှာလည်း ကျောင်းထိုင်ဘုန်းတော်ကြီးတွေရှိတယ်။ သူတို့ရဲ့ ဘာသာဝင် သားသမီးတွေရဲ့ လိုအပ်ချက်တွေက ဘာတွေလဲ ဆိုတာ သူတို့ကိုယ်၌ကလည်း သိတယ်။ သူတို့ဆီကလည်းပဲ Information တွေ အများကြီး ရရှိပါတယ်။ အဲ့အပေါ်မှာ မူတည်ပြီးတဲ့နောက် လိုအပ်တဲ့ အနေအထားလေးတွေ တကယ်လို့ ပြဿနာတွေဖြစ်လာတဲ့အခါမှ ဒီလိုမျိုး Tribunal ကျွန်တော်တို့က စနစ်တကျရှိတဲ့အခါမှာ ပိုပြီးတဲ့နောက် စည်းကမ်းတကျနဲ့ သေသေသပ်သပ်လေးသွားနိုင်မယ်ပေါ့နော်။

မေး ။ ။ ဒီအဖွဲ့တွေရဲ့ အဓိက လုပ်ငန်းတာဝန်က ဘာတွေဖြစ်မလဲ။

ဖြေ ။ ။ အဓိက လုပ်ငန်းတာဝန်ကတော့ Parish တွေမှာ အခက်အခဲ ဖြစ်လာပြီဆိုရင် Parish တွေကနေပြီး တဲ့နောက် Tribunal ကို လှမ်းပြီး Dataတွေ Information တွေ သူတို့ စုစည်းပြီးတဲ့နောက် Tribunal ကို ပို့တယ်ပေါ့။ Tribunal ကနေ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်တွေကနေ သက်ဆိုင်ရာ အဲ့ပုဂ္ဂိုလ်တွေကို ခေါ်မယ်။ သက်သေသာဓက တွေကို စစ်ဆေးမယ်။ စစ်ဆေးပြီးတဲ့အခါမှာ သူတို့ရဲ့ လက်ထပ်ခြင်းက အောင်မြင်လား၊ မအောင်မြင်ဘူးလားဆိုတာကို သူတို့ပြန်ပြီးကြည့်မယ်။ မအောင်မြင်တဲ့လက်ထပ်ခြင်းဆိုရင် ဒါက လက်ထပ်ခြင်း မမည်ဘူး စသည်ဖြင့်ပေါ့လေနော်။ အဲ့အတွက် သူတို့ဟာ ကင်းကင်းရှင်းရှင်းဖြစ်တယ်။ သူတို့ရဲ့ လက်ထပ်ခြင်းက အထ မမြောက်တဲ့အတွက် သူတို့လက်ထပ်ခြင်းကို လုပ်လို့ရတယ်ပေါ့။ ဒုတိယ လက်ထပ်ခြင်း မဟုတ်ဘူးပေါ့။ ပထမ လက်ထပ်ခြင်းက မအောင်မြင်တဲ့အတွက် ဒါကို ပထမလက်ထပ်ခြင်းလို့ မခေါ်ဘူးပေါ့နော်။ ဆိုတော့ ဒုတိယတစ်ခုလက်ထပ်ခြင်းကို ဒုတိယ်အကြိမ် လက်ထပ်ခြင်းလို့ မခေါ်ဘူး။ သူက ဟိုဘက်မှာ မအောင်မြင်ခဲ့လို့ ဒီဘက်မှာ လက်ထပ်ခြင်းက ပထမလက်ထပ်ခြင်းဖြစ်တယ်ဆိုတဲ့ အနေအထားပေါ့နော်။

မေး ။ ။ ဒီအဖွဲ့အစည်းတွေ ဖွဲ့ပြီးသွားရင် ဒီလက်ထပ်ခြင်း ပြဿနာကို ဘာသာဝင်တွေကို ဘယ်လိုမျိုး အကူအညီပေးနိုင်မလဲ။ အသင်းတော်ကိုလည်း ဘယ်လို ပံ့ပိုးပေးနိုင်မှာပါလဲ။

ဖြေ ။ ။ ဘယ်လိုပံ့ပိုးနိုင်မလဲဆိုရင် ဟိုး ပထမဦးသူတွေနဲ့ နှစ်ပေါင်းများစွာ ကွဲပြီးတဲ့နောက် ဒုတိယ Marriage မှာ ခိုင်ခိုင်မာမာ ရှိနေတဲ့ အနေအထားလေးတွေရှိတယ်။ သို့သော်လည်းပဲ ပထမ Marriage က အောင်မြင်လား၊ မအောင်မြင်ဘူးလား သူတို့မသိတဲ့အခါမှာ ဘုရားကျောင်း တော့လာရတယ်။ ကိုယ်တော်မြတ် ပင့်ဖို့ကျတော့ အခက်အခဲရှိလာတဲ့အခါမှာ စိတ်အားငယ်မှုလေးတွေရှိတယ်ပေါ့။ ဝိညာဉ်ရေးပိုင်းမှာလည်း သူတို့ကို အများကြီးအားပြန်ဖြည့်ပေးနိုင်ဖို့ ဆိုတဲ့ အနေအထားလေးတွေနဲ့ ပြဿနာကို ဒီအတိုင်းမထားဘဲ အတတ်နိုင်ဆုံးဘာတွေဖြစ်နေလဲ ဝိုင်းဝန်းကူညီပြီး ဘုရားနဲ့ ပြန်လည် ပေါင်းစည်းသွားနိုင်ဖို့ သူတို့အတွင်းစိတ်ငြိမ်းချမ်းရေးဆိုတဲ့ ကိစ္စတွေကို အများဆုံး အထောက်အကူပေးနိုင်မှာပါ။

မေး ။ ။ ရန်ကုန်ဂိုဏ်းချုပ်သာသနာတော်ရဲ့ လက်ထောက်ဆရာတော်တစ်ပါးအနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ ရဟန်း ဘဝတစ်လျှောက်မှာ ဘာသာဝင်မိသားစုတွေရဲ့ အခြေအနေ၊ သူတို့ဘာတွေခက်ခဲနေကြလဲ။ သူတို့ကို သာသနာတော်အနေနဲ့ ဘယ်လိုမျိုး ထောက်ပံ့ကူညီမှုတွေပေးရမလဲဆိုတာပေါ့နော်။ ကိုယ်တော်အနေနဲ့ ဘယ်လိုမြင်မိပါသလဲ။

ဖြေ ။ ။ အဓိက ကိုယ်တော်တို့က ကိုယ့်ရဲ့ ဘာသာဝင်ကလေးတွေကိုတော့ ငယ်စဉ်ကလေးဘဝမှာ ဘုရားစကားသင်ပေးတာမျိုးတွေ၊ အပြစ်ဖြေ၊ ကိုယ်တော်မြတ်၊ ခရစ္စမားအားပေးခြင်းတွေ အဲ့ဒါတွေနဲ့ပဲ ကျွန်တော်တို့မထားဘဲနဲ့ပေါ့နော် လူငယ်ဆိုရင်လည်း လူငယ်နဲ့ ပတ်သက်တဲ့ catechism တွေ အိမ်ထောင်ရက်သားကျဖို့ ပြင်ဆင်နေတဲ့ ပုဂ္ဂိုလ်တွေ ဆိုရင်လည်း Marriage Preparation Course တွေ ဒါလေးတွေကို စနစ်တကျ လုပ်ပြီးတဲ့နောက် သူတို့ကို ပြင်ဆင်ပေးသွားမယ် ဆိုရင်တော့ သာသနာအတွက်ကို ဒီ Tribunal တွေ ဘက်ကနေ အများကြီး အကူအညီပေးနိုင်တဲ့ အနေအထားပေါ့။ Tribunal ကတော့ သူက ဖြစ်လာတဲ့ ပြဿနာကို ဖြေရှင်းပေးတာ။ အဓိက ပြဿနာမဖြစ်အောင် အောက်ခြေကနေ ကာယကံရှင်တွေ ကိုယ်တိုင်လည်း လေ့လာရမယ်။ ခုမြင် ခုကြိုက်ဆိုတဲ့ သဘောမဟုတ်ဘဲ ကိုယ်နဲ့ ဘဝတစ်သက်တာ လက်တွဲမယ့် ပုဂ္ဂိုလ်တွေက ခံစားချက်ဘယ်လိုရှိလဲ။ သူ့ရဲ့ မိသားစု အခြေအနေက ဘယ်လိုရှိလဲ စသည်ဖြင့်ပေါ့နော် သူ့ရဲ့အယူအဆ ကိုယ့်ရဲ့ အယူအဆတွေက တကယ်တမ်းလက်တွေ့ဘဝမှာ တို့လက်တွဲလို့ ရမလားတွေဆိုတာက သေချာ လေ့လာဖို့လိုတယ်ပေါ့နော်။ တို့ ငယ်ငယ်တုန်းကဆိုရင်တော့ သုံးနှစ် သုံးမိုးလေ့လာတယ်ဆိုပြီးတော့ လူချင်းလည်း သိတယ်။ မျိုးရိုးတွေကိုလည်း လေ့လာကြတယ်ပေါ့။ ဒါပေမယ့် အခုနောက်ပိုင်းမှာ ဘာတွေဖြစ်လာလဲဆိုတော့ Facebook တွေပေါ်လာတယ်၊ အင်တာနက်တွေ ပေါ်လာတယ် အဲ့အပေါ်မှာပဲ စတင်ပြီး သိရှိမှုတွေ အခြေခံကြတာတွေရှိတယ်။ သူတို့ရဲ့ အိမ်ထောင်ရေးမှာ ဘုန်းတော်ကြီးတွေ၊ ကိုရင်၊ သီလရှင်တွေ စသဖြင့်ပေါ့နော် ကျွန်တော်တို့က စနစ်တကျ ပြင်ဆင်ပေးဖို့လို့တယ်။ ဆိုတော့ အဓိက ကတော့ လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗစရိယမိနင့်ဖဆိုတဲ့အတိုင်း ကိုယ့်အိမ်မှာ အမေနဲ့ အဖေက စည်းစည်းလုံးလုံးလေး တစ်ယောက်နဲ့ တစ်ယောက် သည်းခံမယ်၊ ခွင့်လွှတ်မယ်၊ နားလည်မယ် စသဖြင့် ပြေရာ ပြေငြိမ်းနေကြမယ်ဆိုရင် ဒါက ကိုယ့်ရဲ့ သားလေးတွေ သမီးလေးတွေ တစ်ချိန်မှာ မိသားစုမှာ အဖေအမေတွေဖြစ်လာမယ့် လူငယ် မောင်မယ် လေးတွေကို သူတို့က ပုံသွင်းပေးရာ ရောက်တာပေါ့။ ပုံသွင်းပေးရမယ့် အမေနဲ့ အဖေက မိသားစု ဘဝကို ဘယ်လိုနေရမလဲဆိုတာ ကြိုတင်ပြင်ဆင်ထားခြင်း မရှိဘဲနဲ့ အဖေ အမေနေရာရောက်လာတဲ့အခါမှာ တစ်ကျက်ကျက်ဖြစ်နေကြမယ်ဆိုရင် ဒီကလေးတွေက ဘယ်သူ့ကို သွားအတုယူမလဲ။ သူတို့ဘဝမှာလဲ ဒီလိုမျိုး ပုံရိပ်အောက်မှာ ကြီးပြင်လာတဲ့အခါမှာ ဒီလွှမ်းမှုတွေနဲ့ပဲ တစ်ခုခုဖြစ်မယ်ဆိုရင် သူပြော ကိုယ်ပြော နားလည်ပေးမှုထက် သူ့ကိုပြောမယ်၊ ကိုယ့်ကိုပြောမယ် ကိုယ့်ကို သူမကြိုက်၊ ကိုယ့်ကို သူမကြိုက်ဘူးဆိုရင်တော့ လမ်းခွဲကြမယ်ဆိုတဲ့ ကိစ္စဘက်ကိုပဲ ဦးတည်သွားမယ့် သဘောလေးရှိတယ်။ ဒါကြောင့်မို့ အကုန်လုံးကတော့ ဆက်စပ်နေတာပေါ့။

မေး ။ ။ ဆရာတော်တစ်ပါးအနေနဲ့ ဒီဘာသာဝင် လူငယ်မောင်မယ်တွေအနေနဲ့ အိမ်ထောင်ပြုတဲ့အခါမှာ သိသင့်သိထိုက်တာလေးတွေ၊ လိုအပ်တဲ့ ပြင်ဆင်မှုလေးတွေနဲ့ ပတ်သက်ပြီးတော့ မိန့်ကြားပေးပါအုံး။

ဖြေ ။ ။ ပုပ်ရဟန်းမင်းကြီး ဖရစ်စစ်ကနေ Valentine Day တစ်ခုမှာပေါ့လေ ပြီးခဲ့တဲ့ သုံးနှစ်လောက်က ဖြစ်မယ် ထင်ပါတယ်။ သူလူငယ်မောင်မယ်တွေအတွက် သူပြောခဲ့တဲ့ စကားလေးတစ်ခွန်းရှိတယ်ပေါ့။ အဲ့ဒါဘာလို့ဆိုရင် ငါတို့ မင်္ဂလာဆောင်တဲ့အခါမှာ ဘယ်နေရာမှာ ဆောင်မယ်။ ဘယ်လိုမျိုး ကျင်းပမယ်ဆိုတာကို အာရုံထားတာထက် ငါတို့မင်္ဂလာဆောင်တဲ့အချိန်မှာ ထားတဲ့ကတိကို ဘယ်လိုမျိုး ငါတို့ စောင့်ထိန်းကြမယ် တန်ဖိုးထားကြမယ်ဆိုတာကို ဦးစားပေးပါဆိုတဲ့ စကားလေး လမ်းညွှန်မှုတစ်ခုရှိတယ်ပေါ့။ ဆိုတော့ အခုဆိုရင် တွေ့ရတာက Prewedding စသည့်ဖြင့်ပေါ့နော် မင်္ဂလာမဆောင်ခင်ကတည်းကိုက ဓာတ်ပုံတွေ ရိုက်ကြမယ်၊ တတ်နိုင်တဲ့သူကလည်း တတ်နိုင်တဲ့လျောက်ပေါ့ ။ အဲ့လိုမျိုးပြင်ဆင်သလိုပဲ တကယ်ပဲ ကိုယ့်မိသားစု တစ်ခုကို တည်ဆောက်တဲ့အချိန်မှာ ငါအဖေဖြစ်လာရင်၊ ငါအမေဖြစ်လာရင် ငါ့ရဲ့ဇနီးသည်အတွက် ငါ့ရဲ့ခင်ပွန်းသည်အတွက် ငါဘယ်လို မျိုးတာဝန်ကျေတဲ့ ခင်ပွန်းသည် ဇနီးသည်ဖြစ်မလဲ။ ငါ့ရဲ့ သားတွေ သမီးတွေအတွက် ဘယ်လိုမျိုး အကောင်းဆုံးဖြစ်အောင် ငါတို့ဘယ်လိုမျိုးပြင်ဆင်မလဲ။ ငါ့ရဲ့ မိသားစုဘဝမှာ တွေ့ဆုံနိုင်တဲ့ အခက်အခဲတွေက ဘာတွေဖြစ်နိုင်မလဲ။ သူလည်း သူ့ရဲ့ မိဘရှိတယ်၊ ကိုယ်လည်း ကိုယ့်ရဲ့မိဘပေါ့နော်။ ဟိုဘက်ဒီဘက် အခက်အခဲတွေကတော့ ရှိလာကြပြီ။ ဆိုတော့ မြန်မာစကားမှာ အိမ်ထောင်ကျတယ်ဆိုတဲ့ အနေအထားမှာ လွှတ်လပ်မှုတစ်ခုကို ကိုယ်ကနေပြီးတော့ sacrifice လုပ်ရတယ်ပေါ့နော်။ ပေးဆပ်ခြင်းနဲ့ ရယူခြင်း ဆိုတဲ့

စာမျက်နှာ ၁၉ သို့

# တောင်ငူသာသနာ ပျဉ်းမနား စိန်မိုင်ကယ်ဘုရားကျောင်းသစ် ရေစက်ချ ဖွင့်လှစ်



တောင်ငူ ကက်သလစ်သာသနာ နေပြည်တော်၊ ပျဉ်းမနားတိုက်နယ်ရှိ စိန်မိုင်ကယ် ဘုရားကျောင်းသစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၁၂ ရက်ညနေပိုင်းတွင် ကျင်းပခဲ့ပြီး တောင်ငူဂိုဏ်းအုပ်ဆရာတော် အိုက်ဇက်ခနက ကျောင်းတော်အား ရေစက်ချကောင်းချီးပေးခဲ့သည်။

နောက်တစ်ရက် ဇန်နဝါရီလ ၁၃ ရက်ရက် နံနက် ၈ နာရီ၌ ကျောင်းတော်သစ်တွင် ကျေးဇူးတော် ချီးမွမ်းခြင်း မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီးဦးဆောင်ကာ ရဟန်း တော်(၃၆)ပါးနှင့်အတူ ပူဇော်ခဲ့ကြပြီး သီလရှင်(၂၅)ပါး၊ ကိုရင်(၃)ပါးနှင့် လူဦးရေ(၂၀၀၀)ကျော်ပါဝင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် မတိုင်မီကပင် ပျဉ်းမနား တိုက်နယ်သည် ကက်သလစ် ဘာသာအများအပြားရှိခဲ့ပြီး စည်းလုံးညီညွတ်၍ တစ်စုတစ်စည်းတည်းရှိသော ဘာသာတူအုပ်စုဖြစ်သည်။ သာသနာအုပ်စု၏ ဗဟိုဌာနဖြစ်သော ကျောင်းတော်နေရာကို ပျဉ်းမနား မြို့နေ "The Steel Brothers" ဘာသာဝင်မိသားစုတစ်စုမှ ၁၉၁၀ခုနှစ်တွင် လှူဒါန်းပေးခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်၏ စစ်ဘေးဒဏ်ကြောင့် အဆောက်အဦးများ၊ မှတ်တမ်းမှတ်ရာများ ပျောက်ပျက်သွား၍ ဘာသာဝင်များလည်း ကစဥ့်ကလျားဖြစ်ခဲ့ရသည်။ ထိုစဥ်က ပျဉ်းမနားသည် မန္တလေးဂိုဏ်းချုပ်သာသနာလက်အောက်တွင် တည်ရှိခဲ့ပြီး ၁၉၄၀ ခုနှစ်တွင်မှ ၎င်းတိုက်နယ်ကို တောင်ငူဂိုဏ်းအုပ်သာသနာ လက်အောက်သို့ တရားဝင်လွှဲအပ်ပေးခဲ့ခြင်းဖြစ်သည်။ တောင်ငူသာသနာလက်အောက်သို့ ရောက်ရှိလာသည့်အခါ သီလရှင်ကျောင်းတစ်ကျောင်း တည်ဆောက်ကာ ယုံကြည်သူအချို့နှင့် သာသနာ နယ်မြေကို ကြည့်ရှုထိမ်းသိမ်းခဲ့သည်။ သို့သော်နိုင်ငံရေး မတည်ငြိမ်မှုကြောင့် သီလရှင်များ တောင်ငူသို့ ပြန်ခဲ့ရပြန်သည်။ ၁၉၅၆ခုနှစ်တွင် Rev.Fr.မာတီးနိဦးတင် ဦးစီးပြီး စိန်မိုင်ကယ်ကို အပ်နှံထားသော ဘုရားရှိခိုးကျောင်းတစ်ဆောင်နှင့် ယခုလက်ရှိရဟန်းနေအိမ် နှစ်ထပ်ဆောင်တည်ဆောက်ကာ ဘာသာဝင်မိသားစု တစ်စုဖြစ်သည့် Carlo ဦးကျားနှင့် Angela ဒေါ်ထွေး တို့အားကြည့်ရှု စောင့်ရှောက်စေခဲ့သည်။ ၁၉၉၃ခုနှစ်တွင် ဆပ်ဖြေခြင်းသီလရှင်များအား တစ်ဖန် ရွှေ့ပြောင်းစေလွှတ်ကာ သာသနာ အမှုတော်ကိုထမ်းဆောင်စေခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် တောင်ငူတိုက်နယ်လက်အောက်ခံအဖြစ်မှ ပျဉ်းမနားတိုက်နယ် အဖြစ်သို့ ဖွင့်လှစ်နိုင်ခဲ့သည်။

၎င်းတိုက်နယ်မှ ကျောင်းဆောင် အဟောင်းမှာ သေးငယ်လွန်းပြီး ဘာသာတူဦးရေများပြားလာသော အခြေအနေကြောင့် အသစ်တည်ဆောက်ရန် ခွင့်ပြုချက်ရယူတည်ဆောက်ခဲ့သည်။

ကျောင်းသစ် တည်ဆောက်ရာတွင် ဆရာတော် အိုက်ဇက်ခနေ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန နေပြည်တော် ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဒေါ်ရွှယ်ဂျာမိသားစု၊ ရဲမှူးကြီး ဦးကျော်အေး၊ ဦးကျော်ကျော်နိုင်နှင့် ဒေါ်နေနေထွဏ်းမိသားစု၊ Dr.ဒေဗစ်ကိုကိုနိုင်+ဒေါ်ဝိုင်းညွန့်တင်မိသားစု၊ ဦးရာဂျူး+ဒေါ်ရိုစီ၊ ဦးကျော်ထွန်းနိုင်၊ မဝိုင်းလက်၊ မရီတာ၊ မနီရင်း၊ ကိုရေမွန်၊ ကိုပက်ထရိတ်၊ ဆရာမဒေါ်ကက်သရင်းနှင့်ညီအစ်မများ၊ ဖယ်ခုံမှ ပန်းရံဆရာကြီးဦးမောင်ငြိမ်းနှင့်အဖွဲ့နှင့် အခြားသောအလှူရှင်ပေါင်း (၂၃၉၄) ဦးတို့မှ ရရှိသောအလှူငွေ (၂၃၀,၉၈၁,၈၄၃)ကျပ်ဖြင့် တည်ဆောက်ခဲ့ကြသည်။

ဒက်ဖူးမယ်(I.S.R.)

# ဆပ်ဖြေခြင်း သီလရှင်များ၏ ရွှေစင်ဂျူဘီလီကျေးဇူးတင်မစ္ဆား

ဆပ်ဖြေခြင်းသီလရှင်ဂိုဏ်း ထီးနီကုန်းကျောင်း သက်ကြီးရွယ်အိုရိပ်သာတွင် အနားယူနေထိုင်လျှက်ရှိသာ Mother Angelina Priscilla (မိုင်းလွန်တိုက်နယ်)၊ Mother Josephine San Nyunt (တောင်ငူတိုက်နယ်)၊ Mother Edvige Hyacinth (လိပ်သိုတိုက်နယ် )နှင့် Mother Rosetta Pino (ငှက်ပျောတောတိုက်နယ်) တို့၏ နှစ်(၅၀)ပြည့် ရွှေစင်ဂျူဘီလီ ကျေးဇူးတင်မစ္ဆားတရားတော် ဇန်နဝါရီလ ၁၈ ရက် နံနက် (၇း၀၀) နာရီ အချိန်တွင် St.John Convent ကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။ ဂျူဘီလီရှင်များအတွက် ကျေးဇူးတင် မစ္ဆားတရားတော်မြတ်ကို တောင်ငူသာသနာဂိုဏ်းအုပ်ဆရာတော် အိုက်ဇက်ခါနမှ ဦးဆောင်ပြီး ရဟန်းတော် (၁၈)ပါးတို့နှင့်အတူ ပူဇော်ပေးခဲ့ကြသည်။ ၎င်းအခမ်းအနားတွင် ဂျူဘီလီရှင်များမှ ဂျူဘီလီဖယောင်းတိုင်မီးထွန်း၍ ဖွင့်လှစ်ပေးခဲ့ပြီး Superior Mother ဘာလ်ဘီးနာကောကော်မှ ဂျူဘီလီရှင်များနှင့် ဘာသာဝင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ဆပ်ဖြေခြင်းသီလရှင်ဂိုဏ်း သီလရှင် (၄) ပါး၏ ရွှေစင်ဂျူဘီလီပွဲတော်တွင် ဆရာတော်၊ ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာဝင်လူဦးရေ(၂၀၀)ကျော်ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဒက်ဖူးမယ်(I.S.R.)



# ပလက်ဝမြို့နယ် အာဒေါင်ဝရွာ ရှင်ပေါလု အကျင့်တရား ပြောင်းလဲခြင်း ဘုရားကျောင်းပွဲ



ချင်းပြည်နယ်တောင်ပိုင်း ပလက်မြို့နယ် ဉသလင်ဝတိုက်နယ်ပိုင် အာဒေါင်ဝ ကျေးရွာ၏ ရှင်ပေါလုအကျင့်တရား ပြောင်းလဲခြင်း ဘုရားကျောင်းပွဲနေ့၌ ရှင်ပေါလု ဆင်းထုကြီး ဖွင့်ပွဲ ကို လည်း ၂၀၁၉ ခု ဇန္နဝါရီလ ၂၅ ရက် တွင် ဘုန်းတော်ကြီး၊ ဘရာသ၊ စိန်ပေါလ် အသင်းဂိုဏ်း စစ္စတာများ၊ ဓမ္မဆရာများနှင့် ဘာသာဝင် သားသမီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

မြစ်ကုလားတန်



# ဆပ်ဖြေခြင်းသီလရှင် အသင်းဂိုဏ်း သီလရှင်များ၏ ဂျူဘီလီပွဲတော်နှင့် သစ္စာခံယူ ပွဲတော် ကျင်းပ



ဆပ်ဖြေခြင်း သီလရှင် အသင်းဂိုဏ်း သီလှရှင်များ၏ ဂျူဘီလီပွဲတော်များနှင့် သစ္စာခံယူပွဲကို ဇန်နဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်တွင် အသီးသီးကျင်းပခဲ့ကြသည်။

တောင်ငူမြို့၊ ယေရှုးရွှေနှလုံးတော်ကာသီဒြယ် ဘုရားကျောင်း၌ ဆပ်ဖြေခြင်း သီလရှင်အသင်းဂိုဏ်း သီလှရှင်များ၏ ရွှေစင်ဂျူဘီလီနှင့် ငွေစင်ဂျူဘီလီ အထိမ်းအမှတ် မွှ္ဆားတရားတော်မြတ်ကို ဇန်နဝါရီလ ၁၉ ရက် ညနေပိုင်းတွင် ဟောကြားခဲ့ပြီး နောက်တစ်ရက် ၂၀ ရက်နေ့ နံနက်တွင် ယာယီသစ္စာနှင့်ရာသက်ပန်သစ္စာခံယူခြင်းကို ဆက်လက်ကျင်းပခဲ့သည်။

ဂျူဘီလီနှင့် သစ္စာခံယူခြင်း အခမ်းအနားများကို တောင်ငူဂိုဏ်းအုပ်ဆရာတော်အိုက်ဇက်ဓာနမှ ဦးဆောင်ကာ ဘုန်းတော်ကြီးများ အသင်းဂိုဏ်း အကြီးအကဲများနှင့် ဘာသာဝင်များ ပါဝင်ဆုတောင်း ပေးခဲ့ကြသည်။

ဆရာတော်ကြီး၊ ရဟန်းတော် ၄၂ ပါးတို့နှင့် အသင်းဂိုဏ်း၏ ဒေသဆိုင်ရာ အကြီးအကဲဖြစ်သူ Mother Christina AhLa ရှေ့မှောက်တို့တွင် ဆပ်ဖြေခြင်း သီလရှင် (၅) ပါးတို့သည် ယာယီသစ္စာ နှင့် ရာသက်ပန်သစ္စာများ အသီးသီး ပြုခဲ့ကြသည်။ ဆရာတော်ကြီးက ရာသက်ပန်သစ္စာခံယူသော သီလရှင်များအား ဘုရားနှင့်ကတိပြုခြင်း အထိမ်းအမှတ် ခရစ်တော်ပုံပါ ရွှေလက်စွပ်ပေးအပ်ခဲ့ပါသည်။

ဆပ်ဖြေခြင်း သီလရှင် အသင်းဂိုဏ်း၏ ရွှေဂျူဘီလီခံခဲ့သော သီလှရှင်များမှာ Mother Benedetta Clementina (တောင်ငူသာသနာ၊ ဘီစီကုန်းတိုက်နယ်)၊ Mother Letizia Olga (တောင်ငူသာသနာ၊ မြသာကုန်းတိုက်နယ်) တို့ ဖြစ်ကြပြီး ငွေစင်ဂျူဘီလီခံ သီလှရှင် (၇)ပါးတို့မှာ Mother Mary Nring Seng Kham (မြစ်ကြီးနားသာသနာ၊ စီတာပူတိုက်နယ်)၊ Mother Magaret Mary (ကလေးသာသနာ၊ တွန်းဇံတိုက်နယ်)၊ Mother Anastasia MuMu (တောင်ငူ သာသနာ၊ ဘာဝီဒေတိုက်နယ်)၊ Mother Madalena Khin Oo (လွိုင်ကော် သာသနာ၊ယှူဆိုမိုဆိုတိုက်နယ်)၊ Mother Vittoria Thu Za Win (ဖယ်ခုံသာသနာ၊လွိုင်ယင်းမင်္ဂလာတိုက်နယ်)၊ Mother Josephine May Lwin (ဖယ်ခုံသာသနာ၊ ဖယ်ခုံတိုက်နယ်)၊ Mother Josephine Cing Sial Dim (ကလေးသာသနာ၊ Tuithang တိုက်နယ်) နှင့် Mother Rakele Pain (တောင်ငူ သာသနာ၊ဘီစီကုန်းတိုက်နယ်)တို့ဖြစ်ကြသည်။

ရာသက်ပန် သစ္စာခံယူခဲ့သော သီလရှင် (၄) ပါးမှာ Sr.Lucy Aye Mon (လားရှိုးသာသနာ၊ မူဆယ်တိုက်နယ်)၊ Sr. Arch-Angela Ma Rita (ဖယ်ခုံသာသနာ၊ ဖယ်ခုံတိုက်နယ်)၊ Sr.Juliana Bi Bi Win (တောင်ငူ သာသနာ၊ ဘာဝီဒေးတိုက်နယ်)၊ Sr. Christine Htang Myaw (လားရှိုး သာသနာ၊ လွယ်ခမ်းတိုက်နယ်) နှင့် Sr. Lidia May Oo (လွိုင်ကော်သာသနာ၊ ဒေါင်ံရောက်တိုက်နယ်) ဖြစ်ကြသည်။

ယာယီသစ္စာ ခံယူခဲ့သူ သီလှရှင် (၇)ပါးမှာ Sr. Mary Oo (ဖယ်ခုံသာသနာ၊ ဖယ်ခုံတိုက်နယ်)၊ Sr. Maria Bambina Moe Moe Khaine (လားရှိုးသာသနာ၊ Pangmaijung တိုက်နယ်)၊ Sr. Veronica Lakhjemo (လွိုင်ကော်သာသနာ၊ ဖရိုဆိုတိုက်နယ်)၊ Sr. Magdalena Wa Je Hka Din (ဗန်းမော်သာသနာ၊ ဗန်းမော်တိုက်နယ်)၊ Sr. Benedetta Emi (ဖယ်ခုံသာသနာ။ ဖယ်ခုံတိုက်နယ်)၊ Sr. Josephine Yadana Mon (တောင်ငူသာသနာ၊ ဘာဝီဒေးတိုက်နယ်) နှင့် Sr. Agnes Ei Mu Phaw (တောင်ငူ သာသနာ၊ သံတောင်တိုက် နယ်) တို့ဖြစ်ကြသည်။

ပွဲတော်တွင် လူဦးရေ (၁၀၀၀) ကျော် ပါဝင်ခဲ့ကြပါသည်။

ဒက်ဖူးမယ်(I.S.R.)

# လိပ်သို တိုက်နယ်တွင် ကလေးသူငယ်များ ပွဲတော်နှင့်အတူ ၄ ရက်တာ ဘုရားစကား သင်တန်းပို့ချခဲ့ပြီး ကလေးသူငယ် (၆၀၈) ဦးထိ ပါဝင်ခဲ့



တောင်ငူ ကက်သလစ်သာသနာ၊ လိပ်သို တိုက်နယ်တွင် ရဟန်းမင်းကြီး ဆိုင်ရာ သာသနာပြု ကလေးသူငယ်များ ပွဲတော်နှင့်အတူ ဘုရားစကား သင်တန်းကို လိပ်သို့မြို့ ကက်သလစ် ဓမ္မာရုံ၌ ဇန်နဝါရီလ ၃ ရက်မှ ၆ ရက်အထိ ၄ ရက်တာ ကျင်းပပြုလုပ်ခဲ့ပြီး ကလေးသူငယ် (၆၀၈) ဦးထိ ပါဝင်ခဲ့သည်။

ဘုရားစကား သင်တန်းကို PMS နာယက Rev. Fr. Denies ဘမောင်၊ ဒါရိုက်တာ Rev. Fr. Xavier ဝင်းမောင်၊ ဥက္ကဌ Sr. ဘက်နက်ဒက် မြတ်နှင်းနွယ် တို့နှင့်အတူ Sr. Christina ကောပိ၊ Bro. ဆယ်ဗာ စတီယန် နေဇင်ဝင်း၊ Bro. စတီးဗင်း ပေါင်ချိန်၊ ဆရာမဒေါ်တင်စန်းနှင့်ဆရာဦးဝဏ္ဏရွှေတို့မှ ပို့ချပေးခဲ့ပြီး လိပ်သိုမြို့မှ ဆရာမများ၊ ကျေးရွာ အသီးသီးရှိ ကလေးတာဝန်ခံများ၊ ဆက်ကပ်လူငယ်များနှင့် မိခင်၊ ဖခင်အဖွဲ့များမှ ပါဝင်ကူညီ ပံ့ပိုးပေးခဲ့ကြပါသည်။

မင်းသုံး ပါးပွဲနေ့ ကလေးသူငယ်များ ပွဲတော်ရက်တွင် ကျောင်းထိုင် ဘုန်းတော်ကြီး Rev. Fr. Daniel အာခိုးမှ မွှ္ဆားတရားတော်မြတ်ကို ဦးဆောင်ကာ ကလေးသူငယ် အချို့ကို ပထမ ကိုယ်တော်မြတ်ပေးခဲ့သည်။

ဒက်ဖူးမယ် (I.S.R.)

# ဟားခါးသာသနာ ဒိုင်ယာရီ

**၁။ ဟားခါးဖုံ ဓမ္မဆရာ/မ များ၏ မွမ်းမံသင်တန်း**

"သင်တို့သည် ငါ့ကို ရွေးကောက်သည်မဟုတ်၊ ငါသည်သာလျှင် သင်တို့ကို ရွေးကောက်ကြ၏။ (ယောဟန် ၁၅ း ၁၆)" ဟူသော ခေါင်းစဉ်ဖြင့် ဟားခါးဖုံဓမ္မဆရာ/မများ



၏ မွမ်းမံသင်တန်းကို ဟားခါးမြို့ စိန့်ဂျိုးဇက်ကာသီဒြယ်တွင် နိုဝင်ဘာလ (၂၁)ရက်နေ့မှ (၂၄)ရက်နေ့အထိ ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါ မွမ်းမံသင်တန်းသို့ ဟားခါးဖုံနယ်ရှိ စီရင်စု(၈) ခုမှ ဓမ္မဆရာ/မများ (၃၅)ဦး တက်ရောက်ခဲ့ကြရာ ဓမ္မဆရာမ တစ်ဦး ပါဝင်ခဲ့ပါသည်။

၎င်းသင်တန်းကို ဖုံနယ်ဘုန်းတော်ကြီး Fr. John Om Se ကြီးမှူး၍ Fr. David Khin Hmung နှင့် Fr. David Mangte တို့မှ အဓိကသင်တန်းပို့ချခဲ့ကြကြောင်း သိရပါသည်။

**၂။ကက်သလစ်ဘော်ဒါထိန်းများအရည်အချင်းမြှင့်သင်တန်း**

ဘော်ဒါနေ ကျောင်းသူကျောင်းသားများ၏ ပညာရည်မြင့်မားရေး၊ လူတော်လူကောင်းများ ဖြစ်လာစေရေး လမ်းပြ ဦးဆောင်နိုင်ရန် ကက်သလစ်ဘော်ဒါထိန်းများ အရည်အချင်းမြှင့်သင်တန်းကို ဟားခါးမြို့၊ အော်တိုရပ်ကွက်ရှိ St. Michael Villa တွင် နိုဝင်ဘာလ(၂၇)ရက်နေ့မှ ဒီဇင်ဘာလ (၁)ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းကို St. Pio's Minor ကျောင်းအုပ်ဘုန်းတော်ကြီး Fr. Andrew Le Tling မှ ဦးစီးဦးဆောင်၍ ဆရာမ LucGratia နှင့် ဆရာမ အိုင်ရင်း (Irine) တို့မှ အဓိကတာဝန်ယူ ပို့ချခဲ့ပါသည်။ သင်တန်း၏ရည်ရွယ်ချက် "Education is the Movement from Darkness to Light" ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဟားခါးသာသနာရှိ ဖလမ်းဖုံ၊ မင်းတပ်ဖုံ၊ နာရိန်းစီရင်စု၊ ရေဇွာဖုံ၊ လုံဘန်း စီရင်စု တို့မှ သင်တန်းသားဦးရေ အမျိုးသား ၁၀ ဦး အမျိုးသမီး ၁၃ ဦး စုစုပေါင်းသင်တန်းသား ဦးရေ (၂၃) ယောက် တက်ရောက်ခဲ့ကြပြီး သီလရှင် (၉)ပါး၊ ဦးမဗ္ဗင်းကြီး (၁)ပါး၊ ကိုရင် (၁) ပါးနှင့် ဘုန်းကြီး (၁)ပါးတို့လည်း ပါဝင် တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**၃။ အမှတ်စဉ် (၄) ဟားခါးသာသနာလုံး ဆိုင်ရာ ဓမ္မဆရာ သင်တန်း။**

"လူငယ်ဆိုသည်မှာ ခရစ်တော် အဖို့ တစ်ဦးနဲ့ တစ်ဦး စံပြပုဂ္ဂိုလ်ဖြစ်၏" ဟူသော ခေါင်းစဉ်ဖြင့် ဟားခါးသာသနာလုံးဆိုင်ရာ လူငယ်သင်တန်းကို နိုဝင်ဘာလ (၂၁) ရက်နေ့မှ ဒီဇင်ဘာလ (၁၃)ရက်အထိ ဟားခါးမြို့ပေါ်ရှိ ဟားခါးသာသနာ ဆရာတော်ကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြပါသည်။

အဆိုပါ လူငယ်သင်တန်းကို ဟားခါးသာသနာ ဆရာတော်ကျောင်းတိုက်မှ Fr. Nicholas Le Thang မှ ကြီးကြပ်ဦးဆောင်ပြီး သင်တန်းပထမပတ်တွင် မင်းတပ်ဖုံမှ Fr. Timothy Khui Shing Ling ပို့ချခဲ့ပြီး သင်တန်းဒုတိယပတ်တွင် Fr. Pius Kei Lian Cung ဦးဆောင်၍ AsIPA သင်တန်းဆင်း ဓမ္မဆရာများမှ ကူညီပို့ချခဲ့ကြပါသည်။ သင်တန်း၏တတိယပတ်တွင် ချောင်းခွဖုံမှ ဆရာ Sial Kham က ကယ်တင်ခြင်းအကြောင်းနှင့် ဓမ္မပညာမျိုးစုံကို သင်ကြားပို့ချခဲ့ပါသည်။

သင်တန်းရက်များ၏ ညနေပိုင်းအချိန်ဇယားများတွင် အထွေထွေဗဟုသုတမျိုးစုံ ရရှိစေရန် ဟားခါးမြို့ပေါ်ဌာနဆိုင်ရာ အသီးသီးမှပုဂ္ဂိုလ်များနှင့် KMSS, Media များမှ တာဝန်ရှိသူ များကို ဖိတ်ခေါ်၍ သင်တန်းပို့ချစေခဲ့ပါသည်။ ၎င်းတွင် မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်နိုင်မှ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးရေးအကြောင်း၊ ဒု-ရဲမှူး ပန်းအောင်နှင့် ယာဉ်ထိန်းရဲတို့မှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအပြင် အလုပ်သမားရေးရာ၊ စားသုံးသူရေးရာ၊ ပြန်ကြားရေး၊ စည်ပင်၊ KMSS နှင့် ChinLand Post media စသည့် ဌာနအသီးသီးမှ မိမိသက်ဆိုင်ရာ ကဏ္ဍအလိုက် လာရောက်ပို့ချခဲ့ကြကြောင်း သိရှိရသည်။

ဒီဇင်ဘာလ (၁၃)ရက်၊ ညနေ (၆)နာရီအချိန်တွင် သင်တန်းဆင်းပွဲကျင်းပရာ ဖုံနယ် (၈)ခု၏ စီရင်စုအသီးသီးမှ လူငယ်သင်တန်းသား/သူ (၃၀)ကျော်တို့အား ဆရာတော်ကြီး Lucius Hre Kung မှ သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ပါသည်။ ၎င်းနေ့တွင် ဆရာတော်ကြီးမှ



ဟားခါးမြို့ပေါ်ရှိ ကက်သလစ် အစိုးရဝန်ထမ်းများကိုဖိတ်ခေါ်၍သင်တန်းသားများနှင့် မိတ်ဖွဲ့ပေးကာ သင်တန်းဆင်းညစာစားပွဲနှင့်အတူ အကြိုခရစ္စမတ်ညစာစားပွဲကို တည်ခင်းပေးခဲ့ပါသည်။ ပွဲတွင် သင်တန်းသားများမှ ဓမ္မတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ပြဇာတ်တိုများဖြင့် ကပြဖျော်ဖြေခြင်းများ ပြုလုပ်ကာ အဆုံးသတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

နော်ဘတ် ကျော်လင်း
OSC – Hakha Diocese

# သန့်ရှင်းသော ကလေးသူငယ်များပွဲ ကျင်းပခြင်း

ဟားခါးကက်သလစ်သာသနာ ကယ်သီဒြယ်အုပ်စုရှိ လူငယ်မောင်မယ်များ ဦးဆောင်၍ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျရောက်သော "သန့်ရှင်းသော ကလေးသူငယ်များ" (HOLY INNOCENTS) ပွဲနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဟားခါးမြို့ ကျောဘုတ်ရပ်ကွက်ရှိ St. Pio's Minor School ကွင်းပြင်တွင် ကျင်းပခဲ့ကြပါသည်။

၎င်း ကလေးသူငယ်များပွဲနေ့ အထိမ်း အမှတ် ကစားပွဲများတွင် ဟားခါးမြို့ St. Joseph Cathedral၊ St. Charbel၊ St. Valentine နှင့် ကျောဘုတ်ရွှေနလုံးတော် ဘုရားကျောင်းများမှ ကလေးသူငယ်ပေါင်း (၂၀၀) ကျော်ပါဝင်ဆင်နွှဲ ခဲ့ကြပြီး စုပေါင်းသီဆို ကခုန်ခြင်း၊ သကြားလုံးကိုက်ပြိုင်ပွဲ၊ အဖွဲ့လိုက် သီချင်းဆိုပြိုင်ခြင်း၊ လိုက်တမ်းပြေးတမ်း ကစားခြင်းများနှင့် လက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းစသည့် ပျော်ရွှင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။ ထို့နောက် အသားဟင်း၊ ဟင်းချိုဖြင့် နေ့လည်စာ အတူတကွ စားသုံးခဲ့ကြသည်။ ၎င်းနေ့လည်စာကို လူငယ်များမှာ တာဝန်ယူချက်ပြုတ်ပေးခဲ့ခြင်းဖြစ်ပြီး ကစားပွဲများတွင်လည်း လူငယ်များသည် ကလေးမိဘများနှင့်အတူ ပါဝင်ကူညီခဲ့ကြသည်။

အားကစားပွဲများကို နံနက် (၁၀) နာရီမှ ညနေ (၃) နာရီအထိ ၅ နာရီကြာ ကျင်းပပေးခဲ့ပြီး ကလေးသူငယ်များ အားလုံးကို ဟားခါးမြို့ ရှုခင်းသာ (VIEW-POINT) သို့ ကားဖြင့် ခေါ်ဆောင်သွားကြ၍ စုပေါင်း မှတ်တမ်းတင် အမှတ်တရဓါတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ထို့နောက်ညနေ



(၄) နာရီအချိန်တွင် ဟားခါးမြို့ St. Joseph Cathedral ၌ ကျောင်းအုပ် ဘုန်းတော်ကြီး Fr. John Om Se ဦးဆောင်၍ ကလေး သူငယ်များ အတွက် မစ္ဆားတရား ပူဇော်ပေးခြင်း၊ အထူး ကောင်းချီးမင်္ဂလာပေးခြင်း၊ စုပေါင်းဓါတ်ပုံရိုက်ယူခြင်းများ ပြုလုပ်ကာ ညနေစာဖြင့် တည်ခင်းပေးခဲ့ကြောင်း သိရှိရပါသည်။

နော်ဘတ်
OSC - ဟားခါး

**ပေးဆပ်ခြင်းသည် ရယူခြင်းထက် ပို၍ မင်္ဂလာရှိ၏**
တမန်တော် ၀၃း၂၀း၃၅

## ရွှေပန်းတောတိုက်နယ် ကရင်စမ်းကျေးရွာ စိန့်ပီတာ စိန့်ပေါလ်ဘုရားကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား

ပြည်ကက်သလစ်သာသနာ ရွှေပန်းတောတိုက်နယ် ကရင်စမ်းကျေးရွာရှိ စိန့်ပီတာ စိန့်ပေါလ်ဘုရားကျောင်းဆောင်သစ်အား ဇန်နဝါရီလ ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၈း၀၀ နာရီတွင် အဖဆရာတော် Alexander ပြုံးချိုမှ ကောင်းချီးပေး ဖွင့်လှစ်ပေးခဲ့သည်။

ဘုရားကျောင်းဖွင့်ပွဲအခမ်းအနားတွင် ဆရာတော်နှင့်အတူ ရဟန်းတော်(၇)ပါးနှင့် သီလရှင် (၅)ပါးနှင့်ဘာသာဝင် ၃၀၀ခန့်ပါဝင်ဆုတောင်းခဲ့ပါသည်။

ဤဘုရားကျောင်း ဖြစ်မြောက်ရေးအတွက် ဘာသာဝင်ဦးရေ နည်းပါးလှသောကြောင့် နှစ်ကြာမြင့်စွာ ကြိုးစားလာခဲ့ရပြီး မုံဆီညော် ထွန်းမင်းကူညီပေးခဲ့မှုနှင့် ကရင်စမ်းရွာ ဘာသာဝင်များ၏ အလှူသက်သက်ဖြင့် ကြိုးစားတည်ဆောက်ထားကြောင်းသိခဲ့ရပါသည်။

မလျှော့သောစွဲဖြင့် ဆယ်စုနှစ်(၂)ခုခန့် ဖြတ်ကျော်ကာ ဘုရားအတွက် ကြိုးစားလှူဒါန်းခဲ့ကြသော ကရင်စမ်းရွာဘာသာဝင်များနှင့်ရွာသူရွာသားများအား အထူးလေးစားဂုဏ်ပြုရင်း ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာများ အဆတစ်ရာမက ပြန်ခံစားကြရပါစေကြောင်း မှတ်တမ်းတင် ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

PYAY - OSC



## ဘုရားကျောင်းဆောင်သစ် ကောင်းချီးပေးခြင်းနှင့် ဓမ္မဆရာတစ်ပိုင် ကောက်သစ်စားပွဲသို့ အဖဆရာတော် ရေမွန်ဆွမ်လွတ်ဂမ် တက်ရောက်

-ဗန်းမော်၊ ဒီဇင်ဘာ ၂၆-

ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ ထီးလင်း၊ သာယာကုန်းကျေးရွာရှိ စိန့်ပေတရုဘုရားကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ဓမ္မဆရာတစ်ပိုင်နယ် ကောက်သစ်စားပွဲသို့ ဗန်းမော်ဂိုဏ်းအုပ်သာသနာ သိုးထိန်း အဖဆရာတော်ရေမွန်ဆွမ်လွတ်ဂမ် တက်ရောက်ခဲ့သည်။

ထိုပွဲတွင် ဆရာတော်ဘုရားမှ "ယခုလို ဘုရားကျောင်းဆောင်အသစ် ရရှိလာတာဟာ အားအင်တခုပါပဲ။ ဘုရားသခင်က ငါတို့အနားမှာအမြဲရှိတယ်။ ဘုရားကျောင်းဆိုတာ ဘုရားသခင်ရဲ့ အိမ်ပဲ။ ဘုရားကျောင်းအသစ် ဆောက်လုပ်နိုင်တာဟာ ယေရှုကို အားလုံးဝိုင်းဝန်းမွေးတာနဲ့အတူတူပဲ။ ဘုရားကျောင်းမရှိရင် ဝမ်းနည်း စိတ်အားငယ်ရတယ်။ သာယာကုန်း ထီးလင်း မှာ ဘုရားကျောင်း ဆောက်လုပ်နိုင်တာကို ဆရာတော်အနေနဲ့အရမ်းကို ဝမ်းသာတယ်၊ ပီတိဖြစ်ရပါတယ်" ဟုမိန့်ကြားခဲ့သည်။

ဆက်လက်၍ ဆရာတော်ဘုရားမှ၊ ဤ စိန့်ပေတရုး ဘုရားကျောင်း ဆောက်နိုင်ခြင်းသည် ဘုရားသခင်ပေးသည့် ဆုကျေးဇူးပင် ဖြစ်ကြောင်း။ ကိုယ်ထူကိုယ်ထ စွမ်းအားကို ထီးလင်းဘုရားကျောင်းသည် သက်သေထူနေကြောင်း။ ဘုရားကျောင်းရှိသည့်ရွာနှင့် မရှိသည့်ရွာသည် အင်မတန် ခြားနားပါကြောင်း။ ဘုရားကျောင်းဆိုသည်မှာ ယေရှုးသခင်တရားဟောကြား တော်မူသည့် နေရာဖြစ်ကြောင်း နှင့် ဘုရားသခင်သည် ကျွန်ုပ်တို့လူသားများကို



ဖန်ဆင်း ထားသည့် ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့နှင့်အတူ အနီးကပ်ရှိနေရန် မျှော်လင့်ပါကြောင်း ထပ်လောင်း မြွက် ကြားခဲ့သည်။

BANMAW - OSC

## RNDM သီလရှင် ဂိုဏ်းဝင်များ၏ စိန့်ဂျူဗလီ၊ ငွေဂျူဗလီပွဲနှင့် ပထမကတိသစ္စာ ခံယူခြင်းပွဲ အခမ်းအနား

၂၀၁၉ခုနှစ် ဇန္နဝါရီ ကရင်နှစ်သစ်ကူးပွဲနေ့နှင့် မင်းသုံးပါးပွဲ တနင်္ဂနွေ နေ့တွင် RNDM သီလရှင် ဂိုဏ်းဝင်များ၏ စိန့်ဂျူဗလီ၊ ငွေဂျူဗလီပွဲနှင့် ပထမကတိသစ္စာ ခံယူခြင်းပွဲကို စိန့်ပေါလ်ကာသီဒြယ် ဘုရား ကျောင်းတော်ကြီး၌စည်းကားသိုက်မြိုက်စွာကျင်းပခဲ့ကြပါသည်။ ဂျူဗလီရှင်များမှာ Sr. Mary Raphael (စိန့်ဂျူဗလီရှင်), Sr. Magaret Kon Tin, Sr. Christina May, Sr. Rita Phyo (ငွေစင်ဂျူဗလီရှင်များ) Sr. Christina May Hnin Moe and Sr. Magaret Zin May Oo (ပထမသစ္စာခံယူသူများ)ဖြစ်ကြပါသည်။

ပွဲတော်မဿားတရားတော်များအား အဖဆရာတော်ကြီး Alexander Pyone Cho မှ ဦးဆောင်ကာ ရဟန်းတော်များအပါး (၃၀) နီးပါး၊ စစ္စတာရ်များအပါး(၅၀)ကျော်၊ Bro. ကြီး (၂) ပါးနှင့် ဘာသာဝင်များ ၆၀၀ကျော်ခန့် တက်ရောက်ပါဝင်ဆုတောင်းခဲ့ပါသည်။

မဿားတရားတော်မြတ်အပြီးတွင်အမှတ်တရဓာတ်ပုံများနှင့် ဂုဏ်ပြုခြင်းအခမ်းနားပြုလုပ်ခဲ့ပြီးနေ့လည်စာဖြင့်ဧည့်ခံခဲ့ကြသည့်အပြင် ညနေပိုင်းတွင်လည်း ရပ်ဝေးမှ ရဟန်းသီလရှင်များနှင့်အတူ RNDM ဂိုဏ်းဝင်သီလရှင်များမှ ဂျူဗလီနှင့်သစ္စာရှင်များအား ဂုဏ်ပြုခြင်းအခမ်းအနားနှင့် ကရင်နှစ်သစ်ကူးပွဲတော်အားခမ်းနား ပျော်ရွှင်စွာ ပြုလုပ်ကျင်းပခဲ့ကြရာ ညနေစာဖြင့်အခမ်းအနားကို ရုပ်သိမ်းခဲ့ကြပါသည်။

PYAY - OSC

စာမျက်နှာ ၁၅ မှ အဆက်

နေရာတစ်ခုကတော့ သွားနေကြတာပေါ့။ ဆိုတော့ အဲ့ဒါကိုလည်း နားလည်ပြီးတဲ့နောက် ကိုယ့်ရဲ့အိမ်ထောင်ရက်သားကျသွားတဲ့အချိန်မှာ ကိုယ့်ရဲ့ဇနီးသည် ကိုယ့်ရဲ့သားသမီး စသဖြင့်ပေါ့နော် သူတို့တွေ ရှိနေပြီဆိုတဲ့ အသိတရားနဲ့ ကိုယ်က လူပျိုလူလွတ်လို သွားတာ လာတာလေးတွေက သတိထားရတော့မယ်။ ပြီးရင် သံသယအက်ကြောင်းဆိုတာ အင်မတန်မှ သတိထားရမယ့်ကိစ္စပေါ့။ လင်နဲ့ မယားဟာ အကြောင်းတစ်ခုခုကြောင့်မို့ သံသယဖြစ်သွားပြီဆိုတာနဲ့ ဒီအက်ကြောင်းလေးပေါ်မှာ မူတည်ပြီးတဲ့နောက် ကွဲပြားသွားတဲ့အထိကို ဖြစ်သွားနိုင်တယ်ပေါ့။ မိသားစုတစ်ခု ပြိုကွဲသွားနိုင်တယ်။ ဒါကြောင့် သံသယအက်ကြောင်းဖြစ်နိုင်တဲ့ အပြုအမူတွေ အပြောအဆိုတွေ အပေါင်းအသင်းတွေပေါ့။ တစ်ဖက်မှာလည်းပဲ အရင်က ကိုနဲ့ ပြောမနာ ဆိုမနာ ပေါင်းသင်းခဲ့တဲ့သူတွေရှိလိမ့်မယ်။ ဒါပေမယ့် ကိုယ့်ရဲ့ သူငယ်ချင်းတွေက အိမ်ထောင်ကျသွားပြီဆိုရင် နဂိုလိုမျိုး နောက်တာပြောင်တာ ပြောတာဆိုတာတွေက ကိုယ့်အချင်းချင်းက ကိစ္စမရှိ ပေမယ့် ခင်ပွန်းသည်၊ ဇနီးသည် ရှေ့မှာတော့ ဒါလည်း သတိထားပေးဖို့ လိုအပ်တယ်ပေါ့။

မေး ။ ။ ကိုယ်တော့်အနေနဲ့ လိုအပ်တာပဲ ဖြစ်ဖြစ်၊ ကျန်ခဲ့တာပဲဖြစ်ဖြစ် ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါအုံး။

ဖြေ ။ ။ အဓိက ကတော့ Tribunal လေးတွေ ရှိမယ်ဆိုရင်ပေါ့နော် အခက်အခဲရှိနေကြတဲ့ ဘာသာတူတွေ ဘက်တော့ ဖြေရှင်းစရာနည်းလမ်းလေးတွေနဲ့ ပိုပြီးတော့ ဖြေရှင်းစရာတွေ မြန်လာလိမ့်မယ်ပေါ့နော်။ သူတို့ဝိညာဉ်ရေးရာမှာလည်းပဲ ငြိမ်းချမ်းစရာ ကိစ္စတွေကို ပိုပြီးတော့ လျင်လျင်မြန်မြန်လုပ်နိုင်မည့် အနေအထား လေးတွေပေါ့။ ဆိုတော့ သက်ဆိုင်ရာဘက်ကလည်း အတတ်နိုင်ဆုံးတော့ ကြိုးစားနေတယ်။ အစပြုနေတယ်ပေါ့နော်။ အစပြုနေတဲ့ အနေအထားမှာတော့ အတိုင်းအတာ တစ်ခုထိ လိုအပ်ချက်တွေလည်း ရှိနေမှာပဲပေါ့။ ဒါလေးတွေကိုလည်းပဲ ဝိုင်းပြီး ဆုတောင်းပေးကြပါ။ ပံ့ပိုးပေးကြပါပေါ့နော်။ အဲ့လိုဆိုရင် ဘုန်းကြီးတွေလည်းဘုန်းကြီး၊သက်ဆိုင်ရာ ဘာသာတူတွေလည်းသက်ဆိုင်ရာ အကုန်းလုံး ဝိုင်းပြီး လုပ်ကြမယ်ဆိုရင်တော့ ပိုပြီးတော့ တည်မြဲတဲ့မိသားစုလေးတွေကိုမျှော်မှန်းမိတယ်ပေါ့နော်။ ဆိုတော့ အတတ်နိုင်ဆုံးလည်း ဝိုင်းပြီးတော့ ကြိုးစားကြမယ်ပေါ့နော်။

တွေ့ဆုံမေးမြန်းသူ - ချမ်းဇော်အောင်၊ CBCM OSC

# (၃၄)ကြိမ် မြောက်ကမ္ဘာ့လူငယ်များနေ့ ပွဲတော်၌ တက်ရောက်ပါဝင်မည့်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း

*(၃၄)ကြိမ် မြောက်ကမ္ဘာ့လူငယ်များနေ့ ပွဲတော်၌ တက်ရောက်ပါဝင်ရန် မြန်မာနိုင်ငံမှ ကက်သလစ်လူငယ်များအဖွဲ့သည် ဇန်နဝါရီလ ၆ ရက် နေ့လည်ပိုင်း ၁၁ နာရီ ခန့်က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပမားနားနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်သည်။ မြန်မာနိုင်ငံမှ သွားရောက်သည့်အဖွဲ့တွင် မြန်မာနိုင်ငံသာသနာ အသီးသီးမှ ကိုယ်စားပြု လူငယ် ၈ဦးနှင့်အတူ ဘုန်းတော်ကြီးနှစ်ပါး လိုက်ပါခဲ့သည်။*

*(၃၄)ကြိမ် မြောက်ကမ္ဘာ့လူငယ်များနေ့ ပွဲတော်ကို ပမားနားနိုင်ငံတွင် ဇန်နဝါရီလ ၂၂ ရက်မှ ၂၇ ရက်အထိ ၆ ရက်တာကျင်းပပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ လူငယ်များအဖွဲ့သည် (၃၄)ကြိမ်မြောက်ကမ္ဘာ့လူငယ်များနေ့ပွဲတော်မကျင်းပမီ ကျင်းပမည်ဖြစ်သော Days in diocese အစီအစဉ်ကို ပမားနားနိုင်ငံ The diocese of Chitre (Chitre ကက်သလစ်သာသနာ)တွင်ဇန်နဝါရီလ ၁၇ ရက်မှ ၂၁ ရက် အထိ ၅ရက်တာ ပါဝင်သွား မည်ဖြစ်သည်။*

*ကမ္ဘာ့လူငယ်များနေ့ ပါဝင်မှုနဲ့ ပတ်သက်၍ မြန်မာနိုင်ငံ ကက်သလစ် လူငယ်များ ကော်မရှင်မှ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင် ဒါရိုက်တာ ဖာသာရ် အယ်ကော်ထူး နှင့် ပါဝင်ကြမည့် လူငယ်တစ်ချို့နှင့် တွေ့ဆုံးမေးမြန်းခဲ့ပါသည်။*



မေး ။ ။ *မြန်မာနိုင်ငံ ကက်သသလစ် လူငယ်ကော်မရှင် အနေနဲ့ ကမ္ဘာ့လူငယ်များနေ့ သွားဖို့ ပြင်ဆင်နေတဲ့ အပိုင်းတွေ၊ ပါဝင်မယ့် အစီအစဉ်တွေ ပွဲတော်အစီအစဉ် များ နှင့် ပတ်သက်ပြီး ဒီကဘာသာသူတွေ လူငယ်တွေကို ဝေမျှ ပြောကြားပေးပါအုံးကိုယ်တော်။*

ဖါသာရ် ။ ။ ကျွန်တော်နာမည်ကတော့ Fr. စောအယ်ကော်ထူး ဖြစ်ပါတယ်။ လက်ရှိဒီ National Catholic Youth Commission မှာ ဒါရိုက်တာ အနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ ၂၀၁၆ ကနေပြီးတော့ လာမယ့် ၂၀၂၁ ခုနှစ်ထိ သက်တမ်းရှိသေးတယ်ပေ့ါနော်။ အခု လက်ရှိဒီ၃၄ကြိမ်မြောက်ကမ္ဘာ့လူငယ်များနေ့ကိုပနားမားနိုင်ငံမှာကျင်းပမှာဖြစ်ပါတယ်။ စတင်ကျင်းပမယ့် Official Date ကတော့ (၂၀၁၉ ခုနှစ် ဇန်နဝါရီလ) ၂၂ ရက် ကနေပြီးတော့ ဒီ ၂၇ ရက်အထိပေ့ါနော်။ ဆိုတော့ တချို့ကလည်း ၂၁ ရောက်ကြမယ်။ ပြီးမှ ၂၈ မှာ ပြန်ကြမယ့်လူတွေရှိတယ်။ ဆိုတော့ အဲ့ဒီ World Youth Day (ကမ္ဘာ့လူငယ်များနေ့) လို့ ပြောလိုက်တဲ့အခါမှာ ကျွန်တော်တို့ အရှေ့က Days in dioceses ဆိုပြီး တစ်ခုရှိပါတယ်။ ဆိုတော့ အဲ့ Days in dioceses ကိုလည်းသူက World Youth Day အစီစဉ်နဲ့ ချိတ်ဆက်ထားတယ်။ Days in dioceses ကတော့ ကျွန်တော်တို့ ဒီ ၁၇ ရက်ကနေ ၂၁ ရက်နေ့ အထိပေ့ါနော်။ ဆိုတော့ အခုကျွန်တော်တို့ မြန်မာပြည်ကနေသွားမယ့် အဖွဲ့ကတော့ ဒီ ၁၆ ရက်နေ့ သွားမယ်ပေ့ါ။ ရောက်တာကတော့ ၁၇ ရက်နေ့မှရောက်မယ်။ အရင်တုန်းကတော့ ကျွန်တော်တို့ ဒီ Days in diocese ကို Costa Rica မှာ ပါဝင်ဖို့ စီစဉ်ခဲ့တယ်။ အဆင်မပြေခဲ့ဘူးပေ့ါနော် ဗီဇာကိစ္စကြောင့် ဟိုဘက်က ချိတ်ဆက်မှုတွေကလည်းအဆင်မပြေခဲ့ဘူးဖြစ်သွားတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ Costa Rica ကို အစီအစဉ်ဖျက်ပြီးတော့ ကျွန်တော်တို့ ပနားမားမှာပဲ Days in diocese ကိုယူပါမယ်။ ပနားမားမှာ ကျွန်တော်တို့ Days in diocese ယူမယ့် diocese ရဲ့နာမည်က The diocese of Chitre ဖြစ်ပါတယ်။ Days in diocese မှာပါဝင်ရမယ့် Parish နာမည်ကတော့ St. John the Baptist Church ပေ့ါ။ ဆိုတော့ အစီစဉ်ကတော့ Local People တွေနဲ့ culture exchange (ယဉ်ကျေးမှုဖလှယ်ခြင်း) ပါမယ်။ ပြီးရင် သူတို့ လမ်းလျှောက်တာတွေပါမယ်။ ပြီးရင် Community forestry လို့ခေါ်တဲ့ သစ်တောစိမ်းလန်း စိုပြေရေးမှာ ကျွန်တော်တို့ အပင်စိုက်ခြင်း သို့မဟုတ် သန့်ရှင်းရေးလုပ်တဲ့ အပိုင်းတွေလည်းပါလိမ့်မယ်။ ပြီးတော့ ဒီနှစ်ထူးထူးခြားခြားပဲ culture exchange ကတော့ သူတို့ ဒီပုံမှန် လုပ်နေတဲ့ အစီအစဉ်မျိုးထက်တော့ နည်းနည်းထူးမယ်လို့ထင်တယ်။ ဘာကြောင့်လည်းဆိုတော့ Public မှာသူတို့ ဒီ culture exchange (ယဉ်ကျေးမှုဖလှယ်ခြင်း) ကိုလုပ်မယ်ဆိုပြီး ပြောထားတယ်ပေ့ါ။ ဆိုလိုချင်တဲ့ သဘောက လုပ်မယ့် culture exchange (ယဉ်ကျေးမှုဖလှယ်ခြင်း) က လမ်းပေါ်မှာလည်း ဖြစ်ရင်ဖြစ်မယ်။ စင်ပေါ်မှာ လုပ်တဲ့ ပုံစံမျိုးမဟုတ်ဘဲအဲ့လိုသွားဖို့ ရှိပါတယ်။ ဒါကတော့ Days in diocese ပေ့ါနော်။ World Youth Day ကတော့ St. John the Baptist Church ကနေပြီးတော့ နောက်တစ်မြို့ကို ပြန်လာမှာ ပနားမားစီးတီးကို ပြန်လာမှာပေ့ါနော်။ ဆိုတော့ အဲ့လိုပနားမားစီးတီးကို ပြန်လာတဲ့အခါမှာပါဝင်တဲ့ အဓိကအစီအစဉ်တွေကတော့ ပုပ်ရဟန်းမင်းကြီးကို ကြိုဆိုတာပါမယ်။ ပြီးရင် ပုံမှန်အားဖြင့် catechism class (ကက်သလစ်ဘာသာရေးဆိုင်ရာအမေးအဖြေကဏ္ဍ) ကို ကျွန်တော်တို့တက်ရမယ်။ ပြီးရင် တစ်ချို့ကျတော့လည်း မိသားစုနဲ့နေရမယ်။ တချို့ကျတော့လည်း ကျောင်းတွေမှာ နေရမယ်ပေ့ါ။ World Youth Day ရဲ့ အစီစဉ်ကတော့ ပုပ်ရဟန်းမင်းကြီးကို ကြိုဆိုတာ၊ catechism class (ကက်သလစ်ဘာသာရေးဆိုင်ရာအမေးအဖြေကဏ္ဍ) ပါမယ်။ Eucharist Adoration (ကိုယ်တော်မြတ် သဒ္ဓါကြည်ညိုခြင်း) ပါမယ်။ ပြီးရင် way of the cross (ကားတိုင်လှည့်ခြင်း) ပေ့ါနော် ဒါက ပုံမှန်လုပ်နေကျ။ ပြီးရင် ပုပ်ရဟန်းမင်းကြီးနဲ့အတူနောက်ဆုံး closing Mass ( အပိတ်မစ္ဆားတရားတော်မြတ်) အတူပူဇော်မယ်၊ ပုံမှန်ကအဲ့လို သွားပါတယ်။ တစ်ခြား details အစီအစဉ်တွေကတော့ ကျွန်တော်တို့လည်း မသိသေးဘူးပေ့ါနော်။ ဒါကတော့ World Youth Day နဲ့ Days in Diocese ရဲ့ Schedule program တစ်စိတ်တစ်ဒေသပေ့ါနော်။

ဆိုတော့ မြန်မာပြည်အနေနဲ့ သွားမယ့်အနေအထားမှာ ကျွန်တော်တို့ကို ပါဝင်ပြီးတော့ ကူညီပေးတဲ့ နိုင်ငံရှိပါတယ်။ အဲ့နိုင်ငံတွေထဲမှာတော့ ဂျာမနီကလည်း ပံပို့မှုအနည်းကျဉ်းပါတယ်။ ကိုရီးယားကလည်း ပံ့ပိုးမှု အနည်းကျဉ်းပါတယ်။ ဂျပန်ကလည်း တစ်ယောက်တစ်လေစာအတွက်တော့ ပံ့ပိုးမှုမျိုးပေ့ါနော်။ အများကြီးမဟုတ်ပေမယ့်လည်း ဂျပန်လည်းပါဝင်ကူညီပေးတယ်။ ခုနောက်ဆုံး ကျွန်တော်တို့ သွားမှာက ၁၀ ယောက်ပေ့ါ။ အဲ့ဒီ ၁၀ ယောက်ကတော့ CBCM (Catholic Bishops’ conference of Myanmar) ကို ကိုယ်စားပြုပြီးတော့ သွားမှာပေ့ါနော်။ အဲ့လိုသွားတဲ့ အခါမှာဒီလူငယ်တွေက ဆရာတော်တွေနဲ့ တိုက်ရိုက်တော့ မဆုံဖြစ်ဘူးဒါပေမယ့် ဇန်နဝါရီလ ၈ ရက်နေ့က စတော့ ဆရာတော်ကြီးများ အစည်းအဝေးမှာတော့ ကျွန်တော်တို့ အကြောင်းအရာကိုတော့ ပြောပြခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ chairman Bishop ဖရန်စစ်ဒွေါ်တန်ကနေတစ်ဆင့် ကမ္ဘာ့လူငယ်များနေ့ကို ၁၀ ယောက် သွားမယ်။ သွားမယ့် သူတွေက ဘယ် သာသနာဘယ်သူ ဖြစ်ပါတယ်ဆိုတာပေ့ါနော်။ အဲ့လိုတော့ ဆရာတော်ကြီးအဖွဲ့ချုပ်ကို အကြောင်းကြားထားတယ်ပေ့ါ။ World Youth Day ကို နှစ်စဉ်သွားတဲ့အခါမှာ ဒီနှစ် မြန်မာပြည်က သွားတာကတော့ အနည်းဆုံးပေ့ါနော်။ ၁၀ ယောက်ကတော့ တော်တော်လေးကို အနည်းဆုံး ဖြစ်သွားတယ်။ အရင် ၂၀၁၆ ပိုလန်မှာတုန်းက ကျွန်တော်တို့ ၂၁ ယောက် သွားခဲ့တယ်။ အခု ၁၀ ယောက်ဆိုတော့ တစ်ဝက်လောက်ပဲသွားနိုင်တဲ့အနေအထားပေ့ါနော်။

World Youth Day ကတော့ ကျွန်တော်တို့ Asian Youth Day နဲ့ မတူဘူးပေ့ါနော်။ Asian Youth Day ကျတော့ ကျွန်တော်တို့ pre-meeting တွေရှိတယ်။ ပြီးတော့ Asian Youth Day မရောက်ခင် ကြိုသွားပြီး နေရာတွေလေ့လာခွင့်ရတယ်။ နောက် အစီအစဉ်တွေ သိခွင့်ရတယ်။ နေရာ၊ ဒေသ၊ အစီအစဉ် လူတွေနဲ့ ဆုံခွင့်ရတယ်။ World Youth Day ကျတော့ အဲ့လိုမဟုတ်ဘူး။ ကျွန်တော်တို့က အခု တိုက်ရိုက်ကြီးသွားရမယ်။ ဘာဖြစ်လာမလဲဆိုတာတော့ ကျွန်တော်တို့မသိဘူး။ ဒါပေမယ့် သေချာတာ တစ်ခုကတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကက်သလစ်လူငယ်တွေ၊လူကြီးတွေလည်းပါပါတယ်။ သူတို့တွေလာကြမယ်။ ပုံမှန်အားဖြင့်တော့ သုံး၊လေးသန်းလောက်တော့ လာကြတယ်။ အဲ့လိုသုံး၊လေးသန်းလာတဲ့ အခါမှာ နိုင်ငံပေါင်းစုံ၊ တိုက်နယ်ပေါင်းစုံကနေလာတဲ့ လူမျိုးပေါင်းစုံနဲ့ ကျွန်တော်တို့ ဆုံခွင့်ရမယ်။ ကျွန်တော်တို့ အဲ့လိုဆုံခွင့်ရတယ် အခါမှာအထူးသဖြင့် ယုံကြည်ခြင်းကို Sharing (ဝေမျှ) ကြတယ်။ အတူတကွ ရှိခိုးဝတ်ပြုကြတယ်။ အတူတကွ ခရီးသွားကြတယ်။ အတူတကွ ရင်းနှီးမှုတွေ ယူကြတယ်ပေ့ါ။

ပုံမှန်အားဖြင့် World Youth Day မှာ Transportation ကို cut လုပ်ထားကြတယ်ပေ့ါ။ ပွဲလုပ်မည့်နေရာနဲ့ဆို ၁၀ မိုင်၊ ၁၅မိုင်၊ မိုင်၂၀လောက် အဲ့လို cut လုပ်ထားတယ်ဆိုတော့။ ပုံမှန်အားဖြင့် ကျွန်တော်တို့ လမ်းလျှောက်ရတာတော့ များတယ်ပေ့ါနော်။ လမ်းလျှောက်ရင်းနဲ့ပဲတစ်ယောက်နဲ့တစ်ယောက် ဖေးမကူညီတဲ့ စိတ်တွေ ကျွန်တော်တို့ ဖော်ပြနိုင်မယ်ပေ့ါ။ အခုကတော့ အစီအစဉ်ကတော့ ခုနပြောသလိုပဲပါဝင်တဲ့အချက်အလက်ကတော့ ပုံမှန်အားဖြင့် ဒါပဲ။ ဒါပေမယ့် အတိအကျကတော့ ကျွန်တော်တို့လည်း မှန်းလို့မရသေးဘူးပေ့ါ။ လုပ်မယ့်နေရာလည်းကိုယ်မရောက်ဖူးတော့ မသိဘူး။ လှလား၊ကြီးလား၊ ဘယ်မှာရှိနိုင်မလဲတော့ မသိဘူး။ ဒါပေမယ့် ဖော်ပြထားတဲ့ နေရာကတော့ ကမ်းခြေနား၊ ကမ်းခြေဆိုတာသူတို့ ပင်လယ်နားမှာပေ့ါ။ လုပ်ဖို့ ဖော်ပြထားတဲ့ နေရာကို ကျွန်တော်တို့ တွေ့ရတယ်ပေ့ါနော်။ World Youth Day ကနေ ကျွန်တော်တို့ ပြန်လာရင်ရော၊ ပြန်လာရင် ကျွန်တော်တို့ မြန်မာပြည်အတွက် ဘာတွေများ အကျိုးအမြတ်ရှိနိုင်မလဲပေ့ါနော်။ အမှန်တော့ ကျွန်တော်တို့ ဒီ World Youth Day ကို Theme ရွေးကတည်းက ပြီးခဲ့တဲ့ ၂၀၁၈ ၄လပိုင်း Youth Congress ကတည်းက ကျွန်တော်တို့ ဒီ Theme ကိုပဲ ရွေးထားပါတယ်။ "Here I am, The ser-

vant of the Lord" "May it be done according to your words" ဆိုတော့ အဲ့ဒါကိုပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ Youth Congress ကို ကြိုတင်ပြင်ဆင်မှုအနေနဲ့ မြန်မာပြည်မှာရှိတဲ့ လူငယ်တွေကို ကျွန်တော်တို့ ဒါကြီးကို ဒီ Congress ကိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့ သူတို့ကို World Youth Day အမြည်းဆိုပြီး စမ်းခွင့်ပေးထားပြီပေါ့နော်။ အခုကျွန်တော်တို့ ဒီ Theme နဲ့ ဒီကမ္ဘာ့လူငယ်များနေ့အတူ ကြိုတင်ပြင်ဆင်မှုကို ကျွန်တော်တို့ ဒီမှာအကောင်အထည်ဖော်ရတော့မှာပေါ့နော်။ ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ပိုင်း၊ ကျွန်တော်တို့ရဲ့ လုပ်ရှားမှုအပိုင်း၊ ကျွန်တော်တို့ရဲ့ တင်ဆက်မှုအပိုင်း အားလုံးကို ဒီ၁၀ယောက်နေပြီးတော့ ပုံဖော်နိုင်ဖို့အကောင်းဆုံး ကြိုးစားသွားမှာပါလို့။ ပြီးတဲ့အခါမှာ တကယ့်တကယ် ကျွန်တော်တို့ ပြန်လာပြီးတဲ့ နောက်ပိုင်းမှာလည်းအထူးသဖြင့် ကျွန်တော်တို့ရလာမယ့် အတွေ့အကြုံတွေကိုလည်း ကျွန်တော်ဆိုရင် National Youth Director အနေနဲ့ လာမယ့် Youth Congress ကို ရခဲ့တဲ့ အတွေ့အကြုံတွေကနေ တစ်ဆင့်ကိုယ့်မြန်မာပြည်အတွက် ပြန်လည်အကျိုးဖြစ်မည့် ရလဒ်မျိုးကိုတော့ ထည့်သွင်းသွားမယ်ပေါ့။ သူတို့လုပ်တဲ့ အစီအစဉ်တွေ သူတို့ထားရှိတဲ့ Theme အပေါ်မှာ ဘယ်လိုချဲ့ထွင်ပြီးတော့မှ လူငယ်တွေရဲ့ နလုံးသားထဲကိုဘယ်လိုပြောင်းလဲနိုင်မယ့် အစီအစဉ်မျိုး ကျွန်တော်တို့ တွေ့ကြုံခဲ့မယ်ဆိုရင်တော့ လာမယ့် Youth cogress ၂၀၂၂ မှာ ကျွန်တော်တို့ ဒီအရာကို ပြန်ထည့်သွင်းသွားနိုင်ဖို့ ကြိုးစားပါမယ်လို့ ။

ဟုတ်ကဲ့ပါ ဒီမြန်မာပြည်မှာရှိတဲ့ လူငယ်မောင်မယ် အပေါင်း၊ ပြီးတော့သာသနာအသီးသီးမှာရှိတဲ့ Youth Director အားလုံးကိုပေါ့နော် အခုသွားမယ့် ကျွန်တော်တို့ ၁၀ ယောက်၊ CBCM ရဲ့ ကိုယ်စားပြု၊ မြန်မာနိုင်ငံ Catholic Youth commission ရဲ့ ကိုယ်စားပြု ဒီ ၁၀ ယောက်အတွက် ဆုတောင်းပေးပါလို့။ လမ်းခရီးအစဉ်ပြေအောင်၊ ရောက်တဲ့အခါမှာလည်း ကျွန်တော်တို့ မြန်မာ စိတ်ဓာတ်ကိုအကောင်းဆုံး ပြသနိုင်တဲ့ ၁၀ ဦးဖြစ်ဖို့ သည်းခံခြင်း၊ နှိမ့်ချခြင်း၊ စိတ်ရှည်ခြင်းတွေကို ကျွန်တော်တို့ တခြားနိုင်ငံတွေနဲ့ ဆုံတဲ့အခါမှာ ပြသနိုင်ဖို့ အိမ်ရှင်နိုင်ငံပနားမားနဲ့ ဆုံတွေ့တဲ့အခါမှာလည်း သူတို့ရဲ့ အစဉ်မပြေမှုသော်လည်းကောင်း၊ သူတို့ရဲ့ အားနည်းချက်ကိုသော်လည်းကောင်း ကြုံဆုံတဲ့အခါမှာမည်းမည်းညည်းဘဲနဲ့ နှိမ့်ချခြင်းနဲ့ ကိုယ့်စိတ်တွေကိုထားရှိနိုင်ဖို့။ ကျေးဇူးတော်ကိုရရှိဖို့ အထူးသဖြင့် ဒီအဖွဲ့က မြန်မာပြည်ရဲ့ကိုယ်စားဖြစ်တဲ့ အတွက် မြန်မာ့အမည်ကို မဖျက်ဘဲနဲ့ အကောင်းဆုံးဖော်ဆောင်နိုင်တဲ့ ၁၀ ယောက်ဖြစ်ဖို့ပေါ့နော် ဝိုင်းဝန်း ဆုတောင်းပေးပါလို့၊ လမ်းခရီးလည်း အစဉ်ပြေဖို့ ဆုတောင်းပေးပါလို့၊ ကျေးဇူးတင်ပါတယ်။



မေး ။ ။ အကိုရဲ့နာမည်၊ သာသနာရယ် အသင်းတော်ရဲ့ဘယ်ကဏ္ဍတွေမှာ ပါဝင်ဆက်ကပ်နေလဲဆိုတာမိတ်ဆက်ပေးပါအုံး။

ဖြေ ။ ။ ကျွန်တော်နာမည်ကတော့ ဂျပ်စတင်းပါ။ မန္တလေးသာသနာကပါ။ အခု World Youth Day မှာ မန္တလေးသာသနာအနေနဲ့ ပါဝင်တာဖြစ်ပါတယ်။ မန္တလေးသာသနာမှာတော့ မန္တလေးသာသနာလုံးဆိုင်ရာလူငယ်ကော်မရှင်မှာဒုဥက္ကဋ္ဌအနေနဲ့ ပါဝင်ပါတယ်။

မေး ။ ။ World Youth Day မှာပါဝင်တာပထမဦးဆုံးလား။

ဖြေ ။ ။ ဟုတ်ကဲ့ ကျွန်တော့်အတွက်ပထမဦးဆုံးပါပဲ။

မေး ။ ။ အခုလို World Youth Day မှာပါဝင်ရတဲ့အတွက် ဘယ်လိုခံစားရလဲ။ World Youth Day မှာ ပါဝင်ဖို့ရော ဘယ်လိုပြင်ဆင်ထားလဲ။

ဖြေ။ ။ဒါက ကျွန်တော့်အတွက်တော့ ဘုရားကောင်းကြီးပါပဲ။ အစောကြီးကတည်းကလွန်ခဲ့တဲ့ ၆ လ လောက်၊ ၇ လ လောက်ကတည်းက ပေါ့နော်။ World Youth Day အကြောင်းကိုတော့ နည်းနည်းသိရတယ်ပေါ့။ ဒါပေမယ့် ကျွန်တော် World Youth Day သွားမယ်လို့ စိတ်မကူးခဲ့ဘူး၊ စဉ်းကိုမစဉ်းစားထားခဲ့ဘူးပေါ့။ ဒါပေမယ့် ဒီအခြေအနေမှာ World Youth Day မှာပါဝင်ရမယ်ဆိုတဲ့ အခြေအနေလေးဖြစ်လာတာပေါ့။ ဒါကတော့ ကျွန်တော့်အတွက် ဘုရားကောင်းချီးပါပဲ။ အဲ့လိုပဲ ခံစားရတယ်ပေါ့နော်။ ဘာတွေ တွေ့ရမယ်လို့ မျှော်လင့်ထားလဲဆိုရင်တော့ ကြိုတင်တော့ ပြောမပြတတ်ဘူးပေါ့။ ဒါပေမယ့် ကိုယ်နဲ့ လူမျိုးမတူဘူး၊ ဘာသာစကားတွေ မတူကြဘူး၊ ယဉ်ကျေးမှုတွေမတူကြဘူး။ အားလုံးဒီလိုလူမျိုးပေါင်းစုံနဲ့ တွေ့ရမယ့် အတွေ့အကြုံလေးပေါ့နော်။ အဲ့ဒါတွေ တွေ့ရမှာတော့ ကြိုပြီး ရင်ခုန်တယ်ပေါ့။

မေး ။ ။ ပြင်ဆင်မှုပိုင်းမှာ ဘာအခက်အခဲတွေရှိလဲ။

ဖြေ ။ ။ အခက်အခဲတော့ ကြီးကြီးမားမားကြီးမရှိပါဘူး။ ကြားထဲမှာတော့ ကျွန်တော်တို့ သွားဖို့အတွက် ပြင်တာတော့ ရက်လေးတော့ နည်းနည်းနည်းတယ်ပေါ့။ နည်းတယ်ဆိုပေမယ့်လို့လည်း ရုံးမှာလည်း ဗီဇာကိစ္စတွေက နည်းနည်းလေး ခက်ခဲတယ်လို့ ပြောပြကြတယ်။ သူတို့လည်း နည်းနည်းအလုပ်ရှုပ်တာကိုး။ ကျွန်တော်တို့ နယ်ကလာတဲ့လူတွေလည်း ပြင်ဆင်ချိန်တော့ နည်းသွားတာပေါ့နော်။ ဒါပေမယ့် ကြီးကြီးမားမားဘာမှ အခက်အခဲတွေတော့ မရှိပါဘူး။

မေး ။ ။ ညီမနာမည်နဲ့ လက်ရှိဘယ်မှာပါဝင်ဆက်ကပ်ဆောင်ရွက်နေလဲဆိုတာမိတ်ဆက်ပေးပါအုံး။

ဖြေ ။ ။ ကျွန်မနာမည်က နော်မေပန်းချီစိုးပါ။ ကျွန်မကတောင်ငူသာသနာကပေါ့နော်။ အခုလက်ရှိ National Catholic Youth Commission မှာ Secretary အနေနဲ့ တာဝန်ထမ်းဆောင်နေတယ်ပေါ့။

မေး ။ ။ World Youth Day သွားဖို့ ဒီမြန်မာနိုင်ငံကက်သလစ်လူငယ်ကော်မရှင်အနေနဲ့ ဘာတွေပြင်ဆင်နေလဲ။ World Youth Day မှာ NCYC အနေနဲ့ ဘာတွေ ပူးပေါင်းပါဝင်သွားမလဲ။

ဖြေ။ ။အခုသွားမှာကပနားမားနိုင်ငံပေါ့နော်။ အဲ့မှာ Days in Diocese ရှိတယ်။ World Youth Day လည်း အဲ့မှာပဲ လုပ်မှာပေါ့နော်။ အဲ့အတွက် အကတွေပြင်ဆင်ထားတယ်။ ရိုးရာအကပေါ့နော်။ ရိုးရာအကအနေနဲ့ ကျွန်မတို့ တိုင်းရင်းသားရှစ်မျိုးကို ကမှာပေါ့နော်။ မြန်မာနိုင်ငံကိုယ်စား တိုင်းရင်းသားရှစ်မျိုးအကရှိတယ်။ အဲ့အကတစ်ပုဒ်ရယ် ပြီးရင် action song တစ်ပုဒ်ရယ် ပြီးတော့ ဒီ World Youth Day Theme song တစ်ပုဒ်ရယ် ပြင်ဆင်သွားတယ်ပေါ့။

မေး ။ ။ World Youth Day မှာ ပါဝင်တာ ညီမအတွက်



ဒါပထမဦးဆုံးလား။

ဖြေ။ ။ဟုတ်ပါတယ်။ ဒါပထမဦးဆုံးပါ။

နည်းနည်းတော့ ရင်ခုန်တာပေါ့နော်။ ပြီးတော့ နည်းနည်းလည်းကြောက်တယ်။ အဲ့လိုမျိုး ခရီးစဉ်ဘက်က အဆင်မပြေမှာတွေပေါ့နော်။ နည်းနည်းဝင်ရ ခက်တဲ့နိုင်ငံဖြစ်နေတဲ့ အခါကျတော့ အစဉ်မပြေမှာလည်းအရမ်းကြောက်တယ်ပေါ့။ ဆုတော့တောင်းသွားမှာပဲလေနော်။ ပြီးတော့ ဘာတွေမျှော်လင့်ထားလဲဆိုတော့ မျှော်လင့်ထားတာမျိုးတော့မရှိပါဘူး။ ဒါပေမယ့် ဟိုရောက်ရင် ဘာတွေ ဖြစ်လာမလဲဆိုတာတော့မသိသေးဘူး။

အားလုံးစုစုပေါင်းတော့ ၁၀ ယောက်ပေါ့နော်။ လူငယ်ကတော့ ၈ယောက်၊ ပြီးတော့ ဘုန်းကြီး နှစ်ပါးပါတယ်။ သွားမယ့်လူတွေက မော်လမြိုင်သာသနာ၊ မန္တလေးသာသနာ၊ ကျိုင်းတုံသာသနာ၊ လွိုင်ကော်သာသနာ၊ ဖယ်ခုံသာသနာ၊ မြစ်ကြီးနားသာသနာ၊ ပြီးရင် ရန်ကုန်သာသနာလူငယ်တွေ ပါဝင်ကိုယ်စားပြုပြီးသွားကြမှာပါ။

မေး။ ။ World Youth Day ကပြန်လာရင် ဒီမှာ ဘယ်လိုမျိုးအစီအစဉ်တွေနဲ့ အတွေ့အကြုံတွေကိုဝေမျှသွားဖို့ရှိလဲ။

ဖြေ။ ။ World Youth Day ပြီးရင်တော့ ကျွန်မတို့ ဒီ သာသနာတွေဖက်ကို အဲ့ activities တွေ သွားဖို့ ရှိတယ်။ တချို့သာသနာတွေကဖိတ်တယ်။ အဲ့ဒါဆိုရင် သူတို့ဘက်ကို သွားပြီးသင်တန်းတွေ ပို့ချဖို့ရှိတယ်။ ဒီ NCYC အနေနဲ့ပေါ့နော်။

မေး ။ ။ လက်ရှိအချိန်မှာရော NCYC အနေနဲ့ လူငယ်တွေအတွက် ဘယ်လိုမျိုးလှုပ်ရှားမှုတွေ ဆောင်ရွက်နေလဲ။

ဖြေ ။ ။ လက်ရှိက ကျွန်မတို့ Monthly recollection ဆိုပြီးတစ်ခုရှိတယ်ပေါ့နော်။ လတိုင်းလတိုင်းလတစ်လရဲ့နောက်ဆုံးအပတ်မှာ စနေနေ့မှာ လူငယ်တွေကို Gathering တစ်ခုလုပ်ပေးတယ်။ ဝတ်စောင့်ပွဲပေါ့။ တစ်နေ့တာဝတ်စောင့်ပွဲလုပ်ပေးတယ်။ ပြီးရင် အဲ့ဒီရက်မှာလာချင်တဲ့ သာသနာက လာပြီးပါဝင်လို့ရတယ်။ အဓိကကတော့ ဒီရန်ကုန် သာသနာအတွင်းမှာပဲ လုပ်တာပေါ့နော်။ ရန်ကုန် သာသနာအတွင်းမှာရှိတဲ့ ဘုရားကျောင်း တစ်ကျောင်းစီကို ကျွန်မတို့ သွားပြီးအဲ့မှာဝတ်စောင့်ပွဲသွားလုပ်ပေးတယ်ပေါ့နော်။ ပြီးတော့ လက်ရှိ ကျွန်မတို့ VCD အခွေ တစ်ခွေ ထွက်ဖို့လည်း ရှိတယ်ပေါ့နော်။ မယ်တော်သီချင်းခွေ တစ်ခွေ ထွက်ဖို့လည်းရှိတယ်ပေါ့နော်။ ဒီ NCYC အနေနဲ့ပေါ့။

မေး။ ။ မြန်မာနိုင်ငံက World Youth Day သွားကြမယ့် အဖွဲ့ကိုယ်စား မြန်မာနိုင်ငံသာသနာအသီးသီးကလူငယ်တွေကိုဘယ်လိုမျိုးပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ချင်လဲ။

ဖြေ ။ ။ အခု World Youth Day သွားကြမယ့် လူငယ်တွေအားလုံးအတွက် ခရီးစဉ် အဆင်ပြေဖို့ အကုန်လုံးဝိုင်းဝန်းပြီးတော့ ဆုတောင်းပေးကြဖို့ မေတ္တာရပ်ခံဖိတ်ခေါ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

တွေ့ဆုံ မေးမြန်းသူ - ချမ်းဖော်အောင် CBCM-OSC

# တိုင်းရင်းသားအားလုံး၏ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုက်မှုများကို အားလုံးတစ်ပြေးညီဖြစ်ခြင်းသည် နိုင်ငံ့ရဲ့ဂုဏ်သိက္ခာဖြစ်ကြောင်း အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်ဆောင်ဆန်းစုကြည်ပြော



ဖွံ့ဖြိုးရေး အစီ အစဉ် များသည် တိုင်းရင်း သားများအားလုံး၏ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး အားလုံး တစ်ပြေးညီ ဖြစ်စေရေးမှာ နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည် ဟု ဇန်နဝါရီလ ၈ ရက်က ပြုလုပ်သော ကချင်ပြည်နယ် မငွေ့ဇ - ငေါ့လုံဒမ် - ရီဒမ်း - ခေါင်လန်ဖူး လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်ဆောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

"ဒီဖွံ့ဖြိုးရေး အစီအစဉ် တွေဟာ ကျွန်မတို့ရဲ့ တိုင်းရင်းသားများ အားလုံး စိတ်ပိုင်း ဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာ အရ ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။ အားလုံးကို ကျွန်မတို့ ကတော့ တစ်စုတစ်စည်းတည်း တစ်ပြေးညီပဲ ဖြစ်ချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားလုံးတစ်ပြေးညီ ဖြစ်တယ်ဆိုတာဟာလည်း နိုင်ငံ့ရဲ့ဂုဏ်သိက္ခာပါပဲ။ နိုင်ငံ တစ်နိုင်ငံမှာ ဆင်းရဲ ချမ်းသာ သိပ်ပြီးတော့ ကွာဟမှုရှိတယ်ဆိုတာ နိုင်ငံအတွက် ကောင်းတာ မဟုတ်ပါဘူး။ ဒီလို ကွာဟမှုတွေ ဆိုတာကလည်း ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနဲ့လည်း ဆိုင်ပါတယ်။ လမ်းပန်းဆက်သွယ် ရေးခက်ခဲမှုရှိတဲ့အခါ ဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းတွေ လုပ်ဖို့ဟာကလည်း ခက်ခဲလာပါတယ်။ ဒါကြောင့် ကျွန်မတို့လမ်း ဖောက်တဲ့ အလုပ်ဟာ အင်မတန်မှ မွန်မြတ်တဲ့ အလုပ်လို့ ကျွန်မအနေနဲ့ ခံယူချင်ပါတယ်။" ဟု အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်ဆောင်ဆန်းစုကြည် က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၈ ရက်က ပြုလုပ်သော ကချင်ပြည်နယ် မငွေ့ဇ - ဆန်းလွတ်ချက် တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသ နှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည် ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်၏ အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ လမ်းဖွင့်ပွဲ အခမ်းအနားသို့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လိုက်ပါလာပြီး ယင်းအခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီဝင်များ၊ ဒေသခံများနှင့် လမ်းဖောက်သည့် အလုပ်သမားများ ပါဝင် တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ဒေါ်အောင်ဆန်း စုကြည် က လမ်းဖောက်ခြင်း၏ အရေးကြီးသော ရည်ရွယ်ချက်မှာ ပြည်ထောင်စု တိုင်းရင်းသားများကြား ပိုမိုနီးစပ် ထိတွေ့ ဆက်ဆံ လာရေးအတွက်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ အတွက် အရေးအကြီးဆုံးမှာ ညီညွတ်မှု အင်အားဖြစ်သည်ဟု ပြောကြားခဲ့သည်။

"ဒီလို လမ်းတွေဖောက်တယ် ဆိုတာ အဓိကအားဖြင့် ကျွန်မတို့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ဖြစ်တယ်။ ဒါပေမယ့် ပိုပြီးတော့ အရေးကြီးတာက ကျွန်မတို့ ပြည်ထောင်စု တိုင်းရင်းသားများ အားလုံး ကြားထဲမှာနီးစပ်လာအောင် လုပ်တာဖြစ်ပါတယ်။ လမ်းမဖောက်ဘဲနဲ့ တစ်ယောက်နဲ့ တစ်ယောက် ထိတွေ့မှုရှိဖို့ ဆိုတာ မလွယ်ပါဘူး။ လမ်းဖောက်လိုက်တယ် ဆိုတာနဲ့ပဲ ထိတွေ့မှု တံတားကြီး တစ်ခု ဆောက်လိုက်သလိုပါပဲ။ လမ်းတွေ၊ တံတားတွေ ဖောက်တယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်က ဒါပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုဆိုတာလည်း နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပေမယ့် ပိုပြီးတော့ အရေးကြီးတာက ညီညွတ်မှု အင်အားပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို လမ်း ဖောက်တဲ့ အခါမှာ လမ်းဖောက် ဖြစ်အောင်လို့ လုပ်ပေးတဲ့ကျွန်မတို့ရဲ့ အလုပ်သမားတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။" ဟု ၎င်းက ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၈ ရက်က စတင်ခဲ့သော အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်တွင် ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ၊ ကျေးလက်ဒေသ မီးလင်းရေး ရေအားလျှပ်စစ်စီမံကိန်းများ၊ စာသင်ကျောင်းများအား သွားရောက်ကြည့်ရှုခဲ့ပြီး ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလ (၁၀)ရက် တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနော ကွင်းတွင် ပြုလုပ်သော (၇၁) နှစ်မြောက် ကချင်ပြည်နယ်နေ့ကို တက်ရောက်ခဲ့သည်။ ဇန်နဝါရီလ (၈) ရက်ကစတင်ခဲ့သော အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ခရီးစဉ်မှာ (၄) ရက်အကြာ ဇန်နဝါရီလ (၁၁) ရက်တွင် အဆုံးသတ်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ချမ်းဖော်အောင်၊ CBCM-OSC



# ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးကို ရာထူးတာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်ပြီး တစ်ဦးကို ရာထူးမှ ရပ်ဆိုင်းခဲ့

ကချင်ပြည်နယ် အစိုးရ အဖွဲ့ဝင်များ ဖြစ်သော စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြသိန်း၊ လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ သင်းလွင် တို့ကို ၎င်းတို့၏ သဘောဆန္ဒ အလျောက် နုတ်ထွက်ခွင့်ပြုပြီး၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး ဦး H လအောင်ကို တာဝန်မှ ရပ်ဆိုင်းလိုက်ကြောင်း ဇန်နဝါရီလ ၂၁ ရက် ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ထုတ်ပြန်ခဲ့သည်။

၎င်းတို့သုံးဦးကို ဒေါ်အောင်ဆန်းစုကြည်၏ ညွှန်ကြားချက်အရဟု ဆိုကာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် က နုတ်ထွက်စာ တင်ခိုင်းခဲ့ကြောင်း ဒေါက်တာ သင်းလွင် က 7Day သတင်း စာသို့ ပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး





ဌာန ဝန်ကြီး ဦးမြသိန်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာသင်းလွင် တို့မှာ နုတ်ထွက်စာ တင်ခိုင်းသဖြင့် နုတ်ထွက်စာ တင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတမှ နုတ်ထွက်ခွင့်ပြုခဲ့သည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦး H လအောင် ကမူ နုတ်ထွက်စာတင်ရန် ငြင်းဆန်ခဲ့သဖြင့် နိုင်ငံတော်သမ္မတမှ ၎င်းကို တာဝန်မှရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ ၈ ရက်က စတင်ခဲ့သော နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ကချင်ပြည်နယ်ခရီးစဉ်အပြီး ကချင်ပြည်နယ် ဝန်ကြီးတစ်ဦးကို တာဝန်မှ ရပ်ဆဲ၍ နှစ်ဦးကို ရာထူးမှ နုတ်ထွက် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးသုံးဦးကို ရာထူးမှနုတ်ထွက်စေမှုနှင့် ပတ်သက်၍ ဝေဖန်မှု အချို့ရှိနေပြီး ၎င်းနှင့်ပတ်သက်၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က "အုပ်ချုပ်ရေး အဖွဲ့အစည်း ဆိုတာက သူက အဆင့်ဆင့်ကွပ်ကဲပြီး ညွှန်ကြားတဲ့ လုပ်ရိုးလုပ်စဉ်ပေါ့လေ ဒါကို လုပ်ခြင်းပဲဖြစ်တယ် ဒါကို အန်ကယ် ဒီလိုပဲ ဖြေပါရစေ" ဟု မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၄၊ ပိုဒ်မခွဲ (ခ) ၊ ပိုဒ်မခွဲငယ် (၁)တွင် " နိုင်ငံတော်သမ္မတသည် - လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားချက် အတိုင်းလိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်" ဟု ဖော်ပြထားသည်။

ချမ်းဖော်အောင် (CBCM-OSC)

# စစ်အစိုးရလက်ထက် စီးပွားရေး အကြီးအကဲအဖြစ် တာဝန်ယူခဲ့သော ဗိုလ်မှူးချုပ်ဟောင်း ဒေးဗစ် အေဘယ်လ် ကွယ်လွန်

စစ်အစိုးရ လက်ထက် မြန်မာ့ စီးပွားရေး အကြီးအကဲအဖြစ် ဝန်ကြီးရာထူး အမျိုးမျိုး တာဝန် ထမ်းဆောင်ခဲ့သော ဗိုလ်မှူးချုပ်ဟောင်း အေဘယ်လ်သည် ဖန်နဝါရီလ ၂၀ ရက်နေ့က ရန်ကုန်တွင် နလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၄ နှစ်ရှိပြီဖြစ်သည်။



ဗိုလ်မှူးချုပ်ဟောင်း အေဘယ်လ်၏ ရှာပန အခမ်းအနားကို ဖန်နဝါရီလ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး ရန်ကုန်မြို့ ခရစ်ယာန် ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်တွင် သင်္ဂြိုလ်ခဲ့သည်။ ၎င်း၏ ရှာပန မစ္ဆားတရားတော်မြတ်ကို ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်ဘို နှင့် လက်ထောက်ဆရာတော် ဂျွန်စောယောဟန် တို့ ဦးဆောင်၍ ရဟန်းတော်များ ဘာသာဝင်များနှင့်အတူ ပူဇော်ခဲ့ကြသည်။

ဗိုလ်မှူးချုပ်ဟောင်းအေဘယ်လ်သည် စစ်အစိုးရလက်ထက် ဝန်ကြီးများထဲတွင် နာမည်ပျက်မရှိသည့် တစ်ဦးတည်းသော ဝန်ကြီးဖြစ်ပြီး၊ တစ်ဦးတည်းသော ဘာသာခြား ဝန်ကြီးလည်း ဖြစ်သည်။ အင်္ဂလိပ် မြန်မာ ကပြား၊ အိန္ဒိယ နှင့် ဂျူးကက်သလစ် မျိုးနွယ်များမှ ဆင်းသက်လာသော ဗိုလ်မှူးချုပ် အေဘယ်လ်သည် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး ကက်သလစ် ခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံ ဆင်းဟာ့စ်ရှိ တော်ဝင်စစ်တက္ကသိုလ်တွင် ဘောဂ ဗေဒပညာရပ်ကို သုံးနှစ်တာ သင်ကြားခဲ့ပြီး ၎င်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။

မြန်မာ့ တပ်မတော်အတွင်း ရာထူးအဆင့်ဆင့်တွင် တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် စစ်အာဏာသိမ်းအဖွဲ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုအဖွဲ့ (SLORC) တွင် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရုံးဝန်ကြီး စသည်ဖြင့် တာဝန် အမျိုးအမျိုးကို ထမ်းဆောင်ခဲ့သည်။ စစ်လက်နက်ပစ္စည်း ဝယ်ယူမှု ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၉၀ ခုနှစ်တွင် ဗိုလ်မှူးချုပ် ရာထူးဖြင့် တပ်မတော်မှ အနားယူခဲ့သည်။

အာဏာသိမ်းအစိုးရအဖွဲ့တွင် ဗိုလ်မှူးချုပ်အေဘယ်လ်သည် ပြောင်းလဲလိုစိတ် ရှိသူအဖြစ် အများက မှတ်ယူကြပြီး ထိုခေတ်က ဗိုလ်ချုပ်ကြီးများ၏ မူဝါဒများကို မေးခွန်း ထုတ်ခဲ့ခြင်းကြောင့် ဗိုလ်ချုပ်ကြီးများက ၎င်း ကို အလိုမကျဖြစ်လာ ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် တပ်မတော်က ဗိုလ်မှူးချုပ်အေဘယ်လ်ကို အငြိမ်းစားပေးခဲ့ပြီး ပြည်ပသို့ မသွားရန် ပိတ်ပင် တားမြစ်ခဲ့ကြသည်။

ရှာပနအခမ်းအနားသို့ ၎င်း၏ လုပ်ဖော်ကိုင်ဖက် အငြိမ်းစား စစ်ဗိုလ်ချုပ်ကြီးများ လည်းတက်ရောက်ခဲ့ကြသည်။

ချမ်းဇော်အောင်၊ CBCM-OSC



# ဖိလစ်ပိုင်တောင်ပိုင်း ကက်သလစ်ဘုရားကျောင်းတစ်ကျောင်းတွင် တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်နေစဉ် ဗုံးခွဲတိုက်ခိုက်ခံရပြီး လူ ၂၀ ဦးသေဆုံး

မူဆလင်အများစု နေထိုင်သော ဖိလစ်ပိုင် တောင်ပိုင်း ဂျိုလိုကျွန်းပေါ်ရှိ ရိုမန်ကက်သလစ်ကာသီဒြယ် ဘုရားကျောင်းတစ်ကျောင်းတွင် ဖန်နဝါရီလ ၂၇ ရက် တနင်္ဂနွေနေ့က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ပြီး လူ ၂၀ သေဆုံးခဲ့သည်။

Lady of Mount Carmel ကာသီဒြယ်ဘုရားကျောင်းတွင် တနင်္ဂနွေ မစ္ဆားတရား ပူဇော်နေစဉ်အတွင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူ ၂၀ သေဆုံးကာ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အစိုးရ၏ တရားဝင် ထုတ်ပြန်ချက်ကဆိုသည်။ မျက်မြင်သက်သေ များ၏ ပြောပြ ချက်များအရ ပေါက်ကွဲမှုအပြီးနောက် ဘုရားကျောင်းအတွင်းမှ ဘုရားရှိခိုးနေကြသော ဘာသာဝင်များ တိုးဝှေ့ထွက်လာကြကြောင်း၊ ထိုစဉ် ရဲများနှင့် စစ်သားများ ပေါက်ကွဲမှုဖြစ်ပွားနေရာသို့ အပြေးဝင်လာစဉ် ဘုရားကျောင်းဝင်ပေါက်အနီး ဒုတိယဗုံး ဆက်လက်ပေါက်ကွဲခဲ့ခြင်းဖြစ်သဖြင့် အများအပြား သေဆုံး ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

စစ်တပ်၏ ဖော်ထုတ်ချက်အရ ဒုတိယ ဖောက်ခွဲရေး ပစ္စည်းမှာ အနီးနားတွင် ရပ်ထားသည့် ဆိုင်ကယ်နှင့်တွဲကပ်ထားကြောင်းသိရသည်။ ပထမ ပေါက်ကွဲမှုမှာ ဘုရားကျောင်း ဆောင်အတွင်း ဖြစ်ပွားခဲ့ပြီး တစ်မိနစ်ခန့်အကြာ ဘုရားကျောင်း ဝင်ပေါက်အနီး ဒုတိယ ပေါက်ကွဲမှု ထပ်မံ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။





ပေါက်ကွဲမှုအပြီး အရပ်သား ၁၅ ဦးနှင့် စစ်သား ၅ ဦး သေဆုံးခဲ့ပြီး ၁၁၁ ယောက် ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိခဲ့ပြောသည်။ “စစ်သားတွေကို ဝတ်ပြုကိုးကွယ်ရာ နေရာ တွေ၊ လူ အ များ ရှိ ရာ နေ ရာ တွေ မှာ အထူးအလေးထား စောင့် ကြပ်ကြဖို့ ညွှန်ကြားထားပါတယ်။” ဟု ပေါက်ကွဲမှုအပြီး ကာ ကွယ်ရေးအတွင်းရေးမှူး Delfin Lorenzana ထုတ်ပြန် ထားပါတယ်။

ဖိလစ်ပိုင် သမ္မတရုံးကလည်း ယခု ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် လူသတ်သမားများကို မျှမျှတတ တရားစီရင်ပြီး ဖမ်းဆီး ထောင်ချမည် ဖြစ်ကြောင်း၊ ဥပဒေဟာ သူတို့ကို သက် ညှာလိမ့်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

“တိုင်းပြည်ရဲ့ ရန်သူတွေဟာ ပြည်သူတွေရဲ့ အသက် အိုးအိမ်ကိုကာကွယ်တဲ့နေရာမှာ အစိုးရရဲ့ စွမ်းဆောင်မှုကို စိန်ခေါ်ခဲ့တယ်။ ဖိလစ်ပိုင်တပ်မတော်ဟာ ဒီဘုရားမဲ့တဲ့ ရာဇဝတ်သားတွေကို ချေမှုန်းသွားမယ်” ဟု သမ္မတရုံးက ပြောဆိုခဲ့သည်။

ဘုရားကျောင်းပေါက်ကွဲမှုဖြစ်ပွားအပြီး နောက်တစ်ရက် တနင်္လာတွင် ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးနှင့် လုံခြုံရေးအဖွဲ့များ သွားရောက်မည်ဖြစ်သည်။ ဖိလစ်ပိုင်တောင်ပိုင်း ဂျိုလိုကျွန်းသည် မူဆလင်လက်နက်ကိုင် အများဆုံးနေထိုင်ရာ ကျွန်းတစ်ကျွန်းဖြစ်ပြီး အကြမ်းဖက်မှုများ အကြာခဏ ဖြစ်ပွားလေ့ရှိပြီး ယခုဖြစ်ပွားမှုသည် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၉ နှစ်ထဲတွင် ပထမဦးဆုံး လူအများဆုံးသေဆုံးသည့် ပေါက်ကွဲမှုဖြစ်ခဲ့သည်။

ကိုးကား-AP သတင်းဌာန၊ ချမ်းဇော်အောင်

# နှစ်ပေါင်း ၂၇၀ ကြာ သံလျင်ဘုရားကျောင်းကို မြေသန့်မင်္ဂလာ ကောင်းကြီးပေးပြီး ပထမဆုံးအကြိမ် မစ္ဆားတရားတော်မြတ် ပူဇော်ကြားခဲ့





စာ - ၆



စာ - ၆

ရဟန်းဖြစ်တက္ကသိုလ် ဒဿနိကဗေဒ ဌါန (ပြင်ဦးလွင်) တွင် ကျောင်းဆောင်သစ် ဖွင့်ပွဲတွင် အမှတ်တရ သစ်ပင်စိုက်ပျိုးနေသော မန္တလေးဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလား မန်ထန်း



ခရစ်ယာန်များ စည်းလုံးညီညွတ်ရေး ရက်သတ္တပတ် ဆုတောင်းခြင်းအခမ်းအနားကို ဦးဆောင် ကျင်းပနေသော ပုသိမ် ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျွန် မန်းဆိန်းဟို



ခရစ်ယာန်များ စည်းလုံးညီညွတ်ရေး ရက်သတ္တပတ် ဆုတောင်းခြင်းအခမ်းအနားကို ဦးဆောင် ကျင်းပနေသော တောင်ကြီး ဂိုဏ်းချုပ်ဆရာတော်ကြီးဘာစီလျို အားသိုက်



ရန်ကုန်ဂိုဏ်းချုပ်သာသနာ စိန်မေရီ ကာသီဒြယ်တွင် ခရစ်ယာန်များ စည်းလုံးညီညွတ်ရေး ရက်သတ္တပတ် ဆုတောင်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသည့် အကြီးအကဲများ



မြန်မာပြည် ကက်သလစ် သာသနာ အသီးသီးမှ လူထုဆက်သွယ်ရေး တာဝန်ခံများ

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် လူထုဆက်သွယ်ရေး ကော်မရှင်၏ နှစ်ပတ်လည် အစည်းအဝေးကို ၂၀၁၉ ခု ဇန်နဝါရီလ ၁၀-၁၁ ရက်များတွင် ရန်ကုန်မြို့ ဆရာတော်ကြီးများအဖွဲ့ချုပ် ကျောင်းတိုက် လူထုဆက်သွယ်ရေး ရုံးခန်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော SIGNIS အသင်းတွင် စနစ်တကျ ပါဝင် နိုင်ရေးအတွက် SIGNIS MYANMAR ဘုတ်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

လူထုဆက်သွယ်ရေး နည်းစနစ်များကို ကျင့်သုံးခြင်းဖြင့် သတင်းကောင်း ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရန် နည်းလမ်းများ ရှာဖွေခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။